အရှေ့ဘက်ကောင်းကင်

# ဘိုးတော်အောင်မင်းခေါင်

နှင့်

# ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်း



ဘုန်းတောဇ

# ပုံနှိပ်မှတ်တမ်း

၂၀၀၃ ခုနှစ် ဇွန်လ ပထမအကြိမ်

ထုတ်ဝေသူ - ဦးအောင်ဝေယံမြင့်ဇော (မြ - ၀၄၁၀၀)
လောဘန်မိုးစာပေ အမှတ် (၂၀၅/က)
ဗိဒေါဘက် (၅)လမ်း ဘုရင့်နောင်ရိပ်သာ
အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး

ပုံနှိပ်သူ - ဦးစည်သူကျော် (မြ - ၀၀၉၈၀)၊
ဝေဘာလ ပုံနှိပ်တိုက်၊ အမှတ် (၁၇)၊
(၅၂လမ်း)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း - ကိုဆေ (Eagle)

ကွန်ပျူတာစာစီ - စာနည်းပေး

အတွင်းဖလင် - ရာဇာမျိုးဝင်း (လမ်း၄၀)

အဖုံးဖလင် - (Eagle)

စာချုပ်ချုပ် - မိုး

အုပ်ရေ - ၁၀၀၀ အုပ်

တန်ဖိုး - ၁၂၀၀ ကျပ်

ဖြန့်ချိရေး - အာရှဘက်ကောင်းကောင်းစာပေ
အမှတ် (၂၀၄)၊ ပထမ လမ်း(၄၀)၊
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့

ဖုန်း ။ ၅၇၃၁၀၁၁၀၀ ၀၉၄ ၂၀၀၅၁ ၃၅၄၊ ၀၄ ; ၄၀၀၄၇၅၀၀

# ဘိုးတော်အောင်မင်းခေါင်

# နှင့်

# ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်း

ဘုန်းတောရ

အရှေ့ဘားဗိုလ်ကောင်းကင်

## မာတိကာ


၁။ ဝိဇ္ဇာဆိုတာဘာလဲ

၂။ ဝိဇ္ဇာ (၅) မျိုး တန်ခိုးအရာ

၃။ မန္တန်ဝိဇ္ဇာမှိုရ်ကြီးများ

၄။ ဂန္ဓာရီ ဝိဇ္ဇာ

၅။ လောကီယဝိဇ္ဇာ

၆။ အရိယာဝိဇ္ဇာ

၇။ လောကီအဘိညာ

၈။ လေးကြိုးမင်းခေါင်

၉။ လက်ဝဲမဟိဒ္ဓိ လက်ယာမဟိဒ္ဓိရှင်ကြီးများ

၁၀။ အထက်တန်းကျ ဝိဇ္ဇာ

၁၁။ ရှင်သောင်းကျော် ဝိဇ္ဇာ မ,ပါလိမ့်

၁၂။ အောင်ဗျာသံ အောင်နိမိတ်ကယ်နဲ့

၁၃။ ပုပ္ပါးအောင်ခေတ်

၁၄။ ပုပ္ပါးဆို တောင်ညိုမြတ် ဆီက
၁၅။ ဝိဇ္ဇာအောင်မြေ
၁၆။ ကပ်ဆယ် မာတ်တည်
၁၇။ ကြာကလပ်မှာ ဆွမ်းတော်တင်
၁၈။ အဘဘိုးမင်းခေါင်၏ ဝိဇ္ဇာသိဒ္ဓိ မဟိဒ္ဓိများ
၁၉။ ပထမံ အထက်ဂိုဏ်းကြီးများ
၂၀။ ကမ္ဘာလုံးဆိုင်ရာ မဟိဒ္ဓိအဖွဲ့
၂၁။ မဟာအံ့တုလ ပုဂ္ဂိုလ်ကြီးများ
၂၂။ မဟာနာယက ပုဂ္ဂိုလ်ကြီးများ (၁၀) ပါး
၂၃။ စူဠနာယက ပုဂ္ဂိုလ်ကြီးများ (၁၂) ပါး
၂၄။ အကျိုးတော်ဆောင် ပုဂ္ဂိုလ်ကြီးများ (၁၂) ပါး
၂၅။ ၉-တိုင်း ၉-ဌာန
၂၆။ မဟိဒ္ဓိအဖွဲ့ချုပ်နှင့် ဘိုးမင်းခေါင်
၂၇။ သိုက်ထွက်တဘောင်
၂၈။ ပါရမီရှင်များ၏ ပွဲကိုင်ဘိုးမင်းခေါင်
၂၉။ အောင်မြေနင်းဂါထာ
၃၀။ အောင်ထူးဆန်း အဖွင့်ဂါထာတော်ကြီး
၃၁။ အောင်ထူးဆန်း ဂါထာတော်
၃၂။ အောင်ထူးဆန်း အပိတ်ဂါထာတော်

အရှေ့ဘက်ကောင်းတင်

# ဝိဇ္ဇာနည်းပြမှန်ပြဆရာတော်ဘုရားကြီး၏
# စိန္တာမယမန္တန်တော်ကြီး

လူပြည်၊ နတ်ပြည်၊ နဂါးပြည် ဗြဟ္မာပြည် သုံးဆယ့်တစ်ဘုံပြည်၌ရှိကြကုန်သော ဗုဒ္ဓ၏ဆံတော်၊ စွယ်တော်၊ အံတော်၊ ညှပ်ရိုးတော် နဖူးသင်းကျစ်တော် သန္ဓိန္နဓာတ် အသန္ဓိန္နဓာတ်တို့သည် ရောင်တော်ပြန် ရောင်တော်လျှံ ရောင်တော်ရှင် နေမိတ္တမြတ်ဘုရားကြီး ပွင့်တော်မူ၍ နတ် သိကြား ဗြဟ္မာ ဝိဇ္ဇာပြည် ရှိကြကုန်သော...။

ဗုဒ္ဓဝိဇ္ဇာ ဓမ္မဝိဇ္ဇာ သံဃာဝိဇ္ဇာ ရှင်ဝိဇ္ဇာ ရသေ့ဝိဇ္ဇာ သူတော်ဝိဇ္ဇာ နတ်ဝိဇ္ဇာ သိကြားဝိဇ္ဇာ ဗြဟ္မာဝိဇ္ဇာ နာနာပုဂ္ဂလဝိဇ္ဇာ ဝိဇ္ဇာဇော်ဂျီ တပသီ ဆရာ့ဆရာဝိဇ္ဇာ ရုပ်နာမ်ဓမ္မ မအို မနာ မသေ မဟိဒ္ဓိ ကုဒ္ဓိ သိဒ္ဓိဝိဇ္ဇာ ရုပ်ရှင်နာမ်ရှင်ဝိဇ္ဇာ သဗ္ဗကုဿာသယဝိဇ္ဇာ စမ်ရှင်ဝိဇ္ဇာ စဖိုရှင်ဝိဇ္ဇာ ဂါထာဝိဇ္ဇာ မန္တန်ဝိဇ္ဇာ အင်းဝိဇ္ဇာ ဆေးဝိဇ္ဇာ ပြဒါးဝိဇ္ဇာ သံဝိဇ္ဇာ ရတနာရွှေငွေ ပတ္တမြား စိန် ကျောက်စိမ်း ပုလဲ ရွှဲရတနာ အစရှိသည့် ရရှောက်သုံးစွဲ လျှူဒါန်းနိုင်သောရတနာ သိဒ္ဓိဝိဇ္ဇာ.......။

သဗ္ဗသိဒ္ဓိလေးကျွန်းဝိဇ္ဇာ ရတနာသိဒ္ဓိထွက်ရပ် အင်းမြတ်ဝိဇ္ဇာ လောကသမုတိအာတုမရှိသော ကြံစည်တိုင်းပြီးမြောက်အောင်မြင်သည့် လောကီယ လောကုတ္တရ စိန္တာမယ မနောမယ အန္တိမသဗ္ဗ ကုဒ္ဓိ သဗ္ဗမဟိဒ္ဓိ သဗ္ဗသိဒ္ဓိ ကုဿာသယ ရုပ်နာမ်ဓမ္မ မအို မနာ မသေ မဟိဒ္ဓိ ကုဒ္ဓိ သိဒ္ဓိဝိဇ္ဇာ.................။

အရှေ့ဘက်ကျောင်းတင်



ဝိဇ္ဇာ မအိုမနာမသေ အရှင်သတ္တရုပ် နာမ်ရောက်သောဝိဇ္ဇာ


ဝိဇ္ဇာ မအိုမနာမသေ အရှင်သတ္တရုပ် နာမ်ဖျောက်သောကဿာသယ ဂုဏ်ပေါင်းခ ကဿာသယ သိဒ္ဓိရ၊ သိဒ္ဓိပေးနိုင်စွမ်းသော ရှိန်းဆာယာ ဖိုလ်မောက် အရှင်ကိုယ်ဖျောက်နိုင်သည့် လောကဓမ္မ သတ္တဝါအနန္တ အကြမ်းအနု သွန်သင်ပြသ ဆုံးမဩဝါဒပေးနိုင်သော ကောင်းကျိုးပေး ကောင်းကျိုးပြုဝိဇ္ဇာ၊ သဗ္ဗသိဒ္ဓိ သမထဝိပဿနာ ဝိဇ္ဇာ ဂန္ဓမာဓနဝိဇ္ဇာ မဉ္ဇူသကဝိဇ္ဇာ သိဒ္ဓိရှင်မှန်ပြုဝိဇ္ဇာ မဂ်ဝိဇ္ဇာ ဖိုလ်ဝိဇ္ဇာ ဈာန်ဝိဇ္ဇာ နိဗ္ဗာန်ဝိဇ္ဇာ ထိုဝိဇ္ဇာအပေါင်းတို့ကို ဝိဇ္ဇာစရဏ သမ္ပန္နောဝိဇ္ဇာပါဘုရား............။

ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါး လောကီယ လောကုတ္တရာရ ဓမ္မမဟိဒ္ဓိ ဓမ္မကုဒ္ဓိ ဓမ္မသိဒ္ဓိ နိဗ္ဗာန်ရောက်ကြောင်း ဝိဇ္ဇာတရားထူး တရားမြတ်အပေါင်းတို့ကို ဟောကြားတော်မူမည့် ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓနာမရုပ် နေမိတ္တရောင်တော်ပြန် ရောင်တော်လျှံ ရောင်တော်ရှင် အဟံဝန္ဒာမိ မံရက္ခတု တေရက္ခတု သဗ္ဗဒါ ပါဘုရား...................။

ဗုဒ္ဓဂုဏော အနန္တော အစိန္တေယျော အပ္ပမေယျော အနန္တော စိန္တာမယ ဝိဇ္ဇာမယ သဗ္ဗညုတ ဉာဏနမော...........။

ဓမ္မဂုဏော အနန္တော အစိန္တေယျော အပ္ပမေယျော အနန္တော စိန္တာမယ ဝိဇ္ဇာမယ သဗ္ဗညုတ ဉာဏနမော...........။

သံဃာဂုဏော အနန္တော အစိန္တေယျော အပ္ပမေယျော အနန္တော စိန္တာမယ ဝိဇ္ဇာမယ သဗ္ဗညုတ ဉာဏနမော........။



အဘဘေအောင်မင်းခေါင်ထွက်ရပ်စခန်းမြန်းမိ
ဝေနေယျပဋ္ဌာန်းဆက်သားသမီးများအတွက်ကိုယ်တိုင်စီရင်ခဲ့သော
အပွင့်စာတော်၊ အကာအကွယ်စာတော်နိမ္မိတအင်းစမတော်ကြီး

အရှေ့ဘက်ကောင်းကင်



# ဝိဇ္ဇာဆိုတာ ဘာလဲ

ဝိဇ္ဇာဟူသော ဝေါဟာရ စကားလုံးအာ ဗုဒ္ဓစာပေကျမ်းမြတ်များနှင့် လောကီဆိုင်ရာကျမ်းများ၌မူ ဝိဇ္ဇာဟူသည်သိခြင်း။ အသိဉာဏ်ပညာ၊ အတတ်ဟုဖွင့်ဆိုထားသည်။ မိမိတို့၏ ပကတိဉာဏ်အရာများဖြင့် ဉာဏ်ကူး၊ ဉာဏ်ဆင့်၊ ဉာဏ်ဖွင့်၊ ဉာဏ်လင်း၊ ဉာဏ်လမ်း ခဲ့၍လက်ခံဆန့်တမ်းရပါမှုကား ဝိဇ္ဇာဟူသော စကားရပ်သည် လောကကို အမှန်သိမြင်သွားပါသော ဉာဏ်(အသိ) ကို

ဝိဇ္ဇာဟူ၍ပင် ဆိုသော်ရပါသည်။ အတ္တ၊ ပရ၊ လောက၊ ဓမ္မအရာသည် လူသာမန်တို့ အတွက်မူ အလွန်တရာပင် နက်နဲသိမ်မွေ့ ညင်သာသော အရာများလည်း ဖြစ်ပါသည်။

စာရေးသူ နားလည်သလောက် ထပ်မံ၍ ဆိုရပါသော် လောက အဝှမ်းရှိ လောကီလူသား အပေါင်း၏ အကျိုးစီးပွား၊ မင်္ဂလာတရား၊ အပြုကောင်းကျိုးတရား ဟူသမျှတို့အား မိမိတို့ မြင်အပ် သိအပ်သော အသိဉာဏ်အရာ၊ အတတ်ပညာ အရာဖြင့် ပြုပြင် ထိန်းသိမ်းဝိုင်းရံစောင့်ရှောက်ခြင်းသည် လောကီဝိဇ္ဇာလမ်း ဖြစ်၍ လောကအကျိုးစီးပွား၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကိုလည်း ဆောင်ရွက်၍ သစ္စာလေးပါး တရားထံ ဦးခိုက်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာသုံးရပ်ကို အားထုတ် ဆောင်ယူ၍ မြတ်သော အသင်္ခတနယ်ပယ်သို့ ကူးမြောက်ရန် ကြိုးစားကြသူများကို လောကုတ္တရာ ဝိဇ္ဇာလမ်းဟု သိရှိကြပါသည်။

ဝိဇ္ဇာ ဟူသည်မှာ နှစ်မျိုးနှစ်စားသော အဓိကတည်ရှိသည်။

အထက်က ဆိုခဲ့သည့် လောက်ကီနယ်ပယ်အတွင်း သတ္တဝါတို့၏ အကျိုးစီးပွား၊ လောကအကျိုးစီးပွားများကို ဆောင်၍ လောကီဝိဇ္ဇာဓရ ဗိဇ္ဇာမယ၊ သမထ ဘာဝနာ ဗုဒ္ဓါနုဿတိ ဘာဝနာဖြင့် အတတ်အသိများ ဖြည့်ဆည်းလျက် သိဒ္ဓိပေါက် မဟိဒ္ဓိပေါက်အောင် သိဒ္ဓိစခန်း မဟိဒ္ဓိစခန်းသို့ ထွက်ရပ်ဝင်ရရန် ထွက်ရာလမ်း ထွက်

ရာစခန်းများအား အားထုတ်ကျင့်ကြံလျက်ရှိကြသော ဂန္ထာရီရဟန်း၊ ရှင်၊ လူပုဂ္ဂိုလ်သူမြတ်များသည် လောကီဝိဇ္ဇာ စာရင်းဝင်များပင် ဖြစ်ပါသည်။

လောကီ လူ့နယ်ပယ်ဖြင့်သော် လည်းကောင်း၊ လောကီလူ့ အရေးကိစ္စတို့အား အတတ်နိုင်ဆုံးရှောင်ကြဉ်လျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လမ်းစဉ်ကိုသာ တစူးတစိုက် ရုပ်နာမ်၊ ပရမတ္ထတရားတို့၏ ဖြစ်မှု ပျက်မှုများအား ကျင့်ကြံကြိုးစား၍ အားထုတ်ကြပါသော ရဟန်း၊ ရှင်၊ လူပုဂ္ဂိုလ်သူမြတ်တို့မှာ လောကုတ္တရာလမ်းဝင် ပုဂ္ဂိုလ်များသာ ဖြစ်ကြပါသည်။

လောကီဝိဇ္ဇာတို့သည် ဘာဝပါရမီ၊ ဆုတောင်း၊ အစဉ်အဆက်တို့ဖြင့် လောကီအကျိုး၊ သာသနာပြု သတ္တဝါကယ် လမ်းစဉ်ဖြင့် တတ်စွမ်းသမျှ အသိအတတ်အရာဖြင့် (သိဒ္ဓိမဟိဒ္ဓိ အရာလည်း ပါဝင်ပါသည်။) လောကအကျိုးစီးပွားတို့အား ဦးတည်ကြသည်။ သံသရာ လွတ်လမ်း မဟုတ်ပါချေ။

လောကုတ္တရာဝိဇ္ဇာကြီးများမှာမူ အတ္တ၊ ပရ၊ လောက၊ ဓမ္မအရာကို မပယ်သော်လည်း အတတ်နိုင်ဆုံး လျှော့နည်းဖြစ်အောင် ပြုမူနေထိုင် ကျင့်သုံးလျက် ခန္ဓာသိ၊ ခန္ဓာဉာဏ်တရားဖြင့် (ရရှိအပ်သော တန်ခိုးသိဒ္ဓိ အရာတို့ကိုလည်း အလိုမရှိပယ်တော်မူ၍) တဖန်ပြန်လည် မဖြစ်တော့သည့် လမ်းကိုသာ ရှေ့ရှုကြလေသည်။ သံသရာ

ဝဲညြယ ကြီးထဲမှ လွတ်အောင် ရုန်းထွက်ကြလေသည်။ ဘဝအသစ် တဖန်ပြန်လည်၍ မဖြစ်ပေါ် လိုကြပါတော့ချေ။ နိဗ္ဗာန်မျက်မှောက်ပြု ပရိနိဗ္ဗာန် စံဝင်လိုကြသည်။

ယင်းတို့ကြောင့် လောကီဝိဇ္ဇာ၊ လောကုတ္တရာဝိဇ္ဇာဟူ၍ ကွဲပြား ခြားနားကြသကဲ့သို့ သမထလမ်း၊ ဝိပဿနာလမ်း ဟူ၍လည်း ကွဲ ပြားကြလေသည်။ ဘာဝနာ၌လည်း သမထဘာဝနာ ဝိပဿနာ ဘာဝနာဟူ၍ အပြားပြား ရှိကြပါသည်။ မိမိတို့၏ ဆုတောင်း အဓိဋ္ဌာန်၊ သစ္စာပန္နက်များအပေါ် အခြေခံလေသည်။ မည်သည့် လောကီဝိဇ္ဇာမိုရ်ရ လောကီဝိဇ္ဇာ ရဟန်း၊ ရှင်၊ လူပုဂ္ဂိုလ်သူမြတ် ဟူသမျှ တို့သည် လောကုတ္တရာဝိဇ္ဇာကြီးများဖြင့် ဂုဏ်ရည်အားဖြင့် သော် လည်းကောင်း၊ သီလ၊ သမာဓိ၊ ပညာအရာ၌သော်လည်းကောင်း၊ နိမ့်ပါးကြလေသည်။ လောကီပညတ် နယ်ပယ်တွင်းမှ လောကုတ္တ ရာ ပရမတ္ထနယ်ပယ်တွင်းသို့ ဝင်ရောက်ပြီးမြောက် သွားကြပါသော လောကုတ္တရာ ဝိဇ္ဇာအရှင်မြတ်ကြီးများမှာမူ မြင့်မားလှပါသည်။ အရိယာဝိဇ္ဇာများဟူ၍ လည်းကောင်း သမုတ်ခေါ် ဆို ကြပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည်ပင် လောကုတ္တရာ အရိယာဝိဇ္ဇာထူးကြီး တစ်ပါး ဖြစ်ပါသည်။

လောကီဖြင့် ဆက်နွယ်သော မည်သည့် လောကီဝိဇ္ဇာမိုရ်ရ ဝိဇ္ဇာ ရှစ်သောင်း ရသေ့ရှစ်သောင်းမဆို လောကုတ္တရာ ပရမတ္ထနယ်သို့ ကူးပြောင်းဝင်ရောက်၍ သွားကြပါသော လောကုတ္တရာ အရိယာ

ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးများအား ကြည်ညိုစွာ ဦးခိုက် ကန်တော့ကြရပါသည်။

ယင်း အရိယဝိဇ္ဇာထူးကြီးများသည် အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာအပေါင်းအား ဆိုခြင်း ဖြစ်သကဲ့သို့ သစ္စာလေးပါး ဆိုက်ရောက်သော ပုဂ္ဂိုလ်ထူးကြီးများလည်းဖြစ်သည်။



## ဝိဇ္ဇာ (၅) မျိုး တန်ခိုးအရာ

အမိက ဝိဇ္ဇာ (၅) မျိုးသာလျှင် ရှိကြပါသည်။ ကျန်သောလောကီဝိဇ္ဇာခရေ၊ ဝိဇ္ဇာစခန်း၊ ဝိဇ္ဇာလမ်းတို့၌မူ ဝိဇ္ဇာနယ်ပယ်သို့ ဝင်ရောက်၍ လောကီဝိဇ္ဇာခရေ အသိအတတ် မျိုးစုံဖြင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးကြီးများ၊ ဝိဇ္ဇာဓိုရ် ဝိဇ္ဇာကြီးများမှ အမျိုးမျိုးအစားစား ရေတွက်မရအောင် တည်ရှိနေကြပါသည်။ စာရေးသူတို့ လူသာမန်များ အလွယ်တကူ သုံးနှုန်းခေါ်နေကြပါသော ဝိဇ္ဇာရှစ်သောင်း

ဆရာပေါင်းတို့လည်း ဖြစ်ကြပါသည်။ သို့သော်–အထက်က ဆိုခဲ့ပါသလို အမိက ဝိဇ္ဇာ ဟူသည်မှာ (၅) မျိုးသာ တည်ရှိလေသည်။

ယင်းတို့အထဲတွင်မှ ဆိုင်ရာ အသိ၊ အတတ် ပညာများ၊ သီလ သမာဓိ ပညာဖြင့် သိဒ္ဓိအရာ၊ မဟိဒ္ဓိအရာ၊ လောကီဝိဇ္ဇာရေ ဝိဇ္ဇာမယ၊ သိဒ္ဓိလမ်း မဟိဒ္ဓိလမ်းစဉ်တို့တွင် ဝိဇ္ဇာ စာရင်းဝင်၍ အကျင့်စခန်း၊ ပါရမီစခန်းစဉ်အား ကျင့်သုံးအားထုတ်လျက် သတ္တဝါ ကယ် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက် ထွက်ရပ်လမ်း၊ ဝင်ပါက မိမိတို့၏ အသိ အတတ် သိဒ္ဓိအရာ မဟိဒ္ဓိအရာဖြင့် သိဒ္ဓိရှင် မဟိဒ္ဓိရှင် ဘွဲ့ခံယူအပ်နှံခြင်းခံရပြီး သက်ဆိုင်ရာ သာသနာ ပြုလုပ်ငန်းများ သတ္တဝါကယ်၊ ပါရမီလုပ်ငန်းများ၊ လောကကြီးအတွင်း သူနေရာဆိုင်ရာ ဒေသမြို့ရွာနယ်ပယ်အလိုက် ဆောင်ရွက်ကြပါ သည်။

အမိကမှာ ရှေး ဘုရားအဆူဆူ ပွင့်တော်မူစဉ်ကပင် တိဂ်ပြုပ် ပျောက်ကွယ်လျက်ရှိကြပါသော ဗုဒ္ဓပန္နက်၊ ဓမ္မပန္နက်၊ သံဃပန္နက် များ ပြန်လည်ဖွင့်ဖော် တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်း ကာကွယ်ခြင်း၊ အမျိုးဘာသာ၊ သာသနာအား တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်ကြခြင်း၊ ရတနာသုံးပါး ဂုဏ်ယုံ၍ သီလ အပေါင်းအား မကျိုးမပေါက်၊ မပျောက်မကြားရအောင် တတ်စွမ်း နိုင်သမျှ ထိန်းသိမ်းခြင်း၊ ပါရမီဆက်၊ ဘုန်းကံဆက်၊ သာသနာပြု

ဆက် ရှိကြသော ပဋ္ဌာန်းသွေးဆက် ဝေနေယျများထဲမှ စစ်မှန်သော ပါရမီရှင်တို့အား ရွေးချယ်ဖော်ထုတ်လျက် သာသနာပြုနိုင်ရန် နှိုးဆော်စေညွှန်ခြင်း အစရှိသော အတွင်းလုပ်ငန်းစဉ်ဆိုင်ရာ မူဝါဒ ဆိုင်ရာများ ဆောင်ရွက်ကြရလေသည်။ အထက် ပါရမီလုပ်ငန်းများ အား တစ်ဆင့်ထက် တစ်ဆင့် ကျင့်သုံးဆောင်တည် အားထုတ်ကြ ရသည်။

အထက်က ဆိုခဲ့ပါသော ဝိဇ္ဇာ (၅) ပါးတို့မှာ...

## ဝေဒဝိဇ္ဇာ

ဝေဒဝိဇ္ဇာ ဖြစ်သည်။ သို့သော် ယင်းဝေဒဝိဇ္ဇာဟူသည်မှာ သာမဗေဒင်၊ ယဇုဗေဒင်၊ ဣရုဗေဒင် အာသဗ္ဗဗေဒင် ဟူသည့် ဗေဒင်အတတ် လေးမျိုးတို့ကို တတ်မြောက်သော်လည်း ဝေဒဝိဇ္ဇာ ဟုခေါ်တွင်သလို စာရင်းလည်းဝင်ပေသည်။ ရှေးကပေါ်ပေါက်ခဲ့ သည့် လောကီဗေဒင်ကျမ်းကြီးများဖြစ်၍ နက်နဲလှို့ဝှက် ကျယ်ပြန့် သည်ဟု ဆိုရပါပေမည်။ ခေတ်အဆက် ရှေးမင်းညီမင်းသား၊ ရှင် ဘုရင် ရာဇဖွားတို့အဆက်ဆက် ကျမ်းကျင်နှံ့စပ်စွာ တတ်မြောက် ကြရပါသော ဝေဒပညာများ ဟုလည်း ဆိုကြသည်။

သို့သော် ယနေ့ မျက်မှောက်ခေတ်တွင်မူ မဟာဘုတ်မျှသာ တတ်သူ၊ အောင်လံထူ စစ်သူကြီးမျှသာ လောကီကျမ်းအချို့မှ ထုတ်

နှုတ်ရေးသား ဖော်ပြကြသူ လူအများအား ဟောကြား ပြသနေသူ များမှာလည်း ဝေဒဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ ဟူ၍ ဘွဲ့အထူးထူး တပ်ဆင် ကြပါသည်။ အမြင်မတင့်တယ်ရာ ဖြစ်နေပါသည်။

ဝေဒဝိဇ္ဇာ ဟူသည်မှာ ကမ္ဘာပေါ်ရှိ ဝေဒကျမ်းပညာ၊ ဗေဒပညာ အလုံးစုံတို့အား မျက်တောင်တစ်ခတ် လျှပ်တပြက်မျှအတွင်း ထုံးလို ချေ ရေလိုနှောက်၊ ချောက်ခြားနိုင်စွမ်းရှိသူ၊ ထိုးသွင်းသိမြင် တတ် မြောက်နိုင်စွမ်း ရှိသူများမှသာလျှင် ဝေဒဝိဇ္ဇာ စာရင်းဝင်ပေလိမ့် မည်။

ဝိဇ္ဇာ ဟူသည်ကပင် အလုံးစုံသော အသိဉာဏ်ပညာ၊ အတတ် ပညာ အရာ၌ တစွန်းတစ မခြွင်းမချန်ရပါဘဲ ပါရမီ အထုံအဆက် ဇွဲလုံ့လ၊ ဝီရိယ တို့ကူထောက်လျက် ထိုးသွင်းသိမြင်နိုင်စွမ်းသော တတ်မြောက်သော ပါရမီရှင် ပုဂ္ဂိုလ်များကိုသာ ခေါ်ဆိုခြင်း ဖြစ် ပါသည်။

## မန္တဝိဇ္ဇာ (မန္တန်ဝိဇ္ဇာ)

မန္တန်ဝိဇ္ဇာ ဟူသည်မှာ လောကကြီးအတွင်း၌ ပေါ်ပေါက်ခဲ့ကြပါသော အမျိုးစုံသော လက္ခဏာကျမ်းများ၊ နိမိတ်ကျမ်း၊ နက္ခတ်ကျမ်းများနှင့် အလုံးစုံသော သိဒ္ဓိပေါက်ဂါထာ၊ မန္တရားကျမ်းများ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း အစရှိသော လောကပညာ၊ လောကီပညာဖြင့် ဆက်နွယ်ပတ်သက်ရာ လူအများခေါ်တွင်နေကြပါသော လောကီပညာ အမည်ရသည့် အတတ်ပညာရပ် ဟူသမျှတို့ တတ်ကျွမ်းသူတို့သည် မန္တဝိဇ္ဇာ စာရင်းဝင်လေသည်။ တချို့သောသူများကမူ မန္တာန်ဝိဇ္ဇာ ကြီးများ ဟုလည်း ခေါ်ဆိုကြပါသည်။

ယင်း မန္တဝိဇ္ဇာ စာရင်းဝင်သူသည် ဂန္ဓာရီဝိဇ္ဇာစာရင်းလည်း ပေါက်လေသည်။ ဂန္ဓာရီဝိဇ္ဇာ အတတ်ပညာ၌မူ ဂန္ဓာရီဝိဇ္ဇာ (၃) မျိုးရှိသည်။ ယင်းမှာ မန္တဝိဇ္ဇာ၊ ဩသဓဝိဇ္ဇာ၊ ဓာတုဝိဇ္ဇာ ဟုလည်း သိထားကြ ခေါ်ဝေါ်ကြသည်။ ယင်း ဂန္ဓာရီဝိဇ္ဇာတို့ တတ်မြောက်

ပိုင်နိုင်အပ်သော ဝိဇ္ဇာအတတ် (၃) မျိုးမှာ၊ မူလဂန္ဓာရီ ဝိဇ္ဇာပညာမှ လာခြင်း ဖြစ်ပါသည်။

ဂန္ဓာရီဝိဇ္ဇာလမ်းစဉ်မှ အခြား ဩသဓဝိဇ္ဇာ (ဗေဒဝိဇ္ဇာ) ဓာတုဝိဇ္ဇာ (ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ) အတတ်ပညာရပ်များမှာမူ အခြားသော လက်ခွဲ၊ လက်သန်း၊ ပညာအတတ်များ ဆင့်ပွားခွဲထွက်ခြင်း၊ သိပ်မရှိလှပါသော်လည်း မန္တဝိဇ္ဇာ လမ်းစဉ်တွင်မူ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့ ဟူသော အကိုင်းအခက်ပညာများ ဆင့်ပွားဖြာထွက်လာသည်။ ဆိုရပါသော် မန္တာန်ဝိဇ္ဇာ စာရင်းဝင် အတတ်ပညာရပ်များသာ ဖြစ်သည်။ ဂန္ဓာရီ ပညာရပ်များ၌မူ မန္တာန်ဟူသည့် မန်းမှုတ်သော အတတ်ပညာဟု အနက်ဖွင့်ကြပါသည်။ ရွတ်ဆိုရသော အရာလည်း ဖြစ်ပါသည်။

ထေရဝါဒလာ ပရိတ်၊ ပဋ္ဌာန်း၊ ဂါထာ၊ ပဋ္ဌာန်းကြီးအား ရွတ်ဖတ်သရဇ္ဈာယ် ရပါသောကြောင့် တချို့သောပညာရှိ ပညာရှင်တို့က မန္တာန်တော်မြတ်ကြီးများဟု ဆိုကြပါသည်။

လောကီအကျိုးစီးပွားနှင့်ယှဉ်၍ သိဒ္ဓိလမ်းစဉ် မဟိဒ္ဓိလမ်းစဉ်တို့တွင် မိမိတို့ ခလေ့ထုံးရာ ဂါထာတော် မန္တန်များအား ရွတ်ဖတ် မန်းမှုတ်လျှင်ပင် မန္တာန်အဖြစ် ပြောင်းလဲသွားတတ်သည်။ ရှားပါးလျှို့ဝှက်သော ဂါထာမန္တန် ကျမ်းများလည်း ရှိသည်။ ရှေးနန်းစဉ်သုံး ဂါထာမန္တန်ကျမ်းလည်း ရှိလေသည်။

ဗုဒ္ဓစာပေကျမ်းဖြတ်များမှ လာရှိသော ထင်ရှားသည့် မန္တန်အချို့မှာ ဆဝသီသမန္တာန် သဗ္ဗဂုတ ဝိဇာနာနမန္တန်၊ နာရပဿ မန္တန်၊ မတုဋ္ဌာပနမန္တန်၊ မာရဝိဇယမန္တန်၊ အာယုဒီဃမန္တန် အစရှိသဖြင့် မန္တာန်များ မြောက်များစွာရှိသည်။ အလွန်အစွမ်းထက်လေသည်။

မန္တန်အတတ်ပညာဖြင့် မန္တန်ဝိဇ္ဇာဓိုရ်များအဖြစ် ခြေလျှိုးမိုးပျံနိုင်ကြပါသော ပုဂ္ဂိုလ်များလည်းရှိသည်။ ယနေ့တိုင်လည်း မန္တန်ဝိဇ္ဇာဓိုရ် ထွက်ရပ်လမ်းအား ကျင့်သုံးလျက်ရှိကြသော ဂန္ဓာရီဝိဇ္ဇာများလည်း ရှိပေသည်။ ထင်ရှားသော မန္တန်များအပြင် လောကီမန္တန်များ မြောက်များစွာရှိသည်။



## ဂန္ဓာရီဝိဇ္ဇာ

ဆေးအတတ်၊ အင်း၊ ပြဒါး၊ သံ အတတ်ပညာတို့ဖြင့် ထူးချွန်ရင့်မာ၍ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာဟူ၍ လောကီဝိဇ္ဇာအရ ကျမ်းများတွင် လာရှိသော သိဒ္ဓိပေါက်ပြီးသော ဝိဇ္ဇာကြီးများလည်း ဖြစ်ကြပါသည်။ သိဒ္ဓိ (၁၀) ပါး၌ ပါဝင်သော မနေသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိမျိုးအား ပေါက်ရောက်ကြသဖြင့် နတ်၊ သိကြားတို့၏၊ တန်ခိုးအရာ၊ အဘိ

ဉာဉ်ဓာန်ခိုးတို့ဖြင့် အလားတူ အဆင့်တူ ဖန်တီးတတ်စွမ်းနိုင်ကြသော ဝိဇ္ဇာအမျိုးမျိုးမှာ ဂန္ဓာရီဝိဇ္ဇာ ဖြစ်လေသည်။

ဂန္ဓာရီဝိဇ္ဇာကြီးများသည် မြေလျှိုမိုးပျံ စွမ်းနိုင်ကြလေသည်။

အထူးထူးသော ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်မှစ၍ လက်နက်ကိုင် စစ်သည် ဗိုလ်ပါအလုံးစုံတို့အား ချောက်ခြားအောင် ဖန်တီးပြသနိုင်ကြသော ဝိဇ္ဇာမယ ဣဒ္ဓိတန်ခိုးအရာတို့အား ပြီးမြောက်စေပါသည်။ လောကီကျမ်းများ၌မူ ဂန္ဓာရီအမျိုးမျိုး ကွဲပြားကြပါ သေးသည်။

ဇနပဒဂန္ဓာရီ၊ စူဠဂန္ဓာရီ၊ နိမိတ္တဂန္ဓာရီ၊ မဇ္ဈိမဂန္ဓာရီ၊ မဟာဂန္ဓာရီ အစရှိသဖြင့် ဂန္ဓာရီလုပ်ငန်းများ ကျင့်စဉ်များလည်း ကွဲပြားခြားနားကြလေသည်။ အဓိကမှာမူ မဟာဂန္ဓာရီ အတတ်ပညာကြီး၏ ဆင့်ပွားဖြစ်ထွက် လာသော သေးငယ်သည့် ဂန္ဓာရီ အတတ်များဟုဆိုလျှင် ရနိုင်ပါသည်။ မူလဂန္ဓာရီပညာမှာမူ မြင့်မားလှပါသည်။ ယင်းသို့ကြောင့် လည်း မဟာဂန္ဓာရီဟု သတ်မှတ်ခြင်း ဖြစ်ပေသည်။ တော်တန်ရုံ မျှ သီလ၊ သမာဓိ၊ ပညာဖြင့် ဂန္ဓာရီဝိဇ္ဇာလမ်း မဝင်နိုင်ပါချေ။

ရတနာသုံးပါး၏ ဂုဏ်တော်၊ ဂါထာ၊ ပရိတ်တော်တို့အား အပွမာဒ ကိုယ်၌ခြံစေလုံစေ၍ တန်ခိုးအရာကြီးသော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခ၊ ကမ္ဘ၊ ပမ္ဘ နတ်တို့ကိုလည်းကောင်း၊ မန္တရား၊ အင်း၊ အိုင် အလုံးစုံတို့အား အုပ်စိုးသော ဒေဝနတ်တို့အား

လည်းကောင်း၊ သိုက်သမိုင်းဝင် ဆေးပင်မျိုး ကျောက်ဆစ်မျိုးစုံအား အုပ်စိုးသည့် ဩသဓိဒေဝနတ် စသည့် အလုံးစုံသော နတ်ဒေဝ အပေါင်းတို့ကို မေတ္တာချို၊ မေတ္တာလုံစေ၍ သနားချစ်ခင် ကြည်ညို လေးစားအောင် ကျွမ်းဝင်ရင်းနှီးအောင်လည်း ဆောင်ရွက်ရလေ သည်။

ဖော်ပြပါ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ ပဗ္ဗကဋ္ဌ အလုံးစုံသော နတ်အမျိုးမျိုးသည် ကမ္မဝိပါကဇိဒ္ဓိ (ကံကြောင့် ဖြစ်သော တန်ခိုးအမျိုးမျိုး) ရှိသည်ဖြစ်၍၊ ဂန္ဓာရီဝိဇ္ဇာ ပုဂ္ဂိုလ်တို့ ပိုင်ဆိုင်သော ဝိဇ္ဇာမယ တန်ခိုးသည် ယင်းနတ်မျိုး အပြားပြားအား ချွန်နိုင်၊ အကူအညီတောင်းနိုင်၊ ဖယ်ရှားနိုင်သည်ဖြစ်၍၊ လွှမ်းမိုး နိုင်သော အစွမ်းသိဒ္ဓိရှိသည်ဖြစ်၍၊ နတ်အပေါင်း မနှဲလိုရှိကြသဖြင့် အန္တရာယ်ကြုံတွေ့ရတတ်လေသည်။ အနှောင့်အယှက် အဖျက်အဆီး များ မြောက်မြားလှပါသည်။

ယနေ့မျက်မှောက် မြို့ရွာများ၊ တောစခန်း၊ တောင်စခန်း ဘုရား စေတီ၊ ကျောင်းစခန်း အများ၌ အသွင်သဏ္ဌာန်မျိုးစုံဖြင့် လှည့်လည် သွားလာ ကျင့်ကြံအားထုတ်နေသည့် ရဟန်းရှင် လူပုဂ္ဂိုလ်သူမြတ် အချို့အား တွေ့မြင်ကြရဖူးပေမည်။ စူဠဂန္ဓာရီ ဇနပဒဂန္ဓာရီ သမား များသာ များပြားလှပေသည်။

မဟာဂန္ဓာရီပုဂ္ဂိုလ်ကြီးများ မဟုတ်ကြချေ။



## လောကီယဝိဇ္ဇာ

လောကီယ ဝိဇ္ဇာကြီးများ ဟူသည် လောကကြီးအတွင်း လောကီ နယ်ပယ်ကြီးအတွင်းရှိ ပါရမီ လုပ်ငန်းစဉ်အသီးသီးတို့အား ဖြည့်စွမ်း လျက် လောကီဖြင့် ပတ်သက်သော အသိဉာဏ်ပညာ၊ အတတ် ဟူသမျှ တို့အား သာသနာပတွင် သရဘင်၊ သုနေတ္တ၊ အရက အစရှိသည့် ရသေ့ဆရာကြီး တို့လည်း ကသိုဏ်းဈာန်တို့ကို ကျွမ်းကျင် တတ်မြောက် ရရှိအပ်၊ နိုင်နင်းအပ်ပြီးနောက် အလုံးစုံသော လောကီ

ပညာအပေါင်းနှံ့စပ်၍ ဣက္ကဒွိဝိဇ္ဇာအဘိညာ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ယထာကမ္မူပက၊ အနာဂတံသ အဘိညာ ဟူသော အဘိညာဝိဇ္ဇာ ပုဂ္ဂိုလ်ကြီးများအားဆိုသည်။

လောကီသမထနယ်ပယ်တွင် သမထ (၄၀) နည်း၊ ကသိုဏ်း (၄၀) ဟူ၍ လာရှိပါသည်။

ထိုလောကီအဘိညာ ဝိဇ္ဇာကြီးများသည် ဘုရား၊ ပစ္စေက ဗုဒ္ဓါ အရိယာသာဝကတို့ဖြင့်လည်း ဆက်ဆံကြသလို အရိယာဝိဇ္ဇာပုဂ္ဂိုလ် ထူးကြီးများသာ ပိုင်ဆိုင်၍ ရောက်ရှိအပ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာ ရှစ်ပါး အတွင်း၌လည်း ပါဝင်ပါသည်။



## အရိယဝိပဿာ

အရိယဝိပဿာ ဆိုသည်မှာကား အနိစ္စဝိပဿာ၊ ဒုက္ခဝိပဿာ၊ မဂ္ဂဝိပဿာ၊ ဖလဝိပဿာ တို့ပင်ဖြစ်ကြ၍၊ မမြဲခြင်း အကြောင်းအကျိုးတရား၊ ဆင်းရဲခြင်း အကြောင်းအကျိုးတရား၊ မတည်မြဲခြင်းအကြောင်းအကျိုးတရားတို့အား ပိုင်းခြားထင်ထင် မျက်မှောက်သိမြင်၍ မဂ်ဖိုလ်တရားထူးများအား ထိုးသွင်းသိမြင် ပေါက်ရောက်သွားကြပါကုန်သော ဝိပဿာ ပုဂ္ဂိုလ်ထူးကြီးများလည်း ဖြစ်ကြပါသည်။

အရှေ့ဘက်ခေါင်းကင်

ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ စသော သစ္စာလေးပါး တရားတို့ အား ထိုးထွင်းသိမြင်ကြသူများဖြစ်သည် ဟုလည်းဆိုရပါ သည်။ ဤအရိယပိဋ္ဋကာများသည် သာသနာတော်အတွင်း၌သာ ပေါက် ရောက်အောင် ကြံဆောင်နိုင်ကြပါသည်။

သာသနာပ၊ အခါကာလတွင်ကား ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့ကို ချန်ထား၍ တစ်ပါးသော လူ၊ နတ်၊ ဗြဟ္မာ ပေါက်ရောက် အောင်ကြံဆောင် အားထုတ်နိုင်သော အခွင့်မရှိပါချေ။ သာသနာ (၅၀၀၀) ဟူသော သမယသည် အရိယပိဋ္ဋကာတို့ ထွက်လမ်းဝင်ရန် အခါသမယ လည်း ဖြစ်ပါသည်။ ဤ အရိယပိဋ္ဋကာကို ပေါက်မြောက် အောင်မြင် ရန် ကျင့်ကြံ ကြိုးကုတ် အားထုတ်ခွင့်ရသော အားထုတ် နိုင်သော သူမှသာလျှင် ဘုရားကိုတွေ့မြင်ဖူးမြော်ရသောသူ ဘုရား သာသနာကို တွေ့ကြုံရသောသူ ဟူ၍ဆိုလေသည်။



## လောကီအဘိညာ

လောကီယဝိဇ္ဇာကြီးများဟု စာရေးသူတို့ သိထားကြပါသော ထွက်ရပ်ဝင် ထွက်ရပ်ပေါက် ဝိဇ္ဇာရှစ်သောင်း ရသေ့ရှစ်သောင်း ပုဂ္ဂိုလ်ထူး များမှာလည်း အထက်က ဆိုခဲ့သလို လောကီဝိဇ္ဇာရေ ဝိဇ္ဇာမယ အသိအတတ်တို့အား ထုံလိုမြေ၊ ရေလိုနှောက် ချောက်ချား နိုင် တတ်မြောက်ကျွမ်းကျင် ပိုင်နိုင်ကြ၍ လောကီယ ဝိဇ္ဇာဓိုရ်ကြီး များအဖြစ် ခံယူကြ အသိအမှတ်ပြုကြခြင်း ဖြစ်ပါသည်။

မိမိတို့၏ ပါရမီအလေ့အထုံများစွာဖြင့် လောကီသိဒ္ဓိစခန်း

မဟိဒ္ဓိစခန်းများတွင် သမထ ဘာဝနာ၊ ကသိုဏ်းဘာဝနာ အပြားပြားတို့အား နိက္ခမပါရမီတို့ဖြင့် စဉ်ဆက်မပြတ် ရတနာသုံးပါး ဂုဏ်ယုံ၍ အားထုတ်ကြရခြင်းဖြစ်ပါသည်။ သိဒ္ဓိစခန်း မဟိဒ္ဓိစခန်းများကို အဆင့်ဆင့်တက်လှမ်းပြီးမြောက်၍ ရရှိပိုင်ဆိုင်အပ်သော သိဒ္ဓိမဟိဒ္ဓိများကို အောက်၌ဖော်ပြပေးလိုက်ရပါသည်။

## သိဒ္ဓိ (၁၀) ပါး

မနသိဒ္ဓိ [ရွှေ၊ ငွေ၊ ရတနာတို့ကို ပြုလုပ်နိုင်စွမ်းရှိခြင်း]

အာယုသိဒ္ဓိ [သက်တမ်းအား ငါးရာ၊ တစ်ထောင် စသည်ဖြင့် ရှည်အောင် ဆောင်ရွက်နိုင်ခြင်း]

စိန္တာမယသိဒ္ဓိ [သူတစ်ပါးတို့၏ မနောစိတ် အတွေးအကြံဟူသမျှအား ကြိုတင်သိစွမ်းနိုင်ခြင်း]

အဟာရသိဒ္ဓိ [အစာအာဟာရ မမှီဝဲမစားသုံးဘဲ နှစ်ရာထောင်ချီ နေနိုင်ခြင်း]

ကာယသိဒ္ဓိ [ဓား၊ လှံ၊ သေနတ်၊ အမြောက်၊ လက်နက်မျိုးစုံဖြင့် နှိပ်စက်သော်လည်း မထိမရှမသေခြင်း]

ဣဒ္ဓိဝိဓသိဒ္ဓိ [အထူးထူးသော အရာဟူသမျှ ဖန်ဆင်းနိုင်ခြင်း]

အာရောဂျသိဒ္ဓိ [အနာရောဂါ အပေါင်း မနှိပ်စက်နိုင်ခြင်း]

ပထဝီသိဒ္ဓိ [လိုရာအရပ်သို့ မြေကြောအားရှုံ၍ လျှပ်တပြက် ရောက်နိုင်သွားနိုင်ခြင်း။

အာကာသသိဒ္ဓိ [မြည်မျှကျယ်သော ရေပြင်ဖြစ်စေ ရေပေါ်မြေ အမှတ်ဖြင့် သွားလာနိုင်ခြင်း] ဟူ၍ ဖြစ်ပါသည်။

ယင်းသိဒ္ဓိဆယ်ပါးတို့အား ဂန္ဓာရီကျင့်စဉ်များဖြင့် ရရှိအပ်ပေသည်။

သိဒ္ဓိ (၁၀) ပါးပြည့်စုံပြီးမြောက်သွားကြပါကုန်သော လောကီယ ဝိဇ္ဇာဓိုရ်ကြီးများ ဝိဇ္ဇာပုဂ္ဂိုလ်ထူး အမျိုးမျိုးတို့ ပိုင်ဆိုင်ရအပ်သော ကသိုဏ်းစျာန်သာမက ဘာဝနာ အဖြာဖြာဖြင့် ရရှိအပ်သည့် လောကီ အဘိညာဉ်တို့မှာမူ...

ဣဒ္ဓိဝိဓဉာဏ် - အထူးထူးအပြားပြားသော တန်ခိုးတို့ဖြင့် ဖန်ဆင်းခြင်း စသော။

ဒိဗ္ဗစက္ခုဉာဏ် - နတ်တို့၏ မျက်စိကဲ့သို့ အဝေးအနီး အသေး အကြီးစသည့် အရာဝတ္ထု အမျိုးမျိုးတို့အား မြင်နိုင်စွမ်းခြင်း။

ဒိဗ္ဗသောတဉာဏ် - နတ်တို့၏ နားကဲ့သို့ အပိတ်အပင် အဆီး အတားမရှိ အရာရာ ကြားနိုင်သော အစွမ်း ရှိခြင်း။

စေတောပရိယညာဏ် - သူတစ်ထူးတို့၏ စိတ်အကြံအစည်ကို သိနိုင်စွမ်းခြင်း။

ပုဗ္ဗေနိဝါသညာဏ် - ရှေးရှေး (အတိတ်) ဘဝတို့က ဖြစ်ပျက်တွေ့ကြုံခဲ့ရသည်ကို ပြန်လည် အောက်မေ့နိုင်သော ညာဏ်

ယထာကမ္မုပဂညာဏ် - မိမိတို့ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိစွမ်းနိုင်သော ညာဏ်

အနာဂတံသညာဏ် - အနာဂတ်အဖို့ အကြောင်းခြင်းရာ ဟူသမျှအား ကြိုတင်၍ သိစွမ်းနိုင်ခြင်း အစရှိကုန်သော ထင်ရှားသည့် အသိညာဏ်အရာများကို လောကီယဝိဇ္ဇာတိုင်း ရရှိပိုင်ဆိုင် ကြလေသည်။ လောကီအရာ၌ အမြင့်ဆုံး ညာဏ်ထူးကြီးများလည်း ဖြစ်ကြပါသည်။ ပါရမီရင့်မာများကဲ့သို့ မဆုတ်မနစ် မတွေမဝေဘဲ ကျင့်ကြံအားထုတ်ကပါက ရရှိနိုင်ကြလေသည်။



## သာသနာတွင်း သာသနာပ ထွက်ရပ်ပေါက်
## ဝိဇ္ဇာဓိုရ်ကြီးများ

စာရေးသူတို့ ရှေးအစဉ်ဆက် မိဘဘိုးဘွားများ ရှေးမင်းစဉ်မင်းဆက် အဆက်ဆက်တို့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်စိုးစံခဲ့ကြသော မရေမတွက်နိုင်သည့် ကာလအပိုင်းအခြား၊ လောကီပညာရပ်များသည် ပေါ်ပေါက်ထွန်းကားခဲ့လေသည်။ ရှေးမင်းစဉ်

မင်းဆက် အဆက်ဆက်နှင့် ဗုဒ္ဓဘာသာ မြန်မာပြည်တွင် လောကီပညာရပ်များဖြင့် မလွတ်ကင်းခဲ့ကြချေ၊ တတ်မြောက်ကျွမ်းကျင် သုံးစွဲခဲ့ကြသည်ပင် ဖြစ်ပါသည်။ ယုံကြည်အားထားခဲ့ကြသည်။

မည်သည့်အတွက်ကြောင့်ဆိုသော် လောကတွင် အကျိုးစီးပွားအောင်မြင်ဖြစ်ထွန်းရာ၊ လောကီပညာများဖြစ်၍ ယုံကြည်ကြသက်ဝင်ကြ၊ အားကိုးအားထားပြုခဲ့ကြလေသည်။ လောကီဝိဇ္ဇာမရေဝိဇ္ဇာမယ ပညာရှိ၊ ပညာရှင် အကျော်အမော်ကြီးများ မှလည်း ထိုးသွင်း ရှာဖွေ ဖော်ထုတ်၍ ပြုစုခဲ့ကြပါသည်။ လောက အကျိုးပြုပညာများလည်း ဖြစ်ပါသည်။ အလွန်ဘာရာ လျှို့ဝှက်သိမ်မွေ့ နက်နဲကျယ်ပြန့်သော သဘောတိုဆောင်သည်။ တော်တန်ရုံ အကျင့်၊ သီလ၊ လုံ့လ၊ ဝီရိယများဖြင့်လည်း တတ်မြောက် ကျွမ်းကျင်ရန် ခဲယဉ်းပါသည်။ ပါရမီ (၁၀) ပါးဖြည့်စွမ်းရသည်။ သူတော်ကောင်း တရား (၇) ပါးလက်ကိုင်ထားရသည်။ သီလ၊ သမာဓိ၊ ပညာမျှတစွာ သုံးစွဲရသည်။ နိက္ခမတရားများ ရင့်သန်ရလေသည်။

ထို့ကြောင့်လည်း တတ်သာတတ် မမြတ်သော ပုဂ္ဂိုလ်များလည်း ရှိခဲ့သည်။

သိသာသိ မရှိသော ပုဂ္ဂိုလ်များလည်း ရှိခဲ့သည်။

ကျော်သာကျော် မတော်သော ပုဂ္ဂိုလ်များလည်း ရှိပေသည်။

စွန့်သာစွန့်ပြား မဝံ့ခြားနိုင်သော ပုဂ္ဂိုလ်များလည်း ရှိခဲ့ကြမည်မှာ သေချာလှသည်။

ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်းများကား အပြောလွယ်သလောက် အမှန်တကယ် ပေါက်မြောက်အောင်မြင်နိုင်ရန် မလွယ်ကူလှပါချေ။ ပုတီးပေါက်၊ ဂါထာပေါက်ဖို့ရန်ပင် တော်ရုံ အဓိဋ္ဌာန်ပါရမီဖြင့် မဖြစ်နိုင်ပါ။ ရှေးဘုန်း ရှေးကံ အထောက်အပံ့ကောင်းလျှင်မူ ပါရမီ အထုံအဆက် ရင့်မာမှုအရ ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်းများသည် နည်းမျိုးလမ်းမှန် ပဋ္ဌာန်းမှန်၍ စခန်းလည်း မှန်နိုင်ကြပေသည်။

အများစုက လွယ်ကူစွာပင် ဝိဇ္ဇာရှစ်သောင်း ရသေ့ရှစ်သောင်း ဟု ပြောဆိုသုံးနှုန်းလေ့ရှိကြပါသည်။ ယင်းအခေါ်ဝေါ် အသုံးအနှုန်းမှာ စာပေကျမ်းများမှ လာသည်။ လောကီဝိဇ္ဇာရေဝိဇ္ဇာမယ အသိဉာဏ်၊ အတတ်ပညာများ သိဒ္ဓိလမ်း မဟိဒ္ဓိလမ်းတွင်လည်း သုံးစွဲကြပါသည်။ အချို့သော ပါရမီရှင် (၇) ရက်သားသမီးအပေါင်းမှာ သိရှိကြသူ နည်းပါးလွန်းလှပါသည်။ စာပေကျမ်းများအရမူ ဘုရားရှင်တစ်ဆူ (သမ္မာသမ္ဗုဒ္ဓ) ပွင့်တော်မူပါသော် သာသနာတွင် သာသနာပ ကာလများတွင် ဝိဇ္ဇာရှစ်သောင်း (၈၀၀၀၀) တိတိတို့ ထွက်ရပ်လမ်းဝင် ထွက်ရပ်ပေါက်ကြသည်ဟု ဆိုပါသည်။

စာရေးသူတို့ မှီခိုရာ ဘဒ္ဒကမ္ဘာ ဟူသည်မှာ ဘုရား (၅) ဆူ တိတိ ပွင့်ထွန်းပေါ်ပေါက်ရမည့် ကမ္ဘာပင်ဖြစ်သည်။ ယင်း သို့ကြောင့် ယခု ဘဒ္ဒကမ္ဘာတွင် ကကုသာန်ဂုံဘုရားရှင်၏ သာသနာတွင်း သာသနာပကာလ ဝိဇ္ဇာပေါင်း ရှစ်သောင်း (၈၀၀၀၀)

ရှစ်သောင်း ထွက်ခဲ့ကြလေသည်။

ကောဏာဂုံဘုရားရှင်၏ သာသနာတွင်း သာသနာ့ပ တွင် (၈၀၀၀၀) ရှစ်သောင်းထွက်ခဲ့ကြလေသည်။

ကဿပဘုရားရှင်၏ လက်ထက်တော်၌လည်း သာသနာတွင်း သနာ့ပ ကာလ၌ ဝိဇ္ဇာပေါင်း (၈၀၀၀၀) ရှစ်သောင်း ထွက်ရပ်ဝင်ခဲ့ကြပါသည်။

ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတွင်း သာသနာ့ပ အချိန်ကာလ၌မူ အလုံးစုံသော ဝိဇ္ဇာပေါင်း (၈၀၀၀၀) ရှစ်သောင်းထွက်ရှိခဲ့ ထွက်ရှိကြမည်ဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာသည် ယနေ့တွင် (၂၆၀၀) နှစ်ကျော်မျှသာ ရှိပေသေးသည်။ ဝိဇ္ဇာတည်းဟူသော အသိဉာဏ်၊ အတတ်ဟူသမျှတို့အား မည်သည့် ပါရမီရှင် ဘုန်းကံရှင်မဆို သမထ၊ ဝိပဿနာ အဖြာဖြာဖြင့် ကျင့်သုံးဆောက်တည်ပွားများခွင့်၊ ထွက်ရပ်ဝင်ခွင့် ရှိနေပေသည်။

နောင် အနာဂါတ်ကာလတွင် အရိမေတ္တေယျ မြတ်စွာဘုရားရှင် ပွင့်ထွန်းပေဦးမည်။

ယင်း အရိမေတ္တေယျ ပွင့်သည့်အခါ ထွက်ရပ်ဝင်ကြမည့် ဝိဇ္ဇာပေါင်းမှာ သုံးသိန်းနှစ်သောင်း (၃၂၀,၀၀၀) ဖြစ်၍ ယခု ထွက်ခဲ့ပြီး ထွက်ရပ်ကြိုးစားဆဲ၊ ထွက်မည့် ဝိဇ္ဇာပေါင်းမှာ (၆၄၀,၀၀၀)

မြောက်သိန်းလေးသောင်းခန့် ထွက်ကြမည် ဟုဆိုသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင် ဖျာဒိတ်အရ ထားရှိခဲ့ပါသော သာသနာမှာ သာသနာနှစ် (၅၀၀၀) ပင်ဖြစ်ပါသည်။ ယင်း သာသနာနှစ်ငါးထောင်တိတိ ပြည့်မြောက်သော အခါသမယတွင် ဗုဒ္ဓဘုရားရှင်၏ ဓာတုပရိနိဗ္ဗာန် စံပွါယ်ပွဲ ဖူးသည့် နိမိတ္တ ရောင်တော်ပြန် မြတ်စွာဘုရားရှင် ပွင့်တော်မူမည်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ခန္ဓပရိနိဗ္ဗာန် ပြုခဲ့သည်သာ ဖြစ်၍ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် အသီးသီးတို့၌ ကိန်းဝပ်စံပွါယ်နေပါ သော သဗ္ဗညုဓာတ် အသဗ္ဗညုဓာတ် ဓာတ်တော် မွေတော် အသီးသီးတို့သည် စကြာဝဠာ တိုက်အပေါင်းမှ အသီးသီး စုဝေးစံပွါယ်လျက် နိမိတ္တရောင်တော်ပြန် ဘုရားရှင် အဖြစ်ပွင့်ထွန်းမည် ဖြစ်ပါသည်။

ထိုအခါ စကြာဝဠာ တိုက်အသီးသီးမှ သစ္စာလေးပါး နာယူရန် စုဝေးရောက်ရှိလာကြပါသော နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာ အသီးသီးတို့၌ လူပုဂ္ဂိုလ်မပါဝင်ပါချေ။ ယင်း ဓာတုပရိနိဗ္ဗာန်စံဝင်ပွဲကြီး၌ ဝိဇ္ဇာ တည်း ဟူသော ပုဂ္ဂိုလ်များပင်လျှင် တရားနာစုဝေးကြကုန်သော နတ်၊ ဗြဟ္မာ အပေါင်းတို့၏ အစွန်အဖျား နောက်ဆုံး၌ တည်ရှိရလေ သည်ဟုဆိုကြပါသည်။



## လေးကြိုးကိုင် မင်းခေါင်

လောကီဝိဇ္ဇာရေ ဝိဇ္ဇာမယ၊ အသိပညာ၊ အတတ်အရာများဖြင့် ရှေးကပင် ထွက်ရပ်စခန်း၊ ထွက်ရပ်လမ်းသို့ နိက္ခမပါရမီ အမျိုးမျိုးတို့အား ဖြည့်စွမ်းဖြည့်ဆည်းလျက် သမထ ဘာဝနာအဖြာဖြာဖြင့် သဗ္ဗာဝါကယ် သာသနာပြုခဲ့သော ဝိဇ္ဇာရှစ်သောင်း၊ ရသေ့ရှစ်သောင်းစာရင်းတွင်မှ မဟာဂန္ဓာရီ အရိယမေ့ ဝိဇ္ဇာကြီးတစ်ပါးအဖြစ် ထွက်ရပ်မြန်းခဲ့သော၊ အဘဘိုးမင်းခေါင်ကိုမှ စာရေးသူတို့ မြန်မာနိုင်ငံ

တစ်နိုင်ငံသားမက ကမ္ဘာကပင် သိရှိကြလေသည်။ ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ် ဝိဇ္ဇာကြီးများ အထဲတွင် အဘဘိုးမင်းခေါင်သည် ထင်ရှား ကျော်ကြားလွန်းလို့ ယုံကြည်သက်ဝင်သူလည်း များပြားလှသည်။

ဤသည်မှာလည်း အဘဘိုးမင်းခေါင်၏ အဓိဋ္ဌာန် သစ္စာပန္နက် ခိုင်မြဲ၍လည်း ဖြစ်သလို၊ နိက္ခမပါရမီ ကျင့်သုံးလျက် သာသနာပြု သတ္တဝါကယ်ရာတွင်လည်း မတူထူးခြားသော အစွမ်းသိဒ္ဓိ မဟိဒ္ဓိ များအကြောင်းပင် ဖြစ်ပေမည်။ မေတ္တာဓာတ် စွမ်းအားများကြောင့် လည်း ဖြစ်ပေသည်။

လောကီ ဝိဇ္ဇာမရေ ဝိဇ္ဇာမယ၊ အလေ့ထုံ ပါရမီဆက်ရှိ၍ ကျင့်ကြံအားထုတ် ကြိုးစားကြသူများ၊ ဂန္ဓာရီလုပ်ငန်းစဉ်များအား ကျင့်သုံးလှည့်လည် နေကြပါသော ဂန္ဓာရီရဟန်းရှင်၊ လူပုဂ္ဂိုလ် သူမြတ်ကြီးများ လောကတွင်လည်း အဘဘိုးမင်းခေါင်မှာ ထင်ရှား သည်။ ပဋ္ဌာန်းကြိုးဆက်များ မြောက်များစွာ တည်ရှိသည်။

အဘဘိုးမင်းခေါင်အား အရိယာဓမ္မဝိဇ္ဇာစခန်းဖြင့် ထွက်ရပ် မြန်းသွားသူဟု သိရှိထားကြပါသည်။ အတ္တ၊ ပရ၊ လောက၊ ဓမ္မ အရာ၌လည်း အဘဘိုးမင်းခေါင်သည် သက်ဆိုင်ရာ ရာဇကြိုး၊ မာတ်ကြိုး၊ နတ်ကြိုး၊ သိုက်ကြိုးဟူသည့် ကြိုးလေးကြိုး၊ ပဋ္ဌာန်းဆက် (၄) မျိုးအား ကူညီပံ့ပိုး စောင့်ရှောက် လမ်းညွှန်ပြသသူ ဖြစ်၍လည်း လေးကြိုးမင်းခေါင်၊ လေးကြိုးမင်းခေါင်ဟူလည်း ဘွဲ့ခေါ်ဝေါ်သမုတ်

ကြပါသည်။ တကယ်တမ်းလည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလ သုံးပါးတွင် ယင်းကဲ့သို့သော ရာဇဆက်၊ ခေတ်ဆက်၊ နတ်ဆက်၊ သိုက်ဆက်မှ သံသရာ တစ်ခွင်တပြင်၌ လွတ်ကင်းနိုင်ခဲ့ကြသူများ မရှိနိုင်သလောက် ရှားပါး၍ အဘိုးမင်းခေါင်သည် နယ်ပယ်ဒေသ အသီးသီး လူအလွှာအသီးသီး၌ ထင်ရှားနေရခြင်းလည်း ဖြစ်ပါသည်။

အမှန်တကယ်တမ်းမှာမူ လောကီယဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်းဖြင့် ထွက်ရပ်စခန်းဝင်သွားခဲ့ကြပါသော လောကီဝိဇ္ဇာမရ သိဒ္ဓိရှင် မဟိဒ္ဓိရှင်ကြီးများ၏ အတွင်းစခန်းတော်ကြီး အသီးသီးတို့တွင် သက်ဆိုင်ရာ ဘွဲ့မည်အထူးထူး သာသနာပြု သတ္တစိကယ်၊ လုပ်ငန်းစဉ် အထူးထူး တို့လည်း ရှိနေကြပါသည်။ လောကီယဝိဇ္ဇာကြီးများ လောကီဝိဇ္ဇာရေ သိဒ္ဓိရှင်ကြီးများ နယ်ပယ်သည် လျှို့ဝှက်နက်နဲခြင်းများ သိမ်မွေ့ ဆန်းကြယ်ခြင်းများ မြောက်များစွာ တည်ရှိနေလေသည်။ စာရေး သူတို့နှင့် လူသာမန်များ မမြင်မသိနိုင်ကြပါသော ခက်ကြီးပဋ္ဌာန်း ကြီးဆက်များ မြောက်များစွာ ရှိနေပါသည်။

ဂမ္ဘီရဆန် သိမ်မွေ့လွန်းလှပါသည်။

ထို့ကြောင့်လည်း လောကီဝိဇ္ဇာရေ ဝိဇ္ဇာမယ သိဒ္ဓိစခန်း မဟိဒ္ဓိ စခန်းများ၌ သိသူဖော်စား မသိသူကျော်သွား ဟူသော ဆိုထုံးစကား ယနေ့ထက်တိုင် ကြားသိနေရခြင်းလည်း ဖြစ်ပါသည်။ ဝိဇ္ဇာနည်းကျ

ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်းများလည်းဖြစ်၍ ကျောင်းကျိုးဆက်စပ် ယထာဘူတဉာဏ် အတိမ် အနက်၊ အထူအပါးဖြင့်သာ ဝေခွဲပိုင်းခြားဆုံးဖြတ်ရသည်ဖြစ်၍ သိပ္ပံနည်းများဖြင့် မတိုင်းတာနိုင်ပါချေ။

မည်သည့်အတွက်ကြောင့်ဆိုသော် သိပ္ပံပညာသည် ရုပ်ဝတ္ထုအပေါ် တည်မှီ၍ ဆုံးဖြတ်ရသည်သာဖြစ်၍ စိတ်ဖြင့်ပတ်သက်ဆက်နွယ်သော စိတ်လုပ်ငန်းစဉ်၊ စိတ်မနော နယ်ပယ်ကြီးအား သိပ္ပံ အတတ်များက လိုက်မမှီ မခန့်မှန်းနိုင်သောကြောင့်လည်း ဖြစ်ပါသည်။ အတ္တ၊ ပရ လောက၊ ဓမ္မတည်ရှိနေသော စိတ်နယ်သည် နှိုင်းဆမရအောင် နက်နဲကျယ်ပြန့်ခြင်း သဘောကို ဆောင်၍ ဖြစ်လေသည်။

ဆိုခဲ့သလိုပင် လောကီယအဘိညာများ သိဒ္ဓိ (၁၀) ပါး ကျင့်ကြံပြီးမြောက်အောင်မြင် ပေါက်ရောက်ထားပြီးသော လောကီဈာန် အဘိညဉ်အရာသည် ကျယ်ဝန်းလွန်း၍ ဖြစ်ပါသည်။



## လက်ဝဲမဟိဒ္ဓိ လက်ယာမဟိဒ္ဓိရှင်ကြီးများ

သိဒ္ဓိ (၁၀) ပါးတို့၌ သိဒ္ဓိ (၁) ပါးကိုသော်လည်းကောင်း သိဒ္ဓိ (၃)ပါး (၄)ပါးမှစ၍ သိဒ္ဓိ (၁၀) ပါး စလုံး သမထ ဘာဝနာဖြင့်၊ ပုတီး ဂါထာမန္တန်ဖြင့် အတတ်ပညာတစ်ရပ်ဖြင့် ရရှိအောင်မြင်ကြသူများတွင်လည်း လူလောက နတ်လောက သို့မှုယ် ရာထူး၊ အဆင့်၊ ဂုဏ်သိက္ခာခြင်းလည်း ကွာခြားကြလေသည်။

သိဒ္ဓိ (၁၀) ပါးအရာ၌ပင် အာယုသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ မထာဝီသိဒ္ဓိ၊ မနသိဒ္ဓိ အစရှိသည့် သိဒ္ဓိအရာ (၅) မျိုးကို

ပင် အထက်ဝိဇ္ဇာဓိုရ်ကြီးများတွင်လည်းကောင်း ဝိဇ္ဇာမယက္ခဒ္ဒိအရာ၌လည်းကောင်း၊ အောက်သိဒ္ဓိ (၅)ပါး ဟုဆိုကြသည်။ သို့သော်လည်း ယင်းသိဒ္ဓိငါးပါးအား ပြီးမြောက်အောင်မြင်ကြပါသော ဝိဇ္ဇာမယက္ခဒ္ဒိ ဝိဇ္ဇာဆို၍ စာရင်းဝင်လေသည်။

ဝိဇ္ဇာကြီးများ အတွင်းလောက၌ သိဒ္ဓိရှင်ဘွဲ့ခံ မဟိဒ္ဓိရှင်ဘွဲ့ခံ ပုဂ္ဂိုလ်ကြီးများ အထူးထူးအပြားပြား ရှိနေကြပါသော်လည်း အဘဘိုးမင်းခေါင်ကိုမူ လက်ဝဲမဟိဒ္ဓိရှင် ပုဂ္ဂိုလ်ကြီး အဖြစ်လည်း သိရှိထားကြလေသည်။ ထို့အတူပင် လက်ျာမဟိဒ္ဓိရှင် ပုဂ္ဂိုလ်ကြီးများလည်း ရှိလေသည်။ ယင်း လက်ဝဲ လက်ျာ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးကြီးများသည် လက်ဝဲအဖြစ် (၆) ပါးရှိ၍ လက်ယာမဟိဒ္ဓိရှင်အဖြစ် (၁၀) ပါးခန့် ရှိကြပါသည်။



## ပေါက်ဆရာ လက်ျာမဟိဒ္ဓိရှင်ကြီးများ

(၁) ပထမ်ဆရာကြီး (ဘိုးဘိုးအောင်)
(၂) ပညာဘုရင်
(၃) ဦးချမ်းလှိုင်
(၄) အဖေရှင် (ဆရာရှင်ကြီး)
(၅) အဖေနွဲ့ (လေးကြိုးကိုင် ဆရာကြီး)
(၆) ဆရာဆိုင် (ဗောဓိပင် ဆရာဆိုင်)
(၇) ဆရာလှိုင်(ပထမ် ဆရာလှိုင်)
(၈) ဆရာငြိမ်း
(၉) ဦးပညာမဇ္ဈိသာမိ
(၁၀) အဖေလူ



## ပေါက်ဆရာ လက်ဝံမဟိဒ္ဓိရှင်ကြီးများ

(၁) ဘိုးဘိုးအောင် (မင်းသားကြီးဦးအောင် (ခ) မြည်ဦးအောင် စစ်ကိုင်းမင်းဆက်)
(၂) ဘိုးတော် အောင်မင်းခေါင်
(၃) ဦးခဲ့သူ
(၄) ရက်ကန်းစင်တောင်ဆရာတော် ဦးသြဘာသ
(၅) ရှင်မထီး
(၆) သတိုးမင်းခေါင်

စာရေးသူတို့ အများစု သိရှိထားကြပါသော ပေါက်ဆရာတော်ကြီး (၆၉) ပါးနှင့် ပေါက်ဆရာ (၁၆) ဦးတို့အနက် အထက်ပါ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်သူမြတ်ကြီး (၁၆) ပါးမှာ ပေါက်ဆရာအရှင် (၁၆) ဦးဟုလည်း သိရှိထားကြလေသည်။

အဘဘိုးမင်းခေါင်သည် ယင်းပေါက်ဆရာအရှင် လက်ဝဲမဟိဒ္ဓိရှင် (၆) ပါးတွင် သာသနာပြု သတ္တဝါကယ်တာဝန်အား ပဋ္ဌာန်းကြီးဆက်အရ ကြီးလေးကြီးအား ကိုင်တွယ်ရပါသူလည်း ဖြစ်ပါသည်။ မဟိဒ္ဓိရှင် စာရင်းဝင်ဖြစ်သည်။ ထို့အတူ ကမ္ဘာ လုံးဆိုင်ရာ မနောမယ သိဒ္ဓိမဟိဒ္ဓိ ဓမ္မဝိဇ္ဇာ ဗုဒ္ဓသာသနာပြု မဟိဒ္ဓိအဖွဲ့ချုပ်ကြီး၏ (မဟိဒ္ဓိအဖွဲ့ချုပ်)တွင် တာဝန်ခံပုဂ္ဂိုလ်ထူးကြီး တစ်ပါးလည်း ဖြစ်ပေသည်။



## အထက်တန်းကျ ဝိဇ္ဇာ

အဘဘိုးမင်းခေါင် (ခ) ပုပ္ပါးအောင်မင်းခေါင် အရှင်သည် ရှေးနှစ်ပေါင်းများစွာကပင် ဘဝပါရမီ အထုံးဆက်များ အရ အင်းစမ အတတ်ဖြင့် လောကီယဝိဇ္ဇာ တစ်ဦးအဖြစ် ထွက်ရပ်စခန်း ဝင်ခဲ့သူဖြစ်ပြီး ကျန်ရှိသေးသော ပါရမီလုပ်ငန်းစဉ်တို့အား သတ္တဝါ ကယ် သာသနာပြုလမ်းစဉ်ဖြင့် ဖြည့်ဆွမ်း ဖြည့်ဆည်းအားထုတ် လျက် အရိယမဂ် ဝိဇ္ဇာလမ်းသို့ ကူးပြောင်းခဲ့သူဟု ပါရမီရင့်မာ ကြသည့် ဂန္ဓာရီ ရဟန်းရှင် လူပုဂ္ဂိုလ်သူမြတ် အသီးသီးတို့မှ ဆိုကြ

ပါသည်။ ပါရမီစခန်းတို့သည် လမ်းအသွယ်သွယ်ရှိကြပါသည်။

လောကီအကျိုးစီးပွားဖြင့် ပတ်သက်ဆက်နွယ်သည် ဖြစ်၍ သမထဘာဝနာ လုပ်ငန်းသည့်ကျွန်အရာများသည် တည်တံ့ခိုင်မြဲခြင်းဌာ မရှိလှပါချေ။ အပွမာဒ အသိ၊ သတိဖြင့် မိမိရရှိရောက်ရှိနေသော ပါရမီစခန်းမှ အထက်သို့ တတ်လှမ်းကြရပါသည်။ ရှေးက အစဉ်အဆက် ထွက်ရပ်ပေါက်ခဲ့ကြပါသော အထက်ဝိဇ္ဇာဝိုရ်အသီးသီးတို့မှ ထပ်မံလမ်းညွှန်ပြသသည့်အတိုင်း ပါရမီလုပ်ငန်းထပ်မံကြိုးစား အားထုတ်ကြရပါသည်။ ဝိဇ္ဇာအဖြစ် ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်းဝင်ရောက်ကြသူ ဝိဇ္ဇာငယ်များမှာ အထက်ဝိဇ္ဇာကြီးများ ပုဂ္ဂိုလ်သူမြတ် အသီးသီးတို့ထံမှ ဝိဇ္ဇာဓရ ဝိဇ္ဇာမယ အသိအတတ် ပညာများ ထပ်မံဖြည့်စွမ်းကြရသည်။ သက်ဆိုင်ရာ သာသနာပြု လုပ်ငန်းများ လောကအကျိုးပြုလုပ်ငန်းများ အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့်ဆောင်ရွက်ကြရလေသည်။

သို့မှသာ အသိပညာ ဉာဏ်အရာများ ရင့်သန်လျက် လိုရာစခန်းသို့ ရောက်ရှိကြရလေသည်။ အချို့သော ပါရမီရှင် ပုဂ္ဂိုလ်များမှာလည်း တတ်မြောက်ကျွမ်းကျင်ရာ အတတ်ပညာအပေါ် သာယာယစ်မူးလျက် မိမိစခန်း၊ မိမိလမ်း အသိကန်းလွတ် သတိချွတ်လျက်လမ်းချော် စခန်းချော်ကာ၊ အတတ်ပညာများ ကွယ်ပလျက် သိဒ္ဓိအရာများ ပြန်လည်လျှောကျသက်ဆင်း၍ ဒုံရင်း ဒုံရင်း လူသာမန်

ဘဝသို့ ပြန်လည် သက်ဆင်းကြရလေသည်။ ဤသည်ကို လောကီ ဝိဇ္ဇာအရ သိဒ္ဓိမဟိဒ္ဓိလမ်းစဉ်၌ ဒဏ်ဟု သုံးနှုန်းကြသည်။

အချို့သော ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်းသို့ သီလ၊ သမာဓိ ဘာဝနာ အရာဖြင့် ကြိုးစားတက်လှမ်းပြီးပါမှ ဥဇ္ဇာခန၊ ငွေကြေး၊ ဣတ္ထိယ အဖျက်အဆီး အမျိုးမျိုးတို့ဖြင့် အမှတ်မထင် တွေ့ကြုံဆုံစည်း ရလျက် အလိုလောဘ တပ်မက်မှုများဖြင့် ဝိဇ္ဇာစာရင်းဝင် အဖြစ်မှ ပြန်လည်ကျဆင်းသွားသူများလည်း ရှိကြသည်။ သမာဓိ၊ ပညာ မရင့်ကျက်၍လည်း ဖြစ်သည်။

သို့သော် မိမိတို့၏ အတတ်ပညာ၊ ကြွင်းကျန်သော အရှိန်ဟိတ် ဖြင့် လောကီ၌ သူဌေးဖြစ်အောင် ဟန်ဆောင်ကြံစည်၍ ကံငါးပါး တစ်ပါးမကျန်အောင် ကျူးလွန်ဖောက်ဖျက်ကြတော့၏။ ထိုသူများမှာ ဝိဇ္ဇာစာရင်းဝင်ရန်ပင် မဆိုနှင့် ဝိဇ္ဇာလောကမှ ကြဉ်ဖယ် ဒဏ်ထား လိုက်ကြတော့သည်။ အပြစ်ပေးလိုက်ကြတော့သည်။ ပါရမီရှင်ဘဝမှာ ပင် ဖြားယောင်းသွေးဆောင်ခြင်း အမျိုးမျိုးတို့အား ညွတ်ကွင်း လွတ်ကင်းအောင် မရှောင်နိုင်၍ ဝိဇ္ဇာလောကသို့ ပြန်လည်ဝင်မရ မတော့ပေ။

ယင်းကို ဝိဇ္ဇာယောင် ဝိဇ္ဇာတု ဘိုးတော်ယောင် ဘိုးတော်တု များ အဖြစ် မြင်တွေ့နေကြရခြင်းလည်း ဖြစ်ပါသည်။ အောက်နတ် များ၊ အောက်လမ်းဓာတ်များသာ အချိန်ပြည့် ပူးဝင်ပူးကပ်နေပြီး နောက်ဆုံး အပယ်လေးဘုံသို့သာ လားရောက်ရလေတော့သည်။

အထက်ဝိဇ္ဇာခိုရ်ကြီးများဖြစ်ကြသည်။ မိဘဆရာအရှင်အဖြစ် ပတ်သက်ခဲ့ကြသူများပင် စောင်းငဲ့ပြန်လှည့် မကြည့်ရှုတော့ပေ။ သူတော်ကောင်းလမ်းစဉ်ဆုကြီး ဆုထူးပန်လမ်းစဉ်သို့ သွားနေကြပါသော အထက် ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများသည် လုံးဝမနှစ်သက် မကြည်ဖြူချေ။

နဂိုတည်းကမှ သီလ၊ သမာဓိ၊ ပညာ အခြေမခိုင် အနေမခိုင်၍ ကံငါးပါးမှ တစ်ပါးကံ၊ နှစ်ပါးကံမျှသာ ထိန်းသိမ်းပြီး လူအများ အထင်ကြီးအောင် ဟိတ်ဟန် အမျိုးမျိုးလုပ်၍ ဝိဇ္ဇာကြီးများ ဘိုးတော်ကြီးများ အမည်ကို ခုတုံးလုပ် အသုံးချ မယားအစာ၊ စီးပွားရှာစားနေကြပါသော ယင်းသို့သော ပုဂ္ဂိုလ်များလည်း အနယ်နယ် အရပ်ရပ်၌ မရေတွက်နိုင်အောင် တည်ရှိနေကြလေသည်။

ယင်းသို့ကြောင့်လည်း လေးကြီးမင်းခေါင် အရိယမဗ္ဗဝိဇ္ဇာလမ်းစဉ်ဖြင့် ပုပ္ပါးအောင်မင်းခေါင် ရုပ်ဖြင့် နောက်ဆုံး ပါရမီစခန်းထွက်လှမ်းခဲ့ပါသော ဘိုးတော်အောင်မင်းခေါင်အရှင်မှ ခန္ဓာမာကျထား၊ နာမ်ခွာရုပ်သိမ်းသွားစဉ်က ပုပ္ပါးတောင်မြက် တောင်ကလပ်၌ ရုပ်ကျော်အား အထက်ပိုင်း အမွှေးရနံ့များ သင်းထုံစေလျက် အောက်ပိုင်းခန္ဓာအား အပုပ်နံ့ပြလျက်…

"အထက်တန်းကျသော ပဋ္ဌာန်းဆက်သားသမီးများက ငါ၏ ဂုဏ်သတင်းကို ကျော်ကြားမွှေးပျံ့စေရန် စွမ်းဆောင်ကြ၍

အောက်တန်းကျသူများက ငါ၏ ဂုဏ်သတင်းအား ခုတုံးပြု လုပ်ကိုင်စားကြလိမ့်မည်"

ဟူ၍ မှာကြားမိန့်ဟခဲ့ခြင်း ဖြစ်ပါသည်။ သိဒ္ဓိမဟိဒ္ဓိတန်ခိုးအရာ၌ လူအောက်တန်းကျသူတို့၏ စိတ်မနော အပြားပြားကို ကြိုတင်၍ ပြသခဲ့ပါသော နိမိတ်ထူးလည်း ဖြစ်ပေသည်။ လူသဘော လူမနော တို့အား မကြွင်းမကျန် သိကြောင်း ပြသမိန့်ခဲ့ခြင်းလည်း ဖြစ်ပါ သည်။



## ရှစ်သောင်းကျော် ဝိဇ္ဇာမ, ပါလိမ့်

ပုပ္ပါးအောင်မင်းခေါင် (ဝါ) အဘဘိုးမင်းခေါင် အရှင်သည် မဟာဂန္ဓာရီ အရိယမဂ္ဂဝိဇ္ဇာဓိုရ်ကြီးအဖြစ် ယုံကြည်ရှိခိုးကြသကဲ့သို့ ရာဇကြိုး မာတ်ကြိုး နတ်ကြိုး သိုက်ကြိုးဟူသည် ကြိုးအပေါင်းတို့၏ တာဝန်ခံကြီး ဖြစ်သည်နှင့်အညီ လေးကြိုးမင်းခေါင်ဟုလည်း ရှိသေလေးစားကြပါသည်။ ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်း ဟူသည် အသိဉာဏ်

ပညာ အတတ်အရာတို့အပေါ် အခြေခံသော လမ်းလည်းဖြစ်ပါသည်။ နိက္ခမပါရမီများ ဖြည့်ဆည်း ရင့်သန်ကြရသည်။

လောကီဝိဇ္ဇာအရ ဝိဇ္ဇာမယ အသိဉာဏ်အရာ အတတ်ပညာများအားလည်း ဘဝထိုထိုမှ ပါရမီကောင်း၊ အဓိဋ္ဌာန်၊ သစ္စာပန္နက်များ အခြေခံ၍ ရင့်သထက်ရင့်၊ ထုံသထက်ထုံအောင် အားထုတ်ကြရလေသည်။ ဘုရားရှင်တစ်ဆူ ပွင့်တော်မူပါလျှင် သာသနာတွင်း သာသနာပကာလများအတွင်း အရေအတွက် အားဖြင့် ရှစ်သောင်း (၈၀၀၀၀) ကုန်သော ဝိဇ္ဇာများသာ ထွက်ရပ်ဝင်ထွက်ရပ်ပေါက်နိုင်သည် ဖြစ်၍ မည်မျှ ပါရမီဆက် အလေ့အထုံကြီးမားရန် လိုအပ်ကြောင်း သိသာလှပါသည်။ ယနေ့ခေတ်ကာလ၌ အလွယ်တကူ ဝိဇ္ဇာများ ဖြစ်နေကြသည်မှာလည်း အံ့သြဖွယ်ဆန်းကြယ်လွန်းလှသည်။ ဘိုးတော်အဖြစ်ခံယူနေကြသူများလည်း ဒုနဲ့ဒေးရှိနေသည်။

လောကီဝိဇ္ဇာမရေ သိဒ္ဓိလမ်း မဟိဒ္ဓိလမ်းစဉ်များ ကျင့်သုံးအားထုတ်ကြပါသော ဂန္ဓာရီရဟန်းရှင် လူပုဂ္ဂိုလ်သူမြတ်များမှာ မည်သည့်ပုဂ္ဂိုလ်သူမြတ် မဆို အဘဘိုးမင်းခေါင် (ဝါ) ပုပ္ပါးအောင်မင်းခေါင်အား ကြည်ညိုရိုသေစွာ ဆည်းကပ်ကြသည်။ သိဒ္ဓိဓာတ် မဟိဒ္ဓိဓာတ်မှ စ၍ မေတ္တာဓာတ် မနောဓာတ်များအထိ ပင့်ဖိတ်ပန်ကြား၍ တောင်းခံကြပါသည်။ လောကီဝိဇ္ဇာမယ ပညာစဉ် ကျင့်စဉ်များကိုလည်း

တောင်းခံယူကြသည်။ အဘဘိုးမင်းခေါင်သည် နိကာ္ယမပါရမီ ရင့်ထုံစွာ သူတော်စင်တစ်ဦး ပမာနေထိုင်လျက် သတ္တဝါကယ် သာသနာပြုလုပ်ငန်းစဉ် အသီးသီးအား လုပ်ဆောင်သွားခဲ့၏။ အမျိုးဘာသာ သာသနာဖြင့် ပတ်သက်လာပါက လိုအပ်လျှင် မိန္တာမာတ်သက်ရန်စက် အပေါင်းကလည်း ကာကွယ် သုတ်သင် ရှင်းလင်းဝံ့သူလည်း ဖြစ်ပါသည်။ ယင်းသို့ကြောင့်လည်း အဘဘိုးမင်းခေါင်သည် လူထုလူတန်းစား အလွှာအသီးသီး သာသနာပြု လုပ်ငန်းစဉ် အသီးသီး နေရာဌာနစာတ်ပနှက် အသီးသီးတို့၌ အဘဘိုးမင်းခေါင်၏ အမည်နာမဘွဲ့တော်သည် မပါမရှိ ဖြစ်နေရခြင်း ဖြစ်ပါသည်။

သတ္တဝါအပေါင်းတို့အပေါ် အလောင်းတော်ဆုကြီးပန် ပုဂ္ဂိုလ်ထူးကြီး ပီပီ မကျိုးမပေါက် မပျောက်မပြား မယွင်းမပျက် ပါဘဲ ပန္နက်ခိုင်ကြည်စွာ ထားရှိအပ်သော မေတ္တာဓာတ် အရှိန်အပေါင်းတို့ကြောင့်လည်း ဖြစ်ပေမည်။ အဆင်းထက် အချင်းကို ပိုမိုချစ်မြတ်သူဖြစ်ပြီး ပဋ္ဌာန်းဆက် သွေးသား ပါရမီရှင်အပေါင်းတို့အပေါ်၌လည်း၊ လူကိုမကြည့်ပါဘဲ မှုကိုသာကြည့်သူလည်းဖြစ်ပါသည်။ ရုပ်ကိုမကြည့်ဘဲ အလုပ်ကိုသာကြည့်တက် ချီးမြှင့်မြှောက်စား တတ်သူ သွန်သင်လမ်းညွှန်ပြသ သူလည်းဖြစ်သည်။

လူသည် မနဿတ ဒုလ္လဘ ဘဝကိုရခဲလှပါသည်။

ထို့အတူ လူတည်းဟူသော ပညတ်ဓာတ်ဆောင် ကြသော သတ္တဝါတိုင်းသည် မနသာသဘဝေါ ဒုလ္လဘော ဆိုသည့်စကား

အတိုင်း လူ့အဖြစ်သို့ မရ၊ မရောက်ရှိမှီ ဘဝအဖုံဖုံ စုန်ဆန်လှည့်ခဲ့ကြရ ကျင်လည်ခဲ့ကြရသည်။ ယင်းသို့ အတွက်ကြောင့်လည်း ဘုရား အဆူဆူဖြင့် ဆွေမျိုးတော်စပ်ခဲ့ကြမည် ဖြစ်သလို သိကြားအဆူဆူ ဖြင့်လည်း ဆွေမျိုးတော်စပ်ခဲ့ကြမည်သာ ဖြစ်သည်။ ထိုအတူပင် ဝိဇ္ဇာများဖြင့်လည်း ဆွေမျိုးညာတကာ ဆရာမိဘတော်စပ်ခဲ့ကြမည် ဖြစ်သကဲ့သို့ ဗိမ္ဗာသာရမင်းကြီးကဲ့သို့ပင် ပြိတ္တာများဖြင့်လည်းဆွေမျိုးမကင်းနိုင်ကြပါ။

ရာဇကြိုး၊ မာတ်ကြိုး၊ နတ့်ကြိုး၊ သိုက်ကြိုးဆက် အပေါင်းအားပါရမီအရ ပြုပြင်ထိန်းသိမ်းစောင့်ရှောက် လမ်းညွှန်မှုပြုနေပါသော အဘဘိုးမင်းခေါင် (ပုပ္ပါးအောင်မင်းခေါင်) အား ယင်းဘဝထိုထိုမှ ပါရမီ အလီလီဖြည့်ဆည်းခဲ့ ပတ်သက်ဆက်စပ် တော်စပ်ခဲ့ကြပါသော ပဋ္ဌာန်းဆက် ဝေနေယျ အများက ကြည်ညိုရိုသေလေးစားကြသည်မှာလည်း လွန်မည်မထင်ပါ။

ယင်းသို့ကြောင့်လည်း ကမ္ဘာကျော် မြန်မာကျော် ထင်ရှားလွန်းလှပါသော ပုပ္ပါးတောင်မြတ် တောင်ကလပ်တွင် အဘအောင်မင်းခေါင့် လူပြည်လူရပ်စခန်း နာမ်ခွာသိမ်း၍ ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်းသို့ထွက် ကြွမြန်းသည့် ထွက်ရပ်ဝင်အောင်ပွဲတော်နေ့ဟု ဆိုသည့် ၁၃၁၀ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့မှ နှစ်ပေါင်း ၆၀ ကျော်ကျင်းပခဲ့သော ရွှေပြည်ဝင်အောင်ပွဲ ဝါထွက်ရမ်စခန်းကြွ

မြန်းသည့်အောင်ပွဲတော်ကြီး နှစ်စဉ်နှစ်တိုင်းတိုးမပေါက် ကြက်ပျံမကျအောင် စည်ကားလွန်းလှပါသည်။ စာရေးသူသည်ယနေ့တိုင် မြန်မာနိုင်ငံရှိ ထင်ရှားသော ဝိဇ္ဇာဓာတ်ပန္နက်၊ သာသနာ ဓာတ်ပန္နက်အောင်မြေ အောင်ထူး တောင်မြတ်များသို့လည်း အာရုံဆန္ဒပေါ် မူတည်၍ ရောက်ရှိလှည့်လည်ခဲ့ရပါသည်။ ပုပ္ပါးတောင်မြတ် တောင်ကလပ်သို့လည်း မကြာခဏ ရောက်ခဲ့ရပါသည်။

ပါရမီလုပ်ငန်းစဉ်များအရ ယင်းသို့ ပုပ္ပါးသို့ ရောက်ရှိခဲ့စဉ်လည်း အဘဘိုးမင်းခေါင် (ဝါ) ပုပ္ပါးအောင်မင်းခေါင်၏ ထွက်ရပ်ဝင်အောင်ပွဲတော်နေ့မျိုး မဟုတ်ပါဘဲ ကြားကာလ အချိန်များမှာသာ ဖြစ်ပါသည်။ ဂန္ဓာရီအစဉ်ဒွာန် ပါရမီသမားအများစုသည် တတ်နိုင်သမျှ တစ်ကိုယ်ရေ တစ်ဦးတည်းသာ လှည့်လည်သွားလာလျက်၊ ရောက်ရှိရာ သာသနာပန္နက် စေတီဘုရား များ၌ မိမိတို့၏ အကျင့်၊ သီလ၊ စရဏ၊ ဘာဝနာ အဖြာဖြာကိုသာ ကျင့်သုံးအားထုတ်ကြသူများပါသည်။ တတ်နိုင်သမျှလည်း လူသူလေးပါးကို ရှောင်ကြဉ်ကြသည်က များလှပါသည်။ (ရှေးအစဉ်ဆက် ထွက်ရပ်လမ်းဝင် လောကီယဝိဇ္ဇာ၊ ဂန္ဓာရီ ဝိဇ္ဇာကြီးများသည် ပါရမီလုပ်ငန်းစဉ်များ၌ ဆိတ်ငြိမ်ရာ တောတောင်ဒေသသို့ တစ်ဦးတည်း (သို့) တပည့်ရင်း တစ်ဦး နှစ်ဦး မျှသာ လိုက်ပါစေလျက် ပါရမီစခန်းသိဒ္ဓိ မဟိဒ္ဓိလမ်း ကျင့်ကြံတက်လှမ်းကြသည်ဟု ဂန္ဓာရီသူမြတ်ကြီးများမှ မိန့်ဟသွန်သင်ကြပါသည်။

ဂန္ဓာရီလုပ်ငန်း စခန်းများသည် ပါရမီအနုအရင့် အလိုက် အကျင့်စခန်း တက်လှမ်းကြသည်သာဖြစ်၍ လူအများ အုပ်စု ဖြင့်သွားလာခြင်း မရှိတတ်ပါ။ အပျော်ခရီးများလည်း မဟုတ်ပါ ချေ။ ဂန္ဓာရီဆိုင်ရာ အသိအတတ်ပညာရပ်တို့အား လှည့်လည် ရှာမှီးဖြည့်ဆည်း ကျင့်သုံးအားထုတ် လုပ်ကိုင်ကြပါသော ပါရမီ လုပ်ငန်းစဉ်များသာ ဖြစ်ပေသည်။

အခက်အခဲ၊ အပျက်အဆီး၊ အနှောင့်အယှက်၊ အဟန့်အတား ဘေးရန် အန္တရာယ်မျိုးစုံလည်း များပြားလှပါသည်။ ဘဝပဋ္ဌာန်းကြိုး ဆက်ဆိုင်ရာ ရှေးထွက်ရပ်ပေါက် လောကီဝိဇ္ဇာခရေ ဂန္ဓာရီရဟန်းရှင် လူပုဂ္ဂိုလ်သူမြတ်အပေါင်းတို့၏ မနောစေညွှန်မှု၊ အိပ်မက်ထူး၊ မာတ်နိမိတ်များအပေါ် မူတည်၍ ပညာစခန်း အမိဋ္ဌာန်လမ်းများ တက်လှမ်းရသော လုပ်ငန်းစဉ်ပင် ဖြစ်ပါသည်။

ရတနာသုံးပါးဂုဏ် ယုံကြည်သက်ဝင်စွာ ပုတီးဘာဝနာ အဖြာဖြာ ထုံစွမ်းရသည်။ စိပ်ပွားရသည်။

ပရိတ်၊ ပဋ္ဌာန်း၊ ဂါထာ၊ မန္တန်ဇတော်များ ရွက်ပွားသရဇ္ဈာယ် ရသည်။

မေတ္တာပွားထုံရသည်။ အဓိဋ္ဌာန်ပါရမီများလည်း တစ်ဆင့်ပြီး တစ်ဆင့် တက်လှမ်းကြရသည်။ ဂန္ဓာရီပညာ ဟူသည်မှာလည်း ဘုရားရှင် ပွင့်တော်မမူခင် ကာလများကပင် ဂန္ဓာရတိုင်းမှ ဂန္ဓာရမည်

သော ရသေ့တစ်ပါးမှ သက်ဆင်းစေခဲ့ပါသော လောကီပညာ၊ အတတ်ပညာဟုဆိုသည်။ ဝိဇ္ဇာပညာရပ်ကြီးလည်း ဖြစ်သည်။ ဂန္ဓာရီအတတ် မဟာဂန္ဓာရီပညာရပ်ကြီးမှ ဆင့်ပွားသက်ဆင်းလာပါသော ဂန္ဓာရီအတတ်များလည်း များစွာရှိလေသည်။ ဂန္ဓာရီပညာစဉ်ဖြင့် ပတ်သက်၍ မဟာဂန္ဓာရီ၊ စူဠဂန္ဓာရီ ဟူ၍သာ ဆိုစမှတ်ပြုကြ၏။ လောကီပညာရပ်ကြီးဖြစ်၍ ရှေးအစဉ်ဆက် ဝိဇ္ဇာရှစ်သောင်း ရသေ့ရှစ်သောင်း ပုဂ္ဂိုလ်သူမြတ် အပေါင်းတို့သည် ဂန္ဓာရီပညာများအား တတ်မြောက်ကျွမ်းကျင်၍ ထွက်ရပ်စခန်း ဝင်ခဲ့ကြလေသည်။

ဆိုရပါလျှင် မဟာဂန္ဓာရီပညာကြီးသည် အတတ်ပညာဟု အနက်ဖွင့်ပါသော်ငြား အတ္ထ၊ ပရ၊ လောက၊ ဓမ္မ အကျိုးစီးပွားကို ဆောင်သည်ဖြစ်၍ ထိုသွင်းသိမြင်သော အသိဉာဏ်အံရာတွင် အခြေခံလျက် အတတ်ပညာဖြင့် ရောယှက်သုံးစွဲရပါသော ပညာလည်း ဖြစ်ပါသည်။ မူလဂန္ဓာရီပညာကြီးမှ ဆင့်ပွားဆင်းသက်လာပါသော ဂန္ဓာရီ လုပ်ငန်းငယ်များစွာလည်း ရှိပေသည်။ စူဠဂန္ဓာရီလုပ်ငန်းများပင် ဖြစ်ပါသည်။ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ တည်းဟူသည့် ဝိဇ္ဇာကြီး အပေါင်းကိုလည်း ဂန္ဓာရီဝိဇ္ဇာကြီးများဟု သတ်မှတ် ကြလေသည်။



## ပုပ္ပားအောင်ဓာတ်

အဘဘိုးမင်းခေါင် (ပုပ္ပါးအောင်မင်းခေါင်အရှင်) သည် မဟာဝိဇ္ဇာဓိုရ်ကြီး တစ်ပါးဖြစ်သလို လောကီဝိဇ္ဇာဓရ ဂန္ဓာရီအတတ် ပညာဟူသမျှလည်း အလုံးစုံတတ်မြောက် ကျွမ်းကျင်သည်ဟုဆိုသည်။ ဝိဇ္ဇာဓရ ဝိဇ္ဇာမယ အတတ်များကိုလည်း ရရှိပြီးသူဟု သိမှိသူတို့က ဆိုညွှန်းကြပါသည်။

အရှေ့ဘက်ကောင်းကောင်

ဂန္ဓာရီ လုပ်ငန်းစဉ်များအား အဘဘိုမင်းခေါင်သည် နိက္ခမ ပါရမီအရ ရဟန်းဝါ (၁၃) ဝါအရမှစ၍ မြန်မာနိုင်ငံ အထက် အောက် အနှံ့အပြား၊ တော၊ တောင်၊ ဂူ၊ စိမ့်စမ်းမကျန် ယင်းအပြင် အခြားသော တိုင်းနိုင်ငံအချို့ကိုပင် အသွင်သဏ္ဍာန် ပုံစံအမျိုးမျိုး ဖြင့် ဂန္ဓာရီစခန်းများ လှည့်လည်ခဲ့သူ သတ္တဝါကယ်သာသနာ ပြုလမ်း စဉ်အတိုင်း သွားလာခဲ့သူ ဖြစ်ပါသည်။

ထင်ရှားကျော်ကြားလှသော ဝိဇ္ဇာဓာတ်ပန္နက်အောင်မြေထူး အဖြစ် အများက သိကြပါသော ပုပ္ပါးတောင်မြတ် တောင်ကလပ်ထိပ် သို့ အဘဘိုးမင်းခေါင်သည် (၁၃၀၀) ပြည့်နှစ်ဝန်းကျင်တွင် နောက် ပါ ရှမ်းအမျိုးသားတပည့်ကြီး (၇) ပါးဖြင့် အထူးရောက် ရှိခဲ့ခြင်း ဖြစ်ပါသည်။ ပါရမီစခန်းစဉ်များ ယင်းအချိန်က တောင်ကြီး မျက်မည်း၊ စိမ်ညို့အုပ်ဆိုင်းလျက် လူသူအရောက် အပေါက်ကင်း ဝေးရာ ပုပ္ပါးတောင်မြတ် တောင်ကလပ်ရှိ သာသနာ့ဓာတ်ပန္နက် တို့အား ပြန်လည်ဖွင့်ဖော်ရန် ရောက်ရှိခဲ့ခြင်းလည်း ဖြစ်ပါသည်။

ယင်းအချိန်က မြန်မာနိုင်ငံသည် နယ်ချဲ့တိုင်းတစ်ပါးသားတို့ လက်အောက် ကျရောက်သည့်အချိန် အခါလည်းဖြစ်သည်။ အမျိုး ဘာသာ၊ သာသနာကို မညှိုးနွမ်းရလေအောင် ပါရမီစခန်း၊ နိက္ခမ လမ်းတို့ဖြင့် ကြိုးပမ်းလျက် နယ်ချဲ့တိုင်းတစ်ပါးသားများကို မြန်မာ့ ပလ္လင်ထက်မှ တက်ဆင်းစေရန် ပုပ္ပါးတောင်မြတ်အား ကမ္ဘာ့ဓာတ်

တိုင်အဖြစ် သတ်မှတ်၍ ဓာတ်အပေါင်း ဆင်ယင်မောင်းထုတ်ခဲ့သည်ဟုလည်း သိရလေသည်။

ပုပ္ပားတောင်တော်မြတ်မှာလည်း ရှေးဘုရားရှင်တို့၏ သာသနာဓာတ်ပန္နက်တည်ရှိရာ ဗျာဒိတ်ရ တောင်ထူးတောင်မြတ်ကြီးဖြစ်သလို မြန်မာနိုင်ငံ၏ အလည်ဗဟို အချက်အချာ နေရာထူးတစ်ခုလည်း ဖြစ်ပါသည်။ ပုပ္ပါးတောင်တော်မြတ်သည် ဂေါတမမြတ်စွာဘုရားရှင်ကိုယ်တော်တိုင် နိမိတ်ထူးကြီးဖြင့် ဗျာဒိတ်စကား ဆိုမိန့်ခဲ့ပါသောအထင်ကရတောင်ဖြစ်သည်။ ယင်းမှာ...

"ငါ ဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် (၁၀၁) နှစ်သို့ရောက်သော် (၁) မြေကြီးလျှင်ပြင်းစွာ လှုပ်လတ္တံ့၊ (၂) ဤ ဖိုးဦးတောင်းအရပ်၌ အင်းကြီးဖြစ်ပေါ်လတ္တံ့၊ (၃) စမ့်မြစ် ဖြစ်လတ္တံ့၊ (၄) သရေခေတ္တရာပြည့်တည်ရာ အရပ်၌ ပင်လယ်သမုဒ္ဒရာမြေခန်းခြောက်လတ္တံ့၊ (၅) ပုပ္ပါးတောင်မြေမှာ စုန့်စုန့်ပေါ်လတ္တံ့" ဟူ၍ဖြစ်လေသည်။

ဘုရားရှင်၏ ဗျာဒိတ်ရ တောင်ထူးတောင်မြတ်ပင် ဖြစ်ပါသည်။ ထို့အတူ ရှေးဘုရားအဆူဆူတို့မှာလည်း ပုပ္ပါးတောင်တော်မြတ်ဖြင့် ပတ်သက်၍ ဘွဲ့အမည်အထူးထူး သမုတ်ခဲ့ကြလေသည်။ ယင်းမှာ ကကုသန်မြတ်စွာဘုရားရှင် လက်ထက်တော်၌ ပုပ္ပရာသီတောင်ဟုခေါ်သည်။ ကောဏာဂုံဘုရားရှင် လက်ထက်တော်၌ ဂန္ဓဒနတောင်ဟုခေါ်ဆိုခဲ့သည်။ ကဿပဘုရားရှင် လက်ထက်တော်၌ မုတ္တမ

တောင်ညို ဟုခေါ်ဆိုသည်။ ယခုဂေါတမဘုရားရှင် လက်ထက်တော်၌မူ ပုပ္ပါးတောင် (ပုပ္ပတောင်) ဟုခေါ်ဆိုသမုတ်ခဲ့လေသည်။ အမျိုးမျိုးသော အစုံစုံသော နံ့သာကြိုင်ရှား ပန်းအပေါင်းတို့ ပွင့်လန်းပေါ်များရာ တောင်ဟု ဆိုနိုင်ပါသည်။

ပုပ္ပါးတောင်သည် တောင်ခြေရင်းမှ တောင်မကြီးထိပ်အထိ မြင့်မိုရ်တာဖြင့် တိုင်းတာပါလျှင် (၄၀၉) တာခန့်တည်ရှိ၏။ မြင့်မိုရ်တာမှာ (၁)တာလျှင် (၇) တောင်ဖြစ်၍ ပုပ္ပါးတောင်၏ အမြင့်သည် (၂၈၆၃) တောင်မြင့်ပါသည်။ ပေအရဖြင့်မူ ၄၂၉၉ ပေ ၆ လက်မ တည်ရှိပါသည်။ တောင်မကြီး၏ ထိပ်အမြင့်ဆုံး ဟုဆိုသော ငှက်မြတ်နားတောင် (ခေါ်) မှန်ပြတောင်ထိပ်ထိ ပေပေါင်း (၄၉၈) ပေခန့်မြင့်ပေသည်။

လောကီဝိဇ္ဇာရေ နယ်ပယ်၌မူ ပုပ္ပါးတောင်အား (၁) ဝိဇ္ဇာမိုရ်တောင်၊ (၂) ယက္ခတောင်မဟာ၊ (၃) တောင်ကလပ်၊ (၄) ပန်းပေးတောင်၊ (၅) နဂါးရစ်ပင်၊ (၆) ဘဂဇာမ်တောင်ဟုလည်း ခေါ်ဆိုကြလေသည်။ အဘဘိုးမင်းခေါင် (ဝါ) ပုပ္ပါးအောင်မင်းခေါင် အရှင်သည် ပုပ္ပါးတောင်မြတ် တောင်ကလပ်၌ပင် ၁၃၁၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂) ရက် (၅-၉-၁၉၅၂) ညနေ ၄း၀၅ မိနစ်တိတိတွင် ထွက်ရပ်မြန်းခဲ့လေသည်။



## ပုပ္ပားဆိုတောင်ညိုမြတ်ဆီက

လောကီဝိဇ္ဇာရေး ဝိဇ္ဇာမယ သိဒ္ဓိလမ်း မဟိဒ္ဓိလမ်းစဉ် ကျင့်သုံးဆောက်တည်ကြသူများ၊ ဂန္ဓာရီရမာန်း၊ ရှင်၊ လူပုဂ္ဂိုလ်သူမြတ်များ အဓိဋ္ဌာန်ပါရမီရှင်များ၊ သာသနာပြု သတ္တဝါကယ် လောကီဂိုဏ်းအသီးသီးတို့နှင့် ဓာတ်စခန်း၊ ဓာတ်နန်းတော်များတွင် (ဘုရားစေတီများမှစ၍) ထင်ရှားသည့် သာသနာပြု ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးကြီး (၃) ပါးကို ကြည်ညိုစွာ ထုလုပ်ထားကြသည်။ အချို့သော

လောကီဝိဇ္ဇာ ဓာတ်နန်းကြီးများတွင်မူ ရှေးယခင်ကမှစ၍ ယနေ့တိုင် ဝိဇ္ဇာလမ်းစဉ် အသီးသီးဖြင့် ထွက်ရပ်ပေါက်ခဲ့ကြပါသော လောကီယ ဝိဇ္ဇာကြီးများ၏ ပုံတော်အသီးသီးအား ထုလုပ်ပူဇော်ထားရှိပါသည်။

မည်သည့် လောကီဝိဇ္ဇာမရေ သိဒ္ဓိမဟိဒ္ဓိ ဓာတ်စခန်း၊ ဓာတ်နန်းတော်များဖြင့် ပါရမီရှင်ပဋ္ဌာန်းသွေးဆက်၊ သားဆက်၊ သားသမီးအပေါင်းတို့၏ နေအိမ်များ၌ပါ ထင်ရှားစွာ ထုလုပ်ပူဇော်ထားရှိပါသော မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးကြီးမှာ အဘဘိုးမင်းခေါင်ပင် ဖြစ်လေသည်။ ဤမျှ အဘဘိုးမင်းခေါင်သည်။ အလွှာအမျိုးမျိုး၊ လူထုလူတန်းစား မျိုးစုံတို့ဖြင့် ပါရမီရေစက် ဆုတောင်းဆက် ကြီးမားသလို ဟိတ်ဓာက်မေတ္တာဓာတ် မနောဓာတ်လည်း ကြီးမားသည်ဟု ဆိုနိုင်ပါသည်။ အဘဘိုးမင်းခေါင်ဖြင့် အတူ အတူတကွ ယှဉ်တွဲလျက် သိရှိကြသော မဟိဒ္ဓိရှင်ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးကြီး နှစ်ပါးမှာ အဘဘိုးဘိုးအောင်နှင့် ရက်ကန်းစင်တောင် ဆရာတော်ကြီး ဦးခြဘာသပင် ဖြစ်လေသည်။

မြန်မာနိုင်ငံ တာဝန်ခံဆရာတော်ကြီးများ ပေါက်ဆရာအရှင်များ အဖြစ် သာသနာပြု သတ္တဝါ ကယ်တင်ကြရပါသော မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးကြီးများလည်း ဖြစ်ပါသည်။ ဘုန်းကံရှင်၊ ပါရမီရှင် ပုဂ္ဂိုလ်အပေါင်းတို့အား သာသနာပြု အကျင့်စခန်း၊ လုပ်ငန်းစဉ်များ

အား အိပ်မက်ဖြင့် သော်လည်းကောင်း၊ မနောစေညွှန်၍သော် လည်းကောင်း၊ ထင်ရှားသော်လည်းကောင်း လမ်းညွှန်လေသည်။

ရတနာသုံးပါး အလှမ်းဝေး၊ မေ့လျော့နေသူများ အနွယ်ပုထုဇဉ် အပေါင်းအားလည်း နည်းပေး လမ်းပြ ကယ်မစောင့်ရှောက် ချေချွတ် ရသည်လည်း ရှိသည်။ ယင်းသို့ကြောင့်လည်း လောကီယ ဝိဇ္ဇာကြီး များ နယ်ပယ်တွင် အဘဘိုးမင်းခေါင်အား အများက ချစ်ခင်ယုံ ကြည်၍ ထင်ရှားနေရခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်လေသည်။

ထွက်ရပ်စခန်းတွင် ဝိဇ္ဇာပုဂ္ဂိုလ်ထူး သူတော်စင် အပေါင်း သည် ရှေးအုတ်တိုက်မှစ၍ ပစ္စုပ္ပန်မျက်မှောက်တိုင် ထွက်ရာစခန်း၊ ထွက်ရာလမ်းလည်း မတူညီကြသလို အထုံအဆက်၊ ဆုတောင်း၊ ပါရမီ၊ အဓိဋ္ဌာန်၊ သစ္စာပန္နက်၊ မေတ္တာပန္နက်များလည်း မတူညီ ကြပါချေ။ ထိတွေ့ဆက်ဆံ၊ ပတ်သက်၊ ထိန်းကြောင်း ပဲ့ပြင်လမ်းညွှန် ရပါသော ပါရမီရှင်များ၊ ပဋ္ဌာန်းကြိုးဆက်၊ ဓာတ်ကြိုးဆက်များလည်း မတူညီနိုင်ကြပါချေ။

မြန်မာနိုင်ငံ၏ အထင်ကရ ပုပ္ပါးတောင်တော်မြတ်နှင့် အဘ ဘိုးမင်းခေါင်၏ ဘွဲ့အမည်မှာလည်း ခွဲခွာမရသည့် ပညတ်ဓာတ် ကဲ့သို့ လွန်ခဲ့ပါသော နှစ်ပေါင်း (၆၀) ကျော်ခန့်ကပင် ဆက်စပ် ယှဉ်တွဲလျက် တည်ရှိခဲ့ခြင်းလည်း ဖြစ်ပါသည်။ ပုပ္ပါးတောင်တော် မြတ်မှ လောကီဝိဇ္ဇာခရေ ထွက်ရပ်ပေါက်စခန်း မြန်းကြွခဲ့ကြသည့်

ဝိပဿနာမိုရ်ရဲ ဝိပဿနာပုဂ္ဂိုလ်ထူး အသီးသီးလည်း တည်ရှိခဲ့သလို အဘဘိုးမင်းခေါင် ထွက်ရပ်စခန်းမြန်းကြွခဲ့ပြီးသည့်နောက် အသီးသီး ထွက်ရပ်ဝင်ခဲ့ကြသူများလည်း ထင်ရှားစွာ ရှိနေကြပါသည်။

ယနေ့ခေတ်တွင်မူ အဘအောင်မင်းခေါင်၏ မေတ္တာမာတ် မနောမာတ်တို့အား ခံယူလျက် လမ်းညွှန်ဝါဒဖြင့် ထွက်စခန်း ထွက်မြန်းခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများထဲတွင် ဦးပရမဝဏ္ဏသိဒ္ဓိ (ယောဂီအဘဦးပြည့်စုံ) ပုပ္ပါးဦးဂျော်နီ (ခ) ဦးကုမာရ၊ ပုပ္ပါးဦးမေဓာဝီ (ရွှေမန်ကျည်းတော) တို့မှာလည်း ထင်ရှားလှသည့် ပုဂ္ဂိုလ်သူမြတ်ကြီးများပင်ဖြစ်လေသည်။ သာသနာပြု သတ္တဝါကယ်လုပ်ငန်းစဉ်များဖြင့် ထွက်ရပ်ဝင်ခဲ့ကြသူများဟု ထင်ရှားပါသည်။

အဘအောင်မင်းခေါင်အရှင် ထွက်ရပ်မြန်းကြွသည့် (၁၃၁၄) ပြည့်နှစ် တော်သလင်းလပြည့်ကျော် (၂) ရက်နေ့မှ အစပြုကာ ပဋ္ဌာန်းဆက် တပည့်ရင်းကြီးများ၊ ပဋ္ဌာန်းဆက် သား သမီးများမှ အစဉ်အလာ တစ်ရပ်အဖြစ်တည်ကာ ခမ်းနားစွာ ကျင်းပပူဇော်လာခဲ့သည်မှာ ယခုနှစ် (၂၀၁၃) ခုနှစ် ဆိုပါလျှင် အကြိမ်ပေါင်း (၆၁)ကြိမ်၊ (၆၁) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထို ရွှေပြည်ဝင်အောင်ပွဲ အဘထွက်ရပ်မြန်းပွဲကြီး မကျင်းပခင်ပင် အနယ်နယ်မှမြို့ အသီးသီးမှ အယုတ်၊ အလတ်၊ အမြတ်မရွေး အဘအားကြည်ညိုယုံကြည်သူ၊ ဆည်းကပ်အားထားသူ ပဋ္ဌာန်းဆက်

သားသမီးအပေါင်း ပုပ္ပါးအောင်မြတ် တောင်ကလပ်သို့ တဖွဲဖွဲတသဲသဲ ဝင်ထွက်မပြတ် ကားကြီး ကားငယ် အသွယ်သွယ်ဖြင့် တစ်ဦးချင်း၊ တစ်ယောက်ချင်းမှ အဖွဲ့လိုက်၊ အုပ်စုလိုက် ကားကြီးများ စင်းလုံးလိုက် ရောက်ရှိလာခဲ့ကြလေသည်။

မိမိတို့၏ မနောဆန္ဒအရ၊ အဓိဋ္ဌာန်အရ၊ ညွှန်ကြားမှုအရ၊ အဘအောင်မင်းခေါင်၏ မေတ္တာဓာတ် မနောဓာတ်အပေါင်းခံယူရန်၊ စည်ကားစွာ ကျင်းပပူဇော်နိုင်ရန် ပြင်ဆင်ကြလေတော့သည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓပူဇနိယပွဲကြီးများအပြင် ထွက်ရပ်ပေါက် ဝိဇ္ဇာပွဲတော်ကြီး အဖြစ် လောကီနယ်ပယ်၌ အထင်ရှားဆုံး အကြီးကျယ်ဆုံး ပွဲကြီးဟူ၍လည်း ဆိုနိုင်သည်။

မည်သည့် အတွက်ကြောင့်ဆိုသော် မဟာဂန္ဓာရီ အရိယမေ့ ဝိဇ္ဇာလမ်းစဉ်ဖြင့် နိက္ခမပါရမီ အလုံးစုံကို ဖြည့်ဆည်းလျက် သာသနာပြု သတ္တဝါကယ်တင်ခဲ့သည့် ရိုးရိုးသာမန် လူပုဂ္ဂိုလ်တစ်ဦးထက် သာလွန်စွာ ထွက်ရပ်ပေါက်ဝိဇ္ဇာထူးကြီးအား ရတနာသုံးပါး ဦးထိပ် ထားလျက် ကြည်ညိုယုံကြည် ပူဇော်ကြသည်မှာ အံ့ဘွယ် ဘနန်းလည်းဖြစ်သည်။ ဤသည်ကပင် အဘဘိုးမင်းခေါင် (ဝါ) အောင်မင်းခေါင်အရှင်၏ သိဒ္ဓိမဟိဒ္ဓိအရာများဖြင့် ဘဝပဋ္ဌာန်းကြိုးဆက်များအား ထုတ်ဖော်ပြသသည့် ပွဲသဘင် ဆိုပါကလည်း မမှားနိုင်ပါချေ။

အနယ်နယ်မှ အဝတ်အစား၊ အသုံးအဆောင်၊ ထမင်းဆိုင်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များမှ စ၍ ဒေသထွက် သစ်သီးဝလံ၊ အဝတ်အထည်ဆန်းများ ရောင်းချသော၊ ပစ္စည်းအမျိုးမျိုး ဈေးဆိုင်ခန်း အမျိုးမျိုးလည်း အောင်သိဒ္ဓိကုန်းတော်ပေါ်ဖြင့် ကုမာရကျောင်းတိုက်ဝင်းကြီး အတွင်းလည်း ပြည့်ညှပ်နေသည်။ ပုပ္ပါးတောင်ကလပ်ဝန်းကျင်ရှိ ဆေးပင် ဆေးဥ နှင့်ဆေးမြစ်ဆိုင်များလည်း ပေါများ၏။

စောင်ကလပ်သို့ဆင်းရာ လမ်းတလျှောက် ဝဲယာနှစ်ဘက်တွင်လည်းကောင်း၊ အောက်ရွှေမန်ကျည်းတောသို့ ဆင်းသက်ရာ လမ်းတစ်လျှောက်၊ အောင်ကလပ်ပေါ်သို့ တက်ရာ ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း တလျှောက်လည်း အစီအရီ ပြည့်သိပ် ကျပ်ခဲနေလေသည်။ တိုး၍မင်မရပေ။ အထူးခြားဆုံးမှာ တောင်ကလပ်အခြေ ဝန်းကျင်ရှိ အုန်း၊ ငှက်ပျော ရောင်းချသည့် ဈေးဆိုင်များမှာမူ ငှက်ပျောခိုင်များ၊ ငှက်ပျောဖီးများ တောင်ပုံ ရာပုံ ဟီးထနေခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံ အနှံ့အပြား အဘအောင်မင်းခေါင် အရှင်အား ရှိသေကြည်ညိုလေးစားသူ၊ ယုံကြည်ဆည်းကပ်သူ၊ ပဌာန်းဆက် (၇) ရက်သားသမီး အပေါင်းတို့သည် ရွှေပြည်ဝင်အောင်ပွဲတော်နေ့၊ ထွက်ရပ်မြန်းကြွ ထွက်ခွာသည့်နေ့ မတိုင်ခင် တစ်ပတ်အလို ၄၅

ရက်အလိုကပင် ကားကြီး ကားငယ် အသွယ်သွယ်၊ ကုန်းကြောင်း၊ ခြေကျင်တစ်ဖုံ ပါရမီ အကြောင်းအရာ ဓာတ်ခံများအရ လာရောက် ဆုံဆည်းခွင့် တွေ့ကြုံခွင့် ရခြင်းဖြစ်ကြသည်။

အချို့သော ပဋ္ဌာန်းဆက်များ ဝေနေယျသားသမီးများသည် အဘအောင်မင်းခေါင်၏ ထွက်ရပ်မြန်းချိန် မတိုင်ခင် ရက်ကပင် ကုမ္ဘဏီ၊ လုပ်ငန်း၊ မိသားစု ဓာတ်နန်း အစရှိသဖြင့် ပွဲတော်များတွင် အမည်ကဗ္ဗည်းများ အဘအောင်မင်းခေါင်အား အမှူးထား၍ ကြိုတင် ဆက်ကပ် လှူဒါန်းကြလေသည်။ တချို့ကလည်း နှစ်ရက်ကြို၊ တစ်ရက် ကြိုတင်လျက် အဘအောင်မင်းခေါင် နောက်ဆုံးအချိန်ထိ ခန္ဓာရုပ် ကြီးအား စွန့်ခွာခဲ့သည့် ဓာတ်နန်းဖြင့် သလွန်ငယ်ထက်၌လည်း ကောင်း၊ နဘေးရှိ အဘအောင်မင်းခေါင် သာသနာပန္နက် စိုက်ထူခဲ့ သည့် နဝင်းစေတီတော်၌လည်းကောင်း၊ တောင်ကလပ် ထိပ်ပေါ်ရှိ ကမ္ဘာလုံးစေတီ (အဘအောင်မင်းခေါင် နောက်ဆုံးဓာတ်ပန္နက် အဖြစ် တည်စိုက်ခဲ့သော ကမ္ဘာလုံးစေတီ) ဓာတ်နန်းတော် အသီး သီးတို့၌ ငှက်ပျောဖီးကြီးများ (၁၀၈) ဖီးပွဲကြီးများအား ဖြန့်ဆင်၍ အဓိဋ္ဌာန်ပွဲများ အဖြစ် ဆက်ကပ်လှူဒါန်းကြ၏။

လောကီဝိဇ္ဇာရေ ပါရမီလမ်း ပါရမီစခန်းများ ကျင့်ကြံအားထုတ် ၍ သာသနာတော်ကြီးအား အထောက်အပံ့ပြု လှူဒါန်းနိုင်ရန် လောကီဓာတ်ဆင်လျက် အညွန့်ပန်း၊ အပွင့်ပန်းများဖြင့် လှူဒါန်း

ကြခြင်းဖြစ်ပါသည်။ အဘအောင်မင်းခေါင်၏ ထွက်ရပ်မြန်းကြသည့် ရက် နီးကပ်လာလေ၊ တောင်ကလပ်ဝန်းကျင်ရှိ သက်ဆိုင်ရာ စေတီဘုရား၊ ရုပ်ပွားတော်များမှစ၍ ဓာတ်နန်းဆောင်ကြီးများတွင် အောင်ပွဲတော်များ (၁၀၈)ဖိုး ပွဲတော်များ၊ နေရာလပ်မကျန်အောင် ပြည့်ညပ်၍ အမိန့်ခန်းအရ လှူဒါန်းခွင့်မရမှာ ပူပန်စိုးရိမ်၍ ကြိုတင်လှူဒါန်းကြခြင်းဖြစ်ပါသည်။

အမှန်တကယ်လည်း အဘအောင်မင်းခေါင်၏ ထွက်ရပ်စခန်းမြန်းကြွရာ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ မတိုင်ခင် အဖိတ်နေ့ လပြည့်နေ့မှစတင်၍ တောင်ကလပ်ထိပ်ဖြင့် အောက်ခြေဝန်းကျင် အသီးသီးရှိ ကျောင်းတိုက်များ၊ ဓာတ်နန်းများ၊ ဘုရားစေတီ အသီးသီးတို့၌ စိမ်းမြသော ငှက်ပျောခင်းကြီးပမာ (၁၀၈) ဖိုးပွဲမှစ၍ လောကီ နဝင်းဓာတ်ဆင့်သော ပွဲတော်ကြီးများ အလင်းတိုင် နံ့သာတိုင်များ ပြည့်လျှံလျက် နေရာလပ်မရှိတော့ ပါချေ။

ကျောင်းတိုက်အသီးသီး နေရာဌာနအသီးသီးတို့၌လည်း အမြို့မြို့ အနယ်နယ်မှ အောင်ဟိပ်အောင်ဓာတ်ခံ၊ အောင်မြေနင်းရန်၊ သမထ ဝိပဿနာ ဘာဝနာ အဖြာဖြာ ကျင့်သုံးဆောက်တည်လျက် ပါရမီစခန်းတက်လှမ်းရန် လာရောက်ကြသည့် ကားကြီး ကားငယ် အသွယ်သွယ်ဖြင့် လူသူပရိသတ်ကြီးများ တိုး၍ပင် မပေါက်ပါဘဲ သင့်ရာ၊ ဖြစ်ရာ၊ နေရာဌာန အသီးသီးတို့၌ နေထိုင်အိပ်စက်ကြရ

သူတွေလည်း များပြားလှသည်။

တောင်ကလပ်ထိပ်ပေါ်သို့ အဘအောင်မင်းခေါင် အရှင်ထွက်ရပ်မြန်းသည့်နေ့ မတိုင်ခင်က ငှက်ပျောခိုင်များ သယ်ကမ်းပို့ဆောင်ပေးကြသော အလုပ်သမားများသည်လည်း လပြည့်မတိုင်ခင်မှ စတင်၍ တောင်ကလပ်ထိပ်သို့ ကျဉ်းမြောင်းလှသည့် သံလှေကားမှ ပိတ်ဆို့များပြားသော အဘ၏ ဝေနေယျ သားသမီးများကြောင့် ရှေ့ဆက်၍ ကလပ်ပေါ် အရောက် သယ်၍ မရတော့သလို စောင်းတန်းများ အလျောက် ထူထပ်ပြည့်လျှံနေသော တိုးမပေါက်သည့် ဘုရားဖူးများကြောင့်လည်း တောင်ကလပ်ထိပ်ပေါ်သို့ မည်သည့်ပွဲတော်မှ လှူဒါန်းခွင့် တင်ဆောင်ခွင့် မပြုနိုင်ကြတော့ပါချေ။

ပုပ္ပါးတောင်ကလပ်ထိပ် (သို့) တက်ရာ နာမည်ကျော် ထင်ရှားသည့် သံလှေကားစောင်းတန်းမှာ ကျဉ်းမြောင်းသလို နှစ်ယောက်တစ်တွဲသာ အတက်အဆင်းပြုရသောကြောင့် တောင်ကလပ်ထိပ်သို့ တက်ရောက်ဖူးမြော်ရန် လှူဒါန်းရန် ပဌာန်းဆက်များမှာ ယင်းသံလှေကား စောင်းတန်းထိပ်တွင် နာရီဝက်၊ တစ်နာရီကြာအောင်ပိတ်ဆို့လျက် ရပ်တန့်စောင့်ဆိုင်းကြရလေသည်။

ပုပ္ပါးတောင်ကလပ် ဂေါပကအဖွဲ့၊ လုံခြုံရေး စောင့်ရှောက်ကူညီကြသော ကျေးရွာများမှ တာဝန်ရှိလူငယ်များမှ စည်းကမ်းတကျဆောင်ရွက်ကြပါသော်လည်း အမြို့မြို့ အနယ်နယ်မှ လာရောက်ကြ

သည့် ပုပ္ပါးတောင်သာသနာဖြင့် ပဋ္ဌာန်းကြိုးဆက်ရှိသူ ဘုရားဖူး ပရိသတ်များ များပြားလွန်း၍ အချိန်အတော်ကြာမှ တောင်ကလပ် သို့ တက်ရောက်ဖူးမြော်ခွင့် ရရှိနိုင်ပေမည်။

အဘဘိုးမင်းခေါင် ပုပ္ပါးတောင်ကတုံးအား ကြီးကျယ်ခမ်း နားလှပါသော သာသနာအောင်လံများ တလူလူ ဝင့်ကြွားနိုင်ရန် အမြို့မြို့အနယ်နယ်မှ ရှမ်းခေတ်၊ ရှမ်းသိုင်းအဖွဲ့၊ အကများ၊ ရှမ်းဒိုး သံများသည် တောင်ကလပ် ဝန်းကျင်တဝိုက် ကြက်သီးတဖြန်းဖြန်း ထလောက်အောင် စည်ဝေညံလျက် မိုးယံတိုင် လွင့်ပျံနေလေသည်။



## ကပ်ဆယ် ဓာတ်တည်

အဘအောင်မင်းခေါင်သည် သတ္တဝါများအပေါ် ရင်ဝယ်သားသမီးများကဲ့သို့ မေတ္တာ၊ ဂရုဏာကြီးမားသူတစ်ဦး ဖြစ်ကြောင်းလည်း ပုပ္ပါးတော်မြတ် အောင်ကလပ်တွင် နေထိုင်သီတင်းသုံးရင်း သမထ၊ ဝိပဿနာ ဘာဝနာတို့အား ကျင့်သုံးဆောက်တည်နေစဉ် တပည့်ရင်း သာဝက ကြည်ညိုရိုသေသူ၊ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်များအား ရံဖန်

ရွှတ်ဖတ်သီဆိုခဲ့ပါသော တဘောင်အလင်္ကာကြီးများ၌ မနော်ပုံရိပ်အားတွေ့မြင်နိုင်သည်။ တချို့သော ပုဂ္ဂိုလ်များက အဘဘိုးမင်းခေါင်အား စိတ်မနှံ့သူ၊ သွားချင်ရာသွား၊ နေချင်သလိုနေ ထင်ရာပြောဆိုလုပ်ကိုင်ဆောင်ရွက်တတ်သည့် သူရူးကြီးသဖွယ် သတ်မှတ်ထင်မှတ်များခဲ့ကြသည်။ ယင်းအချိန်ကာလက အဘဘိုးမင်းခေါင်သည် ဇာတိရွာဖြစ်သော ပုပ္ပါးတောင်မြတ်၏ အရှေ့မြောက်ဘက်ရှိ စင်မြင့်ရွာကနေ ရဟန်းအသွင်ဖြင့် နှစ်ပေါင်း (၃၀) ခန့်ကြာအောင်ပျောက်ဆုံးသွားပြီးနောက် ပုပ္ပါးတောင်သို့ ပြန်လည် ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။

လောကီဝိဇ္ဇာရေ နယ်ပယ်ကြီးသည် သာမန်ပကတိ လူသားတို့၏ ဉာဏ်တစ်ထွာ တစ်မိုက်မျှဖြင့် မမြင်မသိနိုင်သော လျှို့ဝှက်ခြင်း၊ နက်နဲခြင်း၊ သိမ်မွေ့ခြင်း၊ ဆန်းကြယ် ဂမ္ဘီရဆန်ခြင်းများအနမတဂ္ဂ တည်ရှိပါသည်။ လောကီယဝိဇ္ဇာကြီးများ၊ ဂန္ဓာရီ ဝိဇ္ဇာဝိုရ်ကြီးများ အတွင်းစခန်း၊ အပြင်စခန်းစဉ်များ၌လည်း မြုပ်ကွက်များ၊ ဝှက်ဖဲများ၊ ဂမ္ဘီရဆန်ခြင်းများ များစွာပင်ရှိလေသည်။

ကံတူ၊ ဉာဏ်တူပါမှ၊ အကျင့်တူ အဆင့်တူပါမှ အမြင့်တူ အရင့်ခြင်းလည်း တူပါမှ အချို့သော ပညာပါရမီ အကြောင်းဆက်ခံများကို ပါးပါးလေးမှ ရိပ်စားနားလည်အပ်သော အရာများလည်းဖြစ်သည်။ လောကီဝိဇ္ဇာမရေ သိဒ္ဓိစခန်း မဟိဒ္ဓိလမ်းအရာများ၌လည်း

အားထုတ်ကျင့်သုံးသူ ပါရမီရှင် သူတော်ကောင်း သူတော်စင်မှန် သမျှ ရရှိပိုင်ဆိုင်ထားသော သမထတန်ခိုးအရာ၊ လောကီအဘိညာ အရာ၊ ဝိဇ္ဇာမယ အစပေါင်းတို့အား ထုတ်ဖော်ပြသခဲ့သလို ဖွင့်ဟ၍ လည်း ဝန်ခံခဲ့လေသည်။ မသိသူကျော်သွား သိသူဖော်စား ဟူသည့် စိတ်နှလုံးမျိုးသာ ထားရှိကြသည်။ မလိုက အပိုမပြောပါ။

အမျိုးဘာသာ သာသနာဖြင့် ပတ်သက်ဆက်နွှယ်လာပါမှသာ၊ သတ္တဝါဝေနေယျများ အသက်ဘေးရန်၊ အန္တရာယ်ကြုံတွေ့လာမှ သာလျှင် လိုအပ်သော နေရာ၊ ကာလအလိုက်၊ အပ်စပ်ရာ၊ သင့်ရာ သိဒ္ဓိ မဟိဒ္ဓိအစွမ်းကို ထုတ်ဖော်ပြသလေ့ရှိပေသည်။ မလို အပ်ဟူသော စကားအရလည်း မလိုပါဘဲ မအပ်မစပ်ရာကို ဟန်ပြ မာန်ကြွလျက် ပြသထုတ်ဖော်ခဲ့သည်။ လောကီအရာတွင် သိဒ္ဓိအဖုံ ဖုံ ထုံ၍ လုံ၍ သိဒ္ဓိပြီးမြောက် ခရီးရောက်ပြီးနှင့်သော လောကီယ ဝိဇ္ဇာကြီးများမှာမူ ဝိဇ္ဇာမယ အထက်တန်ခိုးတို့အား ရရှိပိုင်ဆိုင်ထား ပြီး ဖြစ်သည်ဟုဆိုကြပါသည်။

ဝိဇ္ဇာစစ် ဝိဇ္ဇာမှန်တို့သည်ကား ဆုကြီး ဆုထူးပန် အလောင်း တော်များ ဖြစ်ကြသဖြင့် ရတနာသုံးပါး ဦးထိပ်ထားသည်။ ရတနာ သုံးပါး လမ်းစဉ်ဖြင့် သွေဖီသော လုပ်ငန်းတို့အား ပြုလုပ်ဆောင် ရွက်ခဲ့လှပါသည်။ လောကသတ္တဝါတို့၏ အကျိုးစီးပွားဖြင့် ယှဉ်လာ ပါလျှင် ကာကွယ်စောင့်ရှောက်ရန် အချိန်ကျလာပါလျှင် တတ်မြောက်

တေးသည့် လောကီဝိဇ္ဇာရေး အတတ်ပညာများဖြင့် လိုလျှင် လိုသလို စီရင်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်မှု ပြုကြစမြဲလည်း ဖြစ်ပါသည်။

မယောင်ရာ ဆီမလူးတတ်သကဲ့သို့ မိမိတို့၏ ဂုဏ်ကို ဖော်ရန် ပင် မကြိုးပမ်းကြသူများလည်း ဖြစ်ကြသည်။ ဇာတိ စင်မြင့်ရွာမှ နှစ်ပေါင်း (၃၀) ခန့်ကြာအောင် မြန်မာနိုင်ငံ ထက်အောက် တနံ တလျား ဂန္ဓာရီခရီးစဉ်လှည့်လည်လျက် တိမ်မြုပ်နေသော သာသနာ့ ဓာတ်ပန္နက်၊ ဝိဇ္ဇာဓာတ်ပန္နက် အထူးထူးတို့အား နိက္ခမပါရမီများ ဖြည့်ဆည်းလျက် သာသနာပြုခဲ့ခြင်း ဖြစ်သည်။

ဝိဇ္ဇာဟူသည် လိပ်စာမရှိသလို အိပ်ရာလည်း ကင်းမဲ့စွာ နေထိုင် ကျင့်သုံးခဲ့သူဖြစ်သည်။ အထက် ကသာ၊ ရွှေလီ၊ ဗန်မော်၊ ချင်းတွင်း ခရိုင်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးရှိ အတွင်းဒီပါ အပြင် ဒီပါ နံကသူနယ်မြေ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ အကြေ အညာ၊ မင်းဘူး၊ စက်တော်ရာ၊ ရန်ကုန်၊ မန္တလေး၊ အချို့သော မြို့ကြီး နယ်ကြီး များပါမကျန် ရိုးမကြီးများအနှံ့၊ သာသနာမပွင့်လင်းရာ အရပ် ဒေသ အသီးသီးသို့ အပင်ပန်း၊ အဆင်းရဲခံလျက် လှည့်လည်ခဲ့ခြင်း ဖြစ်ပါသည်။

အသွင်သဏ္ဍာန် ပုံစံအမျိုးမျိုးဖြင့် လှည့်လည်လျက် သာသနာ ဓာတ် ပန္နက်များကို ပါရမီအရ ပြန်လည်ဖွင့်ဖော်ခဲ့သည်။ ယင်းအချိန် အခါ သမယများ၌-

ဘုရားလေး ငယ်ငယ်
ကိုးတောင် ပြည့်တည်၊
ငယ်သာငယ် ကပ်ဆယ်မဲ့ဘုရား
ဓာတ်ကောလိ သုံးဆယ် ကူးရအောင်ကွယ်
ဖူးကြ အများ...။

ဟူသော တဘောင်လင်္ကာများ ထင်ရှားစွာ ထွက်ပေါ်နေချိန် တဘောင်နိမိတ်များဖြင့် အတူ အဘအောင်မင်းခေါင်သည် ကပ်ဆယ် ဓာတ်တည် (ကိုးတောင်ပြည့် စေတီ၊ ဆယ်တောင်ပြည့်စေတီများ) မြောက်များစွာ တည်ထားခဲ့လေသည်။ အဆူပေါင်း (၁၀၀) ကျော်ခန့် ဓာတ်ပန္နက်စွဲကိုင်လျက် တည်ထားခဲ့ခြင်းဟုသိရသည်။ ယနေ့ ကာလတွင် ပါရမီရှင် ပဋ္ဌာန်းဆက်များ ဖူးမြော်ခွင့်ရရှိနေကြပါသော အချို့ ထင်ရှားလင်းပွင့်နေသည့် သာသနာပန္နက်များမှာ ယင်းအချိန်ကာလက မြန်မာနိုင်ငံရှိ သတ္တဝါအများ ကပ်ဘေးများ ကျော်လွှားနိုင်အောင် ကပ်ဆယ်ဓာတ်ယတြာ စေတီများအဖြစ် အဘဘိုးမင်းခေါင်မှ တည်စိုက်ခဲ့ခြင်းပင်ဖြစ်သည်။ (ယှင်းအချိန်က အဘသည် ပုပ္ပါးအောင်မင်းခေါင် ဟူသော ဘွဲ့အမည်ပညတ်အား မသုံးစွဲသေးပါ။)



## ကြာကလပ်မှာ ဆွမ်းတော်တင်


ထိုအချိန်ကာလက မျက်နှာဖြူ နယ်ချဲ့တို့လက်ထက်အောက်တွင် မြန်မာနိုင်ငံတစ်မျိုးသားလုံး သူ့ကျွန်ဘဝ ကျရောက်နေချိန်ဖြစ်၍ မြန်မာ့ပလ္လင်၌ မြန်မာတို့၏ အရှင်သခင်ကိုသာ ထင်ရန်၊ အမျိုး ဘာသာ၊ သာသနာအမျိုးကို မျှော်မှန်း၍ အဘဘိုး မင်းခေါင်သည် ဓာတ်ပန္နက် အစီအရင်တို့အား ဆောင်ရွက်ခဲ့ခြင်းဟု ဆိုကြသည်။

ယင်း အချိန်တွင် မြန်မာနိုင်ငံတွင် လောကီဖြင့် နွယ်သော အထက်ဂိုဏ်းတော်ကြီးများ၊ အောက်ဂိုဏ်းတော်ကြီးများလည်း ပေါ် ပေါက်နေပြီဖြစ်၏။ မြန်မာနိုင်ငံ အနှံ့အပြားတွင်လည်း အတိတ်နိမိတ်၊ စနည်း၊ တဘောင် ဘဝေါအရ နေရာဒေသ အနှံ့တွင်လည်း တဘောင် တော်များ အသီးသီးပေါ် ပေါက်လျက် ရှိလေသည်။

**မုန့်လုံးကို စက္ကူကပ်**
**ကြာကလပ်မှာ ဆွမ်းတော်တင်၊**
**ပလ္လင်ပေါ်က မျောက်ကလေး**
**ဆင်းတဲ့လို့ ပြေး...**

အစရှိသည့် တဘောင်များလည်း လူကြီး လူငယ် ကလေးငယ်ပါ မကျန် ပါးစပ်ဖျားရေပန်းစားလျက် ရှိနေပေသည်။ ပုပ္ပါးတောင် မြတ်တောင်ကလပ်သည် ကြာကလပ်ဖြစ်၍ ရတနာသုံးပါးဂုဏ်ဖြင့် မြန်မာတို့၏ ထီးနန်းအား သိမ်းပိုက်အုပ်စိုးလျက်ရှိသော မျက်နှာ ဖြူ နယ်ချဲ့သမား (မျောက် အဖြစ်ပညတ်လျက်)ကို မြန်မာ့ထီးနန်း မြန်မာ့မြေ၊ မြန်မာ့ရေကနေ ပြန်လည် ထွက်ခွာရန် မြန်မာ့ထီးနန်း ပလ္လင်တော်မှနေ၍ ဆင်းပြေးစေရန် ပုပ္ပါးတောင်မြတ် တောင်ကလပ် ၌ အဘဘိုးမင်းခေါင် ရောက်ရှိနေခြင်းဟု ဂန္ဓာရီပုဂ္ဂိုလ်ကြီးများမှ ဆိုမိန့်ဖူးသည်။

ယင်းအတိုင်းပင် မြန်မာ့မြေပေါ်မှ နယ်ချဲ့ဗြိတိသျှများ ထွက်ခွာ၍ မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြငှာန်း ပြန်လည်စံခွင့်ရခဲ့လေသည်။ (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်နေ့ ဖြစ်သည်) မြန်မာနိုင်ငံ တစ်နံတလျား၌ ရှေးမင်းအဆက်ဆက်မှ စတင်လျက် မြန်မာ့လောကီဝိဇ္ဇာရေ သိဒ္ဓိလမ်း မဟိဒ္ဓိလမ်းစဉ်များ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးမြောက်လျက် ထွက်ရပ်စခန်းဝင် ထွက်ရပ်ပေါက် ဝိဇ္ဇာပုဂ္ဂိုလ်သူ မြတ်ကြီးများသည် အမျိုးဘာသာ သာသနာဖြင့် ပတ်သက်လျှင်၊ လောကီလူသား ပဋ္ဌာန်းဆက် ဝေနေယျများ၏ အကျိုးစီးပွား၊ လောကကောင်းကျိုးစီးပွားကို အဓိဋ္ဌာန်ပနွက် အဖြစ်မယိမ်းမယိုင်စွဲကိုင်လျက် သာသနာပြု သဏ္ဌာဝါကယ်ခဲ့သော ပုံရိပ်များလည်း ဖြစ်ပေသည်။



## အဘဘိုးမင်းခေါင်၏ ဝိဇ္ဇာသိဒ္ဓိ မဟိဒ္ဓိများ

အဘဘိုးမင်းခေါင် အရှင်သည် မဟာဂန္ဓာရီ အရိယမဂ္ဂ ဝိဇ္ဇာတို့၏ ဆုတောင်း၊ အဓိဋ္ဌာန်၊ သစ္စာပန္နက်များအရာ ပါရမီ အသီးသီး ဖြည့်ဆည်းခဲ့ရသည်။ အဘဘိုးမင်းခေါင်၏ ဆရာအရှင် မြတ်သည် သထုံသို့ သာသနာပြုရန် ကြွရောက်ခဲ့သော ရှင်အရဟံ မထေရ်မြတ်ဖြစ်သည် ဟုလည်း ဆိုကြသည်။ အဘဘိုးမင်းခေါင်၏ လမ်းစဉ်မှာ ဗုဒ္ဓ၊ သစ္စာ၊ မဏ္ဍိုင် လမ်းစဉ်ဖြစ်သလို ယင်းလမ်းစဉ်

အတိုင်း အကျင့်၊ သီလ၊ သမာဓိ၊ ပညာအရာ၊ မယိမ်းမယိုင်၊ မသွေမဖီဘဲ- ယနေ့ကာလတိုင် ပါရမီ အသီးသီးတို့အား ဝိဇ္ဇာပုဂ္ဂိုလ်ထူးတစ်ပါးအဖြစ် လက်ဝဲမဟိဒ္ဓိရှင်ဘွဲ့ခံ ပုဂ္ဂိုလ်ကြီးအဖြစ် ဖြည့်စွမ်းနေသည်ဟု ဆိုကြပါသည်။

ပဋ္ဌာန်းဆက်၊ ပါရမီရှင် သွေးသားအပေါင်း တို့အားလည်း ပါရမီစခန်းများကို နည်းမှန်လမ်းမှန် ပဋ္ဌာန်းမှန်စေလျက် စခန်းမှန်အောင် ဩဝါဒပြု လမ်းညွှန်လျက်လည်း ရှိပေသည်။ အဘဘိုးမင်းခေါင်အရှင်သည် ပါရမီစခန်း လုပ်ငန်းစဉ် အပေါင်းတို့အား နိကြွမအရာဖြင့် ဖြည့်စွမ်းခဲ့ရာတွင် ရရှိအပ်သော ဝိဇ္ဇာသိဒ္ဓိ မဟိဒ္ဓိ အရာများကိုလည်း လောကီယဝိဇ္ဇာကြီး တစ်ဦးပီပီ လိုအပ်လျှင် ရှိုအပ်သလို သတ္တဝါတို့ အကျိုးကိုမျှော်ထောက်လျက် ပြသခဲ့ဖူး လေသည်။ ယင်း သိဒ္ဓိ မဟိဒ္ဓိ အရာများမှာ...

၁။ တောတွင်းနေ ကျားရိုင်းသတ္တဝါများကို အိမ်မွေးကြောင်ပမာ ယဉ်ပါးစေခြင်း၊

၂။ ကျားသတ္တဝါများအား လိုရာ မနေ့ဖြင့် စေညွှန်နိုင်ခြင်း၊

၃။ အထက်ကသာ ခရိုင်တွင် ရွှေလီမြစ်ကွေ့၌ သစ်လုံးတော်ကြီးအား စေညွှန်ခိုင်းစေခြင်း၊

၄။ သေဆုံးပြီး သတ္တဝါအား ပြန်လည် အသက်ရှင်စေနိုင်ခြင်း၊

၅။ ငှက်ပျောရွက်ပေါ် ကြောင်ပမာ တက်၍ လှဲလျောင်းနေ

ပြခြင်း၊

၆။ ချမ်းအေးသော ဆောင်းကာလတွင် ရေခဲတမျှ ရေထဲ စိမ်နေပြခြင်း၊

၇။ ပူပြင်းသည့် နွေအခါ၌ သွပ်အမိုးပေါ် အိပ်စက်ပြခြင်း၊

၈။ ဆီမရှိ အင်ဂျင်မပါ ကားစုတ်ကြီးအား သွားလိုရာ သွားစေနိုင်ခြင်း၊

၉။ ရံဖန် သုံးလေးလခန့်ကြာအောင် ရေမချိုး မသန့်စင်ဘဲ နေထိုင်နိုင်ခြင်း၊

၁၀။ အစာအာဟာရ မစားမသောက်ဘဲ လေးငါးလ နေထိုင်နိုင်ခြင်း၊

၁၁။ ရံဖန် မအိပ်စက်ဘဲ လေးငါးလ နေထိုင်နိုင်ခြင်း၊

၁၂။ လများကြာအောင် ဝစီပိတ် နေထိုင်နိုင်ခြင်း၊

၁၃။ ခန္ဓာကိုယ်၌ ရေမချိုး၊ မသန့်စင်သော်ငြား အနံ့အသက် မထွက်ခြင်း၊

၁၄။ ယုံကြည်ကြည်ညို သူများအား ထူးခြားမှု ပြသနိုင်ခြင်း၊

၁၅။ လူတို့၏ မနော၊ စိတ်အလိုကို ကြိုတင်သိနေခြင်း၊

၁၆။ ရေပြင်အား မြေပြင်ပမာ ကူးသန်းနိုင်ခြင်း၊

၁၇။ နေရာဒေသ အနှံ့ ပုံသဏ္ဍာန်မျိုးစုံဖြင့် သွားလာ တွေ့ရှိရတတ်ခြင်း ...

ယင်းတို့မှာ အဘဘိုးမင်းခေါင် အရှင်မြတ်၏ ဖွင့်ဟမပြောပါသော် လည်း ထုတ်ဖော်ပြသ တတ်ပါသည့် သိဒ္ဓိ မဟိဒ္ဓိအစွမ်း မြောက်များ စွာမှ အချို့ထင်ရှားသော သိဒ္ဓိ မဟိဒ္ဓိအရာများ ဟုလည်းဆိုနိုင် လေသည်။

သိဒ္ဓိဆယ်ပါး ပြီးမြောက်ခရီးပေါက်နှင့်ပြီ ဖြစ်သော ဂန္ဓာရီ ဝိဇ္ဇာ၊ လောကီယဝိဇ္ဇာကြီးများသည် လောကီ ဈာန် အဘိညာများ ရရှိနိုင်ကြောင်း စာပေများ၌ လာရှိပါသည်။



## ပထမံ ဝိဇ္ဇာဓိုရ်ကြီးများ

အဘဘိုးမင်းခေါင်သည် ထွက်ရပ်စခန်းသို့ မထွက်ကြွမြန်းခင် အမျိုးဘာသာ သာသနာဖြင့်စပ်လျဉ်း၍ ခေတ်အဆက်ဆက်မှ ပေါ် ပေါက်လာခဲ့သည့် လောကီဝိဇ္ဇာရေ ဝိဇ္ဇာမယ မနောမယဆိုင်ရာ အထက်သာသနာပြု လောကီဂိုဏ်း အချို့တွင်လည်း သတ္တဝါကယ် သာသနာပြု လမ်းစဉ်အရ ပါရမီဖြည့်ဝင် ဆောင်ရွက်ခဲ့လေသည်။ ယင်းအချိန်ကာလများ၌ အင်း၊ ဆေး၊ မှော် မဖက်စေဘဲ ပထမံ

ထွက်ရပ်ပေါက် ဂိုဏ်းအချို့တွင် လောကီ အကျိုးစီးပွားအတွက် ရတနာသုံးပါးလက်ကိုင်ထား၍ တက်စွမ်းသမျှ သာသနာပြု ပါရမီ ဖြည့်စွမ်းခဲ့သည်။

သို့ပါသော်လည်း အဘဘိုးမင်းခေါင် (ဝါ) ဘိုးတော်အောင်မင်းခေါင် အရှင်သည် ရာဇကြိုး၊ ဓာတ်ကြိုး၊ နတ်ကြိုး၊ သိုက်ကြိုး အပေါင်းကို ပိုင်နိုင်စွာ ထိန်းကျောင်း ပွဲပြင် လမ်းညွှန်ကြဝါဒ ပြုနိုင်သော အရိယာမေ့ ဝိဇ္ဇာကြီး တစ်ပါးအဖြစ် ထွက်ရပ်ဝင်ခဲ့သူဖြစ်၍ အဘ၏ မိန့်မှာချက် စကားအရ ရုပ်ကိုမသုံး နာမ်ကိုသုံးသည်ဖြစ်၍ နာမ်မနော စေညွှန်၍ အထက်သာသနာပြု ဂိုဏ်းတော်အသီးသီးပဌာန်းဆက် သာဝက အသီးသီးတို့၏ သာသနာပြု လောကီဂိုဏ်းတော်များတွင် ပါဝင်နေပေမည်။

ယင်းတို့တွင်မှ ပထမံ မဟိဒ္ဓိ သာသနာပြု ဂိုဏ်းတော်ကြီး တပ်ဦးအဖွဲ့တွင်လည်း အဘဘိုးမင်းခေါင်သည် ဝိဇ္ဇာစိုးရ ဂိုဏ်းချုပ်ဆရာကြီး (၁၀) ပါးနေရာတွင် ပါဝင်ခဲ့သည်ဆို၏။ ယင်းတို့ မှာ...

၁။ အဘဘိုးဘိုးအောင် (ဂိုဏ်းချုပ်သာသနာပြု ဆရာကြီး)

၂။ ဣန္ဒာသဃ ကမ္ဘာတည် ရှင်ရသေ့ကြီး။

၃။ ဆရာတော်ကြီး ဦးဣန္ဒာသဃ၊

၄။ ဦးပညာသာမိ (ပုပ္ပါးတောင်ဝိဇ္ဇာဆရာကြီး)

၅။ ဆံရှည်ဆရာတော်ကြီး ဦးကောဏ္ဍည

၆။ အင်းဝိဇ္ဇာဆရာတော်ကြီး ဦးဝဏ္ဏသာမိ
၇။ မန္တဝိဇ္ဇာဗိုလ် (ခေါ်) မန္တာဝိရီ ဆရာတော်ကြီး
၈။ ဆရာတော်ကြီး ဦးစန္ဒောဘာသ
၉။ ဦးစန္ဒိမာဆရာတော်ကြီး
၁၀။ ပထမံဆရာကြီး ဘိုးတော်အောင်မင်းခေါင် စသည့် (၁၀) ပါးသော ဝိဇ္ဇာဗိုလ်ကြီးများသည် ပထမံ မဟိဒ္ဓိ သာသနာပြု ဂိုဏ်းတော်ကြီး တပ်ဦးအဖွဲ့၏ ပုဂ္ဂိုလ်ကြီးများဖြစ်သည်။

သမထ ဝိပဿနာလမ်းစဉ်သက်သက်ဖြစ်သာ သာသနာပြု ကြပါသော ဂိုဏ်းတော်ကြီးဖြစ်သည်။

ယင်းအပြင် မဟိဒ္ဓိ မဟာဂန္ဓာရီ အရိယာဝိဇ္ဇာဗိုလ် လမ်းစဉ် အရလည်း မနောမဟိဒ္ဓိ အရိယာ့ဝိဇ္ဇာဗိုလ် မဟာဂန္ဓာရီ သာသနာပြု အဖွဲ့၏ ဦးစီးနာယကအဖြစ် မဟိဒ္ဓိဝိဇ္ဇာဗိုလ်ဆရာတော် ဦးဝါယမ မာန်အောင်ဆရာတော် ဦးနန္ဒိယတို့အပြင် ဘိုးတော် အောင်မင်း ခေါင် အရှင်လည်း ဦးဆောင်ပါဝင်ခဲ့သည်။ ယင်းအပြင် ကမ္ဘာလုံး ဆိုင်ရာ မနောမယသိဒ္ဓိ မဟိဒ္ဓိ ဓမ္မဝိဇ္ဇာ သာသနာပြုအဖွဲ့ချုပ် (မဟိဒ္ဓိ အဖွဲ့ချုပ်) ကြီး၏ မြန်မာနိုင်ငံ တာဝန်ခံကြီး (၃) ပါးအဖြစ် မဟိဒ္ဓိရှင် ပေါက်ဆရာတော်ကြီးများဖြစ်သည့် အဘ ရက်ကန်းစင် တောင် ဆရာတော်၊ ပထမံဘိုးဘိုးအောင်နှင့် အဘ ဘိုးမင်းခေါင်၊ (ဘိုးတော် အောင်မင်းခေါင်) လည်း ပါဝင်နေလေသည်။

လောကီဝိဇ္ဇာမရေ သိဒ္ဓိ မဟိဒ္ဓိ လမ်းစဉ်များ၊ ဂန္ဓာရီပညာစခန်း

များ ကျင့်ကြံအားထုတ်နေကြပါသော ပုဂ္ဂိုလ်သူမြတ်များ အဓိဋ္ဌာန် ပါရမီသမား၊ ပါရမီရှင်များ သုတမယအလို့ငှာ ရှေးနှစ်ပေါင်းများ စွာ ခေတ်အဆက်ဆက် ထွက်ရပ်စခန်းဝင်၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ထူးကြီးများဖြင့် ပါဝင်ဖွဲ့စည်းလျက် တစ်ကမ္ဘာလုံးဆိုင်ရာ မနောမယသိဒ္ဓိ မဟိဒ္ဓိ ဓမ္မဝိဇ္ဇာ ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ်ကြီး (မဟိဒ္ဓိအဖွဲ့ ချုပ်) ၏ (၉) တိုင်း (၉) ဌာနသာသနာပြု သတ္တဝါကယ် ပါရမီလမ်း စဉ်ဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၏ အကျိုးစီးပွားအား သိဒ္ဓိရှင် မဟိဒ္ဓိရှင်ပုဂ္ဂိုလ်ကြီးများအဖြစ် စာရင်းများကို ဖော်ပြပေးလိုက် ရပါသည်။

**ကမ္ဘာလုံးဆိုင်ရာ မနောမယ သိဒ္ဓိမဟိဒ္ဓိ ဓမ္မဝိဇ္ဇာ**
**ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ် (မဟိဒ္ဓိအဖွဲ့ချုပ်)**

ပထမဥက္ကဋ္ဌ - မဟာအတုလ ဝိဇ္ဇာထိပ်ခေါင်တင် အဓိပတိ ဝိမလ ဆရာတော်ကြီး။

ဒုတိယ ဥက္ကဋ္ဌ - မဟာအတုလ ဝိဇ္ဇာထိပ်ခေါင်တင် အဓိပတိ မဟိဒ္ဓိ သက်တော်ရှည် ဆရာတော်ကြီး။

တတိယဥက္ကဋ္ဌ - မဟာ အတုလ ဝိဇ္ဇာထိပ်ခေါင်

တင် အဓိပတိ မဟိဒ္ဓိ ဒိသာ
ပါမောက္ခ တက္ကသိုလ် ဆရာ
တော်။

## မဟာနာယက (၁၀) ပါး

၁။ ကဝိန္ဒာဘိသီရိဓဇ (ကဝိလမိုင်း)
၂။ ကုဏ္ဍာသိပ္ပ ကုဥ္စရဆရာတော်
၃။ ပုဏ္ဏာဘိ သီရိဓဇ ဆရာတော်
၄။ မဟာဓေယျ သီရိ
၅။ ကပ္ပသီရိ မဟာဝရမိုရ် ဆရာတော်
၆။ ကုဏ္ဍာသယ ဝရဇိန်ဆရာတော်
၇။ ယန္တရား ပဏ္ဍိတ စက္ကာဂုမ ဆရာတော်
၈။ ဇေယျသီရိမဟာဝိဇ္ဇာရေ ဆရာတော်
၉။ မာရဝိဇယ သိဒ္ဓိဗလဆရာတော်
၁၀။ ဦးကုဏ္ဍာစာရ (ရှမ်းဆရာတော်)

## စူဠနာယက (၁၂) ပါး

၁။ ဗြဟ္မဂဏ အရဟံ ဆရာတော်
၂။ အရိယဝံသ ဆရာတော်

၃။ ဗုဒ္ဓဝံသ ဆရာတော်
၄။ ဓမ္မဝံသ ဆရာတော်
၅။ သဒ္ဓမ္မဝံသ ဆရာတော်
၆။ သီလဝံသ ဆရာတော်
၇။ ဗုဒ္ဓဃောသ ဆရာတော်
၈။ မနောမယ သိဒ္ဓိဆရာတော်
၉။ မဟာဓမ္မနာဂ ဆရာတော်
၁၀။ မဟာနာဂ ဆရာတော်
၁၁။ စူဠနာဂ ဆရာတော်
၁၂။ မဟာအဘယ ဆရာတော်

## အကျိုးတော်ဆောင် (၁၂) ပါး

၁။ အောင်ဝိဇ္ဇာဆရာတော် (တံဆိပ်ခတ်)
၂။ အဘိပါရက ဆရာတော် (စာရေး)
၃။ ပဏ္ဍစ်ကချိုး ဆရာတော် (ပြန်ကြားရေး)
၄။ စတ္တရား ဆရာတော် (စစ်သူကြီး)
၅။ မတ္တရာ ဆရာတော် (စစ်သူကြီး)
၆။ ဝဇီရာ ဆရာတော် (စက်ဖွင့်)
၇။ ဒပ်ရှနာဆရာတော် (ခေတ်ဖွင့်)
၈။ ဒပ်စက္ကနာ ဆရာတော် (နှိုးဆော်ရေး)

၉။ အန္တရောန ကန္တိန်းဆရာတော် (ဟိန္ဒူ)
၁၀။ ဘိုးတော်မင်းခေါင် (ဝါဒပြန့်ပွားရေး)
၁၁။ ပထမံဘိုးတော်အောင် (ဝါဒပြန့်ပွားရေး)
၁၂။ ရက်ကန်းစင်တောင် ဆရာတော်

## အတိုင်ပင်ခံ (၁၄) ပါး

၁။ ဘိုးဘိုးဝန်မင်း
၂။ ဘိုးဘိုးသူတော် (တက္ကသိုလ်ဇော်ဂျီ)
၃။ ဘိုးဘိုးစော်ဘွား (မနောမယဇော်ဂျီ)
၄။ ဘာဘာကြီး (ဝိဇ္ဇာဗလ)
၅။ ဘာဘူကြီး (ပညာဗလ)
၆။ မုတ်ဆိတ်ကြီး (စိန္တာမယ)
၇။ ချစ်တီးယား (ခန္တရပြဟ္မဏဆရာတော်)
၈။ စူလေမန် (သေနကပဏ္ဍိတ)
၉။ ကလယ်ရင်း (မဟာသေန)
၁၀။ မရမင်း (စန္ဒဝဍ္ဍီ)
၁၁။ စရဟာမိ ဆရာတော်
၁၂။ ကေစိ ဆရာတော်
၁၃။ သက္ကျ ဆရာတော်

၁၄။ ယပန ဆရာတော်

ယင်းတို့မှာ မဇ္ဈိမတိုင်းဒေသတွင်း၌ သမထ ယာနိက ဈာန် ကသိုဏ်းအကျင့်များဖြင့် လောကီဝိဇ္ဇာမရ ပုဂ္ဂိုလ်ကြီးများ ကမ္ဘာကြီး အဝှမ်း မဟိဒ္ဓိရှင်ကြီးများအဖြစ် ကမ္ဘာလုံးဆိုင်ရာ မနောမယ သိဒ္ဓိ မဟိဒ္ဓိ မဗ္ဗဝိဇ္ဇာ လမ်းစဉ်ဖြင့် ကျင့်ကြံအားထုတ် ပြီးမြောက်သွားကြ လျက် မဟိဒ္ဓိရှင်ကြီးများအဖြစ် မဟာဂန္ဓာရီလမ်းစဉ်တွင် သိထား ကြပါသော ပုဂ္ဂိုလ်ကြီးများဟုဆိုပါသည်။ ကမ္ဘာလုံး ဆိုင်ရာ မဟိဒ္ဓိ ရှင်သိဒ္ဓိရှင်ကြီးများ အဖြစ်လည်း သိဒ္ဓိစခန်း မဟိဒ္ဓိစခန်း၌ ယုံကြည် ထားကြသည်။

# (၉) ဌာန ဝိဇ္ဇာအဖွဲ့

တစ်ကမ္ဘာလုံးဆိုင်ရာ မဟာဂန္ဓာရီ အတတ်များဖြင့် မဟိဒ္ဓိရှင် ဘွဲ့ခံ၊ ဂန္ဓာရီ ပညာစဉ်များအား လောကီ ထွက်ရပ်လမ်းဝင် ပုဂ္ဂိုလ်ကြီးအထူးထူးတို့အား အကြီးအမှူးအဖြစ် မဟာနာယက စူဠနာယက ပုဂ္ဂိုလ်ကြီးများ၊ အကျိုးတော်ဆောင်၊ အတိုင်ပင်ခံပုဂ္ဂိုလ်များ၏ (အတွင်းစခန်းတော်) အမည်စာရင်းများဟုလည်း လောကီဝိဇ္ဇာရေ ဂန္ဓာရီပုဂ္ဂိုလ်သူမြတ်အပေါင်းတို့မှလည်း သိရှိလက်ခံထားကြသူများလည်း ဖြစ်ပါသည်။ အနောက်မဇ္ဈိမ ပုဂ္ဂိုလ်ကြီးများဟုလည်း ယုံကြည်ကြသည်။

ယင်းအပြင် ကမ္ဘာပေါ်တွင် အနောက် မဇ္ဈိမတိုင်းမှ စ၍ ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မူစဉ်က သာသနာပြန့်ပွားအောင် တပည့်သာဝက ရဟန္တာပုဂ္ဂိုလ်များအား စေလွှတ်ခဲ့သော (၉)တိုင်း (၉) ဌာန ဟူ၍လည်း စာပေများ၌ လာရှိသည်။ ယင်းတို့မှာ...

ယင်း ၉ တိုင်း ၉ ဌာနအား တာဝန်ယူလျက် သာသနာတော်ကြီးအား ဝန်းရံပံ့ပိုး ကူညီရန်၊ လောကလူသား ကောင်းကျိုးစီးပွားများ ဆောင်ရွက်ရန်၊ ရတနာသုံးပါး ဆည်းကပ်ရန်၊ နှိုးဆော်ရန်၊ ပါရမီရှင်အပေါင်းအား သာသနာ့လမ်းကြောင်းထက်သို့ သာသနာပြုသတ္တဝါကယ် ရွေးချယ်ရန်၊ စေလွှတ်ရန်၊ တာဝန်ယူ စောင့်ရှောက်ပံ့ပိုးကြရပါသော လောကီဝိဇ္ဇာရေ ထွက်ရပ်ဝင်၊ ထွက်ရပ်ပေါက်ရဟန်းရှင်လူပုဂ္ဂိုလ်သူမြတ်များလည်း ရှိကြသည်။ ယင်းတို့အားလောကီ ဝိဇ္ဇာရေ သိဒ္ဓိ မဟိဒ္ဓိလမ်း ဂန္ဓာရီ လုပ်ငန်းစဉ်များတွင်မှု ၉ တိုင်း ၉ ဌာန တာဝန်ခံ ပုဂ္ဂိုလ်ကြီးများဟု သိရှိသတ်မှတ်ထားကြပါသည်။ သိဒ္ဓိစခန်း မဟိဒ္ဓိစခန်း လောကီဖြင့် ဆက်နွယ် ရာပါရမီအကျင့်ခန်း၊ အလုပ်စခန်းများ တက်လှမ်းရာတွင် ယင်းပုဂ္ဂိုလ်သူမြတ် အသီးသီးတို့၏ လမ်းညွှန်မှုဖြင့် အသိအမှတ်ပြု ကူညီပံ့ပိုး စောင့်ရှောက်မှုတို့ကလည်း ဂန္ဓာရီလုပ်ငန်းစဉ်များအတွက် အရေးပါလှပါသည်။ အဓိက မဟိဒ္ဓိအချုပ် ဝိဇ္ဇာအဖွဲ့ကြီး (၉) ဖွဲ့နဝင်းဓာတ်အရ ရှိလေသည်။

သုတမယအလို့ငှာအောက်၌ ဖော်ပြပေးလိုက်ရပါသည်။

## ပဥ္စမအဖွဲ့

| စဉ် | အမည် | ဘွဲ့ | ထွက်ရာဌာန | တာဝန် |
|---|---|---|---|---|
| ၁။ | ရှင်နာဂိဿရ | မဟာဝိဇ္ဇာရှင် | ဖွားနှံတော်ရ | ရွှေတိဂုံ |
| ၂။ | ရှင်ကောဏ္ဍည (ဆံရှည်) | ။ | စစ်ကိုင်း | မဟာမြတ်မုနိ |
| ၃။ | ရှင်ဝါယမဘိဝံသ (ကျော်အောင်စံထား) | ။ | အမရပူရ | ကောင်းမှုတော် |
| ၄။ | ဘိုးဘိုးအောင် | မဟာဝိဇ္ဇာပုဂ္ဂိုလ် | စစ်ကိုင်း | ပုဂံရွှေစည်းခုံ |
| ၅။ | ကျားလျှာမြို့ ဘိုးဘိုးကြီး | ။ | အမရပူရ | ရွှေစက်တော် |
| ၆။ | ဘိုးမင်းခေါင် | ။ | မုံရွာမြို့နယ် | ကျိုက်ထီးရိုး |
| ၇။ | စကြာမင်းကလေး | ။ | အမရပူရ | မဂ်လာစေတီတော် |
| ၈။ | ဘိုးတော်ဘိုး | ။ | စစ်ကိုင်း | ရွှေမော်ဓော |
| ၉။ | ဘိုးတော်စိန်ဝင်း | ။ | မန္တလေး | ပုထိုးတော်ကြီး |

## ဒုတိယအဖွဲ့

| စဉ် | အမည် | အဖွဲ့ | ထွက်ရာ အရပ် | တာဝန် |
|---|---|---|---|---|
| ၁။ | ဦးဩဘာသ | မဟိန္ဒိဂိုဏ်းချုပ် | မတ္တရာ | ဂန့်ဂေါ မြစည်းခုံ |
| ၂။ | ဘိုးတော်ဝါယမ | မဟိန္ဒိရှင် | | စွယ်တော်ရှင်မှ |
| ၃။ | အရှင်ပဏ္ဍိ | မဟိန္ဒိဆရာတော် | မင်းဘူး | စ၍ ချင်းပြည်နယ် |
| ၄။ | ဘိုးတော်ဝင်း | သိန္ဒိရှင် | မန္တလေး | ကို တာဝန်ယူ |
| ၅။ | ဘိုးတော်မင်း | ။ | ။ | ရသည်။ |
| ၆။ | ဘိုးတော်တင် | ။ | ။ | ။ |
| ၇။ | ဘိုးတော်ခင် | ။ | ။ | ။ |
| ၈။ | ဘိုးတော် အောင်သာ | ။ | ။ | ။ |
| ၉။ | ဘိုးသူတော် | ။ | ။ | ။ |

## တတိယအဖွဲ့

| စဉ် | အမည် | အဖွဲ့ | ထွက်ရာအရပ် | တာဝန် |
|---|---|---|---|---|
| ၁။ | ရေတိမ်ဆရာတော် | မဟိဒ္ဓိဆရာတော် | သထုံ | ရှမ်းပြည်နယ် မြောက်ပိုင်း |
| ၂။ | အရှင်ကောသလ္လ | ။ | ။ | ။ |
| ၃။ | အရှင်ခဏ္ဍာဇောတိ | ။ | ။ | ။ |
| ၄။ | ဘိုးတော်စီ | သိဒ္ဓိရှင် | ခမောက် | ။ |
| ၅။ | ဘိုးထွန်းအောင် | ။ | တောင် | ။ |
| ၆။ | ဘိုးကော်ပြူး | ။ | ရန်ကုန် | ။ |
| ၇။ | ဘိုးတော်ပွင့် | ။ | မြို့နယ် | ။ |
| ၈။ | ဘိုးတော်အေး | ။ | ။ | ။ |
| ၉။ | ဘိုးတေဇ | ။ | ။ | ။ |

## စတုတ္ထအဖွဲ့

| စဉ် | အမည် | ဘွဲ့အဆင့် | ထွက်ရာအရပ် | တာဝန်ယူရာ |
|---|---|---|---|---|
| ၁။ | အရှင်ခန္တီ(ဦးခန္တီ) | မဟာဒွိဆရာတော် | မန္တလေး | ရှမ်းပြည် |
| ၂။ | အရှင်ခေမာစာရ | ။ | ။ | တောင်ပိုင်း |
| ၃။ | အရှင်အဇ္ဇဂေါနေ | ။ | ။ | ခန်ိုင် |
| ၄။ | ဘိုးချမ်းသာ | သိဒ္ဓိရှင် | နေရပ်မသိပါ | ။ |
| ၅။ | ပြည်မောင်အောင် | ။ | ပြည်မြို့ | ။ |
| ၆။ | ဘိုးမဲခေါင် | ။ | ပြည်မြို့နယ် | ။ |
| ၇။ | ဘိုးပြည့် | ။ | ဟံသာဝတီ | ။ |
| ၈။ | ဘိုးပြည့်ဝ | ။ | သထုံမြို့နယ် | ။ |
| ၉။ | ဘိုးဇေယျ | ။ | ။ | ။ |

# ပဉ္စမအဖွဲ့

| စဉ် | အမည် | ဘွဲ့အဆင့် | ထွက်ရာအရပ် | တာဝန် |
|---|---|---|---|---|
| ၁။ | ဗားဗုံဆရာတော် | မဟာဝိဇ္ဇာဆရာတော် | မန္တလေး | သထုံ |
| ၂။ | ဗားတမော့ဆရာတော် | ။ | ။ | မော်လမြိုင် |
| ၃။ | ဗားမြိုက်ဆရာတော် | ။ | ။ | ခရိုင် |
| ၄။ | ဘိုးတော်အောင်စကြာ | အဆင့်မသိ | ။ | ။ |
| ၅။ | ဘိုးတော်မင်း | အဆင့်မသိ | စစ်ကိုင်း | ။ |
| ၆။ | ဘိုးတော်အောင်လေး | သဒ္ဒိရှင် | ။ | ။ |
| ၇။ | ဘိုးတော်ခင် | ။ | ။ | ။ |
| ၈။ | ဘိုးတော်မြင့် | ။ | ။ | ။ |
| ၉။ | ဘိုးတော်ဉာဏ် | ။ | ။ | ။ |

# ဆဋ္ဌမအဖွဲ့

| စဉ် | အမည် | ဘွဲ့အဆင့် | ထွက်ရာ အရပ် | တာဝန် |
|---|---|---|---|---|
| ၁။ | အရှင်ကိတ္တိရာကျော် | မဟာဗိန္ဒုဆရာတော် | ရန်ကုန် | ဝန်မော် |
| ၂။ | အရှင်အာစာရ | ။ | ။ | တတောင် |
| ၃။ | အရှင်သောမ | ။ | ။ | ခနိုင် |
| ၄။ | ဘိုးတော်ထွန်းခေါင် | သိဒ္ဓိရှင် | ခနုဖြူ | ။ |
| ၅။ | ဘိုးတော်နေလ | ။ | မျဉ်းမနား | ။ |
| ၆။ | ဘိုးတော်မြင့်အောင် | ။ | ။ | ။ |
| ၇။ | ဘိုးတော်ဝင်းအောင် | ။ | ။ | ။ |
| ၈။ | ဘိုးတော်မင်းအောင် | မသိ | တောင်တွင်းကြီး | ။ |
| ၉။ | ဘိုးတော်သိဒ္ဓိ | မသိ | တောင်ငူ | ။ |

# သတ္တမအဖွဲ့

| စဉ် | အမည် | ဘွဲ့အဆင့် | ထွက်ရာအရပ် | တာဝန် |
|---|---|---|---|---|
| ၁။ | အရှင်ဇိနေ | မဟာဝိဇ္ဇာဆရာတော် | ပဲခူး | မိုးကုတ်- |
| ၂။ | အရှင်ဇေယျာသေန | ။ | ဒိုက်ဦး | မိုးမိတ် |
| ၃။ | အရှင်နန္ဒိယ | သိဒ္ဓိရှင် | ဆင်ဖြူကျွန်း | မြို့နယ် |
| ၄။ | ဘိုးတော်အောင်အောင် | သိဒ္ဓိရှင် | နတ္တလင်း | ။ |
| ၅။ | ဘိုးတော်ကျော်အောင် | မသိ | ဥက္ကံ | ။ |
| ၆။ | ဘိုးတော်ညဏ်အောင် | မသိ | သုံးဆယ် | ။ |
| ၇။ | ဘိုးတော်လင်း | သိဒ္ဓိရှင် | ပုသိမ် | ။ |
| ၈။ | ဘိုးတော်ဟံ | ။ | ရေငံပိုင်နယ် | ။ |
| ၉။ | ဘိုးတော်စံ | ။ | ။ | ။ |

## အဌမအဖွဲ့

| စဉ် | အမည် | ဘွဲ့အဆင့် | ထွက်ရာအရပ် | တာဝန် |
|---|---|---|---|---|
| ၁။ | အရှင်နန္ဒိယ | မဟာဒွိဆရာတော် | မန္တလေး | မြောက်ပိုင်း |
| ၂။ | အရှင်နာဂိယ | ။ | မိတ္ထီလာ | ။ |
| ၃။ | အရှင်သုပညာ | ။ | တော်ကြီး | ။ |
| ၄။ | ဘိုးခွန်နောင် | သိဒ္ဓိရှင် | ရှမ်းပြည်နယ် တောင်ပိုင်း | ။ |
| ၅။ | ဘိုးစပ်အောင် | မသိ | ။ | ။ |
| ၆။ | ဘိုးအောင်ပန်း | မသိ | ။ | ။ |
| ၇။ | ဘိုးတော်မောက် | ။ | မိုင်းလုံမြို့နယ် | ။ |
| ၈။ | ဘိုးတော်ရွှေလူ | ။ | သိန္နီမြို့နယ် | ။ |
| ၉။ | ဘိုးတော်ခိုင် | ။ | လားရှိုးမြို့နယ် | ။ |

# နဝမအဖွဲ့

| စဉ် | အမည် | အဖွဲ့အဆင့် | ထွက်ရှာအရပ် | တာဝန် |
|---|---|---|---|---|
| ၁။ | အရှင်ဝိဇယ | မဟာဓိဋ္ဌိဆရာတော် | နေရပ် | ရေငံပိုင် |
| ၂။ | အရှင်ဉာဏိဿရ | ။ | မပြောပါ | မြို့နယ်/ |
| ၃။ | အရှင်ကေတု | ။ | ။ | ခရိုင် |
| ၄။ | ရှင်ကြီး | ။ | ။ | ။ |
| ၅။ | ရှင်ငယ် | ။ | ။ | ။ |
| ၆။ | ဘိုးတော်ကြိုင် | သိဒ္ဓိရှင် | ။ | ။ |
| ၇။ | ဘိုးတော်ထွန်းအောင် | ။ | ။ | ။ |
| ၈။ | ဘိုးတော်အောင်ဝင်း | ။ | ။ | ။ |
| ၉။ | ဘိုးတော်အောင်လင်း | ။ | ။ | ။ |

ɪ



## မဟာဒွိအဖွဲ့ကြီးနှင့် ဘိုးမင်းခေါင်

စုစုပေါင်း ၉ တိုင်း ၉ ဌာနတည်းဟူသော သာသနာ့ပန္နက်များ တည်ရှိရာ အရပ်ဒေသအသီးသီး၌ မဟာဒွိအဖွဲ့ကြီးဖြစ်သည့် ယင်း ဝိဇ္ဇာအဖွဲ့ကြီး (၉)ဖွဲ့သည် နဝင်းဆောင် အလင်းဆောင်လျက်ရှိ ကြပါသည်။ အကြောင်းဆုံပါမှ ပေါင်းဆုံရတတ်ပါသည်။ ယင်းသက် ဆိုင်ရာ တာဝန်ကျရာ ဘုရားစေတီ၊ သာသနာ့ဓာတ်ပန္နက် ဝိဇ္ဇာ

ဓာတ်ပန္နက် အသီးသီးတို့၌ ကမ္ဘာ့ဝိပဿနာလောကကြီး၏ ဦးစီးအချုပ် မဟာဒွါရဂိုဏ်ပုဂ္ဂိုလ်ကြီးများမှ ရာဟူးအဆင့်လိုက်အရ တာဝန် ချမှတ် ထမ်းရွက်နေကြရပါသော သိဒ္ဓိရှင်၊ မဟာဒွိရှင် ပုဂ္ဂိုလ်သူမြတ် များဟု လောကီသိဒ္ဓိလမ်း မဟာဒွိလမ်းမှ ယုံကြည်သတ်မှတ်ထားကြပါ သည်။ သိဒ္ဓိရှင်အဆင့် မဟာဒွိရှင်အဆင့်ဟူသော ဘွဲ့များလည်း အပ်နှံထားလေသည်။

ယင်းတွင် ကမ္ဘာလုံးဆိုင်ရာ အကျိုးတော်ဆောင်ဆရာကြီး များ စာရင်းတွင် ထင်ရှားသည့် အဘဘိုးဘိုးအောင်၊ အဘဘိုး မင်းခေါင်၊ အဘရက်ကန်းစင်တောင် ဆရာတော်ကြီးများပါဝင်နေ သည်။ ထို့အတူ ပထမအဖွဲ့၌ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် ဆိုရှည် ဆရာတော်ကြီးမှစ၍ စကြာမင်းကလေးတို့ ပါဝင်နေသည်။ ရက် ကန်းစင်တောင် ဦးဩဘာသ ဆရာတော်သည် ဒုတိယအဖွဲ့၌ ပါဝင်ပါသည်။ ပထမအဖွဲ့သည် မဟာဒွိရှင် ပုဂ္ဂိုလ်များချည်းဖြစ်ပြီး အမိတ္တအဖွဲ့လည်း ဖြစ်ပါသည်။ ဒုတိယအဖွဲ့၌ ရက်ကန်းစင်တောင် ဆရာတော်ကြီး မဟာဒွိရှင် သိဒ္ဓိရှင်ဘွဲ့မည်ခံ ရဟန်း ရှင် လူပုဂ္ဂိုလ် ပေါင်း (၈၁) ဦးရှိပြီး၊ မဟာဒွိရှင်ကြီးများမှာ (၃၅)ဦး တိတိရှိ၍ ကျန် (၄၆) ဦးမှာ သိဒ္ဓိရှင်ပုဂ္ဂိုလ်များသာ ဖြစ်ပါသည်။ အဖွဲ့ (၉) ဖွဲ့တွင် မဟာဒွိရှင်ဆရာတော် (၃) ပါးစီ ပါဝင်နေပြီး နဝမအဖွဲ့ စာရင်းတွင် မူ မဟာဒွိရှင်ဆရာတော် (၅) ပါးဖြစ်ပါသည်။

လောကီယဝိဇ္ဇာမရေ သိဒ္ဓိရှင် မဟိဒ္ဓိရှင်လမ်းစဉ်ဖြင့် ထွက်ရပ်ဝင်ရဟန်းရှင်၊ လူပုဂ္ဂိုလ်သူမြတ်ကြီးများ ပေါက်ဆရာများသည် အဆင့်၊ ရာထူး၊ တာဝန်များအား မိမိဘာသာ ရွေးချယ်၍ တပ်ခွင့်မရှိပါ။ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ကြီးများမှသာ စစ်ဆေးရွေးချယ်၍ ဝိဇ္ဇာစာရင်းအမည်သွင်း ကြခြင်းဟု သိရပါသည်။ သာမန်လူလောကနယ်ပယ် လူ့အသိုင်းအဝိုင်းများကဲ့သို့ သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ် အသီးသီးကဲ့သို့ပင် စည်းစနစ်ကျ သေသပ်စွာ ဖွဲ့စည်းထားခြင်း ဖြစ်သည်ဟုလည်း ယုံကြည်ထားကြလေသည်။

သာသနာပြုလုပ်ငန်းများ၊ ဂိုဏ်းဂဏလုပ်ငန်းများ၊ ပါရမီရှင်များအား လမ်းညွှန်ထိန်းကျောင်း ပြုပြင်နှိုးဆော်လုပ်ငန်းများ၊ မှတ်တမ်းတင်အဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ပညာသိမ်း၊ မာတ်သိမ်းစခန်းများမှအစ အဆင့်ဆင့် သဏ်မှတ်ချက်အရ တည်ရှိနေပေသည်။ ယင်းတို့ (၉) တိုင်း (၉) ဌာန ပုဂ္ဂိုလ်ကြီးများ လက်အောက်တွင်မှ ဝိဇ္ဇာစာရင်းဝင် ဝိဇ္ဇာငယ်များ၊ ပါရမီရှင်ပုဂ္ဂိုလ်များ၊ လက်ရှိသာသနာပြုသတ္တဝါကယ် ပုဂ္ဂိုလ်များ အသီးသီးတည်ရှိ နေပါသည်။

ထွက်ရပ်ပေါက်၊ ပုဂ္ဂိုလ်တစ်ဦးဖြစ်ဖို့ရန်ထက် ဝိဇ္ဇာနယ်ပယ်တွင် ဝိဇ္ဇာငယ်တစ်ပါး အဖြစ် အမည်စာရင်းပေါက်ရန် အသိအမှတ်ပြုရန်မှာပင် တော်တန်ရုံ လောကီဝိဇ္ဇာမရေ အသိအတတ်ပညာနှင့်အကျင့်သီလ၊ သမာဓိပညာဖြင့် မလွယ်ကူလှပါ။

သိဒ္ဓိစခန်း သိဒ္ဓိလမ်းများ အဆင့်ဆင့်ရှိသည်။ ပြီးမှ မဟိဒ္ဓိစခန်း တက်လှမ်းရသည်။ အဓိဋ္ဌာန်လုပ်ငန်းစဉ်များ အဖုံဖုံတည်ရှိသည်။ အကျင့်သီလ သမာဓိ စင်ကြယ်ရသည်။ ဂန္ဓာရီအကျင့်၊ ကျင့်စဉ်၊ ပညာစဉ်များ အမျိုးမျိုးရှိသည်။

သို့ကြောင့်လည်း ဘုရားရှင်တစ်ဆူ ပွင့်ထွန်းချိန်ကာလ သာသနာပ ကာလများ၌ ဝိဇ္ဇာထွက်ရပ်ဝင် ပုဂ္ဂိုလ်များမှာ (၈၀၀၀၀) ရှစ်သောင်းခန့်သာ ထွက်ရှိခြင်းဖြစ်ပါသည်။ လူတိုင်း လောကီယဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ မန္တန်၊ အင်း၊ သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ ဖြစ်ခွင့်ရှိပါသော်လည်း လူတိုင်း ဝိဇ္ဇာစာရင်းဝင်၍ ထွက်ရပ်ပေါက်လမ်းမရောက်နိုင်ကြပါချေ။ သီလ၊ သမာဓိ အဓိကကျပါသည်။

ပါရမီစခန်း လုပ်ငန်းများမှာ အနက်ရှိုင်းဆုံး တူးမှသာလျှင် ရေကြည် ရေသန့် သောက်သုံးရပေမည်။



## သိုက်ယွက်တဘောင်

လောကီဝိဇ္ဇာမရေ သိဒ္ဓိလမ်း မဟိဒ္ဓိလမ်းစဉ်များတွင် ရှေးအစဉ်အဆက် သိုက်ကျမ်းစာများ အသီးသီးရှိခဲ့ကြသည်။ ဘုရားသိုက် မှဆိုးသိုက်၊ အင်းဝသိုက်၊ စကြာသိုက်၊ သိကြားသိုက်၊ ဂဝံပတိသိုက်၊ ငရမှန်သိုက်၊ ဇာဂရသိုက် အစရှိသော သိုက်စာများလည်းရှိသည်။ တဘောင်နိမိတ်များလည်း တည်ရှိခဲ့ကြသည်။ လောကီဝိဇ္ဇာမရေ လောကီသိဒ္ဓိလမ်း မဟိဒ္ဓိလမ်းစဉ် တတ်မြောက်အောင်မြင် သွားကြသည့် ထွက်ရပ်ပေါက် ရဟန်း၊ ရှင်၊ လူ ပုဂ္ဂိုလ်ထူး အမျိုးမျိုးတို့သည် ယင်းသိုက်ကျမ်းထွက် အတိတ်၊ နိမိတ်၊ တဘောင်တော်များကိုလည်း

အထူး လေးစားလိုက်နာခဲ့ကြသည်။ ယနီး သိုက်တဘောင်များမှ...

"ဝိဇ္ဇာဇော်ဂျီ၊ တပသီ၊ စုံညီကြွလာမည်။

သာသနာပွဲ ဝင်ရောက်နွဲ မလွဲအကုန်ကြုံရမည်။

ဒေဝါသိကြား ဝိဇ္ဇာများ ထင်ရှားဧကန် မ,လိမ့်မည်။

အေးချမ်းသာယာ၊ မင်းကောင်းတစ်ဆက်၊ မပျက်ရောင်ရှိန် ထွန်းလိမ့်မည်။

ထိုနောက်အခါ သာသနာ ဒေဝါသိကြား စောင့်လိမ့်မည်။"

ဟူသည့် သိုက်တဘောင်ထွက်အရ သာသနာတော် ၂၅၀၀ ထက်ဝက် ကျော်လွန်သည့် အခါတွင် ဝိဇ္ဇာဇော်ဂျီ တသသီများ အစုံအညီ ကြွရောက်ပြည်တော်ဝင်ကြ၍ ရတနာစီးပွားဥစ္စာများ ပေါ၍ ကြွယ် ပြီး သာသနာကြီး ထွန်းလင်းတောက်ပမည်ဟု ဆိုလေသည်။

မကောင်းသူပယ် ကောင်းသူကယ်တင် စောင့်ရှောက်သည့် သိကြားမင်း၊ သာသနာခေတ်လည်း ဖြစ်လေသည်။



## ပါရမီရှင်များနှင့် ဘိုးမင်းခေါင်

လောကီဝိဇ္ဇာမရေ၊ လောကီယဝိဇ္ဇာမယ လောကတွင်မူ အဘ ဘိုးမင်းခေါင်သည် ရွှေခေတ်အဆက်ဆက်မှ ယနေ့မျက်မှောက်တိုင် လောကီယ ဝိဇ္ဇာလုပ်ငန်းမှ အရိယဝိဇ္ဇာလုပ်ငန်းစဉ်သို့ ကူးပြောင်းသွားသူဟုလည်း မဟာဂန္ဓာရီရဟန်းရှင် လူပုဂ္ဂိုလ်သူ မြတ်ကြီးများမှ ဆိုကြလေသည်။

လောကီသိဒ္ဓိပေါက် ပါရမီစခန်း၊ ဂန္ဓာရီလုပ်ငန်းစဉ်များ၊ သာသနာပြု သတ္တဝါကယ် ပါရမီဖြည့် လမ်းစဉ်များတွင်မူ အဘဘိုးမင်းခေါင် (သို့) အဘအောင်မင်းခေါင်သည် ဝိဇ္ဇာရှစ်သောင်း ရသေ့ရှစ်သောင်း ပထမံ ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ကြီးများထဲတွင် တစ်မူထူးခြားစွာ ထင်ရှားကျော်ကြားသည့် ပထမံထွက်ရပ်ပေါက် ပုဂ္ဂိုလ်တစ်ပါးလည်း ဖြစ်ပါသည်။

ပထမံအတတ် အင်းစမ အတတ်များဖြင့် ထွက်ရပ်ဝင်ခဲ့ကြသူ ပထမံပုဂ္ဂိုလ်ကြီးများ မြောက်များစွာရှိလေသည်။ နယ်ချဲ့ဗြိတိသျှများ မြန်မာ့ထီးနန်းအား လုယူ၍ သိမ်းပိုက်အုပ်စိုးနေသည့် အချိန်အခါ ကာလ၌လည်း အဘဘိုးမင်းခေါင်သည်။ ပထမံတပ်ဦး အဖွဲ့တွင် နာယကဆရာတော်ကြီးများနှင့်အတူ အမျိုးဘာသာ၊ သာသနာကြီးအား သိဒ္ဓိ မဟိဒ္ဓိအစွမ်းများဖြင့် ကာကွယ်စောင့်ရှောက်ခဲ့ရလေသည်။ အဘဘိုးမင်းခေါင် ထွက်ရပ်စခန်း မထွက်လှမ်းခင်ပို၍ ထင်ရှားခဲ့သည်ဟု သိရ၏။

အဘဘိုးမင်းခေါင်သည် မေတ္တာဂရုဏာဓာတ်အခံ ရင့်သန်ကြီးမားပြီး နိကာမရင့်ထုံသူလည်း ဖြစ်ပါသည်။ အသွင်အပြင် ရိုးစင်းအေးချမ်းစွာပင် မည်သည့်လောဘ၊ ဒေါသ၊ မောဟ၊ သက္ကာယများမှ ကပ်ငြိပါဘဲ၊ ရောင့်ရဲတင်းတိမ်ခြင်းဖြင့်သာ၊ လုပ်ဆောင်စရာရှိပါသော အဓိဋ္ဌာန်ပါရမီ လုပ်ငန်းတို့ကိုသာ လုပ်ဆောင်လျှက်

သမထ၊ ဝိပဿနာ ဘာဝနာကို အထူးပွားများခဲ့လေသည်ဟု ဆိုသည်။

အဘဘိုးမင်းခေါင် (ဝါ) ဘိုးတော်အောင်မင်းခေါင်သည် သိဒ္ဓိ မပတ်ဝဒ္ဓိစခန်းများ ပြီးမြောက်အောင်မြင်ထားသည့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးတစ်ဦးပီပီ ပါရမီရှင် ဘုန်းကံရှင် အပေါင်းတို့၏ ပါရမီ စခန်းလုပ်ငန်းစဉ်အဝဝတို့အား ရံဖန် အိပ်မက်ဖြင့်သော်လည်း ကောင်း၊ မနောအာရုံစေညွှန်၍ လည်းကောင်း၊ ထင်ရှားရောက်ရှိ ၍လည်းကောင်း ထူးခြားစွာ ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်းများအား သွန်သင် ဩဝါဒ ပြုလေသည်။

လောကီဝိဇ္ဇာမရေ ဂန္ဓာရီစခန်းများ၌ အဘဘိုးမင်းခေါင်အား အသွင်သဏ္ဍာန် ပုံစံအမျိုးမျိုး အဖုံဖုံဖြင့် ကြုံတွေ့ဆုံစည်းရသူများ လည်း မြောက်များစွာ ရှိလေသည်။ ဆုံစည်းကြရဖူးပေမည်။ ဂန္ဓာရီ စခန်း လုပ်ငန်းစဉ်များဖြင့် ပတ်သက်၍လည်း ကျင့်စဉ် ပညာစဉ် များကိုလည်း လမ်းညွှန်မှု ပြုလေသည်။ လိုအပ်သည်များ ဖြည့်စွက် ပေးသည်။ လောကီဝိဇ္ဇာမရေ ပညာစခန်း၊ ပညာလမ်းများကိုလည်း သင်ကြားပေးသည်။ ယင်းသို့ကြောင့်လည်း အဘဘိုးမင်းခေါင်သည် အများပြည်သူ ပါရမီရှင် (၇) ရက်သားသမီးများဖြင့် တစ်သား တည်း တစ်သွေးထဲကဲ့သို့ဖြစ်၍ နေလေသည်။ လူတိုင်းလည်း ချစ်ခင်မြတ်နိုး ယုံကြည်ကိုးစားကြသည့် သူတော်စင် ပုဂ္ဂိုလ်ကြီး တစ်ဦးလည်း ဖြစ်လေသည်။

အဘဘိုးမင်းခေါင်အား လောကီယဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်ကြီးအဖြစ် မည်မျှ ယုံကြည်ကိုးစားကြသည်ကို ထင်ရှားလိုပါက အဘအောင်မင်းခေါင်၏ နှစ်စဉ် ခြိမ့်ခြိမ့်သည်း ကြက်ပျံမကျ တိုးမပေါက်သည့် ပုပ္ပါးတောင်မြတ် တောင်ကလပ်၌ ဆင်ယင်သည့် ရွှေပြည်ဝင် အောင်ပွဲတော်ကြီးက သက်သေပင်ဖြစ်ပါသည်။



## အောင်မြေနှင်းအပါန်း ဂါထာတော်ကြီး

အောင်ထူးဆန်း၊ မန်းသိုက်ဝင်
ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ
လူထိပ်မိုး၊ ဟိုးဟိုးကျော်
ကျော်ဝှန်းတက်၊ ဘက်မရှောင်
ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း
မှန်း ဣန္ဒရာဇာ...
ဟေ်ဟေ် ငါတို့ရှိရာ စီးပွားလာဟု
ဟေ်ဟေ် ငါတို့ရှိရာ ဥစ္စာလာဟု
ဟေ်ဟေ် ငါတို့ရှိရာ ပညာလာဟု
ငါတို့မှန်း တစ်ရာ့တစ်ပါး လူမျိုးခြားတို့

အရှေ့ဘက်စောင်းကောင်

ကျော်လွှားပယ်ရှင်း စောရန်ခွင်း၍
မငြင်းမဆန် မခံမဝံ့
လွန်ကြောက်ရွံ့ကာ
တစ်စကြဝဠာလုံး၊ တစ်ကမ္ဘာလုံး
တစ်ပြည်လုံး၊ တစ်နယ်လုံး
တစ်မြို့လုံး၊ တစ်အိမ်လုံး
တစ်မိသားစုလုံး
လက်ရုံးတန်းကာ၊ အောင်ပါစေသော်...
အောင်ပါစေသော်... အောင်ပါစေသော်...
အောင်ဆုသြဘာ အောင်မင်္ဂလာဖြင့်
အောင်ချာပေါ်ထွန်း အောင်ဘုန်းကျွန်းထက်
အောင်ပန္နက်မှန် အောင်ပန်းပန်ပြီး
အောင်ချီးရန်ပ အောင်ပန္နက်ချကာ
အောင်ရမည် အ...ရဟံ။
အောင်ရမည် အရ...ဟံ။
အောင်ရမည် အရဟံ။

# ဇောတိပါလ မဟာပထမ စွမ်းဝေတီ

## သာသနာ့ အဖိနှိပ်ပြန်တမ်း

## အောင်ထူးဆန်း အဖွင့်ဂါထာတော်ကြီး

အောင်ထူးဆန်း၊ မန်းသိုက်ဝင်
ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ
လူထိပ်မိုး၊ ဟိုးဟိုးကျော်
ကျော်ဝှန်းထက်၊ ဘက်မရှောင်
ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း
မန်းဣန္ဒရာဇာ၊ ငါတို့မှန်းလစ်
တစ်ရာ့တစ်ပါး၊ လူမျိုးခြားတို့
ကျော်လွှားနှိမ်နင်း၊ စောရန်ခွင်း
မငြင်းမဆန်၊ လွန်ကြောက်ရွံ့သည်
တစ်ပြည်လုံး၊ လက်ရုံးတန်းကာ
အောင်ပါစေသော အောင်စေသော၊
အောင်ကြပါစေသော...၊

# အဘဘိုးမင်းခေါင်၏

## အောင်ထူးဆန်းဂါထာကြီး

အောင်ထူးဆန်း၊ မှန်းသိုက်ဝင်
ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ
လူထိပ်မိုး၊ ဟိုးဟိုးကျော်
ကျော်ဝှန်းတက်၊ ဘက်မရှောင်
ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း
မှန်းကြွနှရာဇာ၊ ငါတို့မှန်း
တစ်ရာ့တစ်ပါး၊ လူမျိုးသားတို့
ကျော်ရန်နှိမ်နင်း၊ စောရန်ခွင်း
မငြင်းမဆန်၊ မခံမဝံ့
လွန်ကြောက်ရွံ့၍ တစ်ပြည်လုံး
လက်ရုံးတန်းကာ အောင်စေသော်
အောင်စေသော် အောင်စေသော်...၊



## မနောမဟိဒ္ဓိအရိယ ဝိဇ္ဇာမိုရ်လမ်းစဉ်

လောကီဝိဇ္ဇာမရေ သိဒ္ဓိလမ်း မဟိဒ္ဓိလမ်းစဉ်တွင် အောင် (၄) အောင်၊ ခေါင် (၄) ခေါင်၊ တောင် (၄) တောင်၊ ဗား (၄) ဗား ဟူ၍ထင်ရှား လှပါသည်။ မဟာဂန္ဓာရီလောကတွင်မူ အောင် (၉) အောင်၊ ခေါင် (၉) ခေါင်၊ တောင် (၉) တောင်၊ ဗား (၉) ဗားဟူ၍ရှိကြသည်ဟုဆိုမိန့်ကြသည်။ ဆိုလိုသည်မှာ အောင်အမည် ဘွဲ့ခံ၍ ထွက်ရပ်ဝင်ခဲ့သူ ခေါင်အမည်ဘွဲ့ခံ၍ ထွက်ရပ်ဝင်ခဲ့သူ၊ ရက်ကန်းစင်တောင်၊ ဗားမဲ့ဆရာတော် အစရှိသဖြင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်ထူးများ၏ လောကီသိဒ္ဓိပေါက် ကျင့်စဉ်လမ်းတို့အား နည်းပေး

လမ်းပြ ဩဝါဒခံယူပြီး အစဉ်လာတိုင်း ထွက်ရပ်မြန်းခဲ့ကြသူများဟု သိမှတ် ယုံကြည်ကြပါသည်။ အများအားဖြင့် အစဉ်ဆက်လက်ခံ ထားကြသည်။

၁၃၁၄ ခုနှစ် တော်သလင်းလပြည့်ကျော် (၂) ရက်နေ့ ညနေ ၄း၁၅ နာရီခန့်တွင် ထင်ရှားလှသည့် ပုပ္ပါးတောင်မြတ် တောင်ကလပ်မှ ထွက်ရပ်စခန်းသို့ နာမ်ဓာသိမ်းလျက် ထွက်ရပ်စခန်းဝင်ခဲ့သူမှာ အင်းဝခေတ် (၁၂) ဆက်မြောက် ဒုတိယမင်းခေါင်အရှင်ပင် ဖြစ်ပါသည်။ မဟာသီရိသုမေ့ဘွဲ့မည်ကို ခံယူ၍ နန်းတက်ခဲ့သည်။ (ပုပ္ပါးအောင်မင်းခေါင်ဘွဲ့အမည်ကို သုံးစွဲ၍ ပုပ္ပါးတောင်ဓာတ်စခန်းမှ ပါရမီ လုပ်ငန်းစဉ် အသွယ်သွယ်တို့အား ဖြည့်ကျင့်လျက် နောက်ဆုံး စခန်းအဖြစ် ထွက်ရပ်မြန်းခဲ့သည်ဟု ဆိုသည်။)

အင်းစမ အတတ်ဖြင့်အတူ အရိယာဝိဇ္ဇာမိုရ်လမ်းစဉ် မဟာဂန္ဓာရီဓာတ်ဖြင့် ထွက်ခဲ့ခြင်းဖြစ်သည်။ အဘဘိုးမင်းခေါင် စတင်ထွက်ရပ်မြန်းခဲ့စဉ်က ယင်းခေတ်တွင် ရဟန်းပညာကျော် လူပုဂ္ဂိုလ်ကျော်များလည်း ပေါ်ပေါက်ခဲ့သည့် အချိန်ကာလဖြစ်သည်။ ယင်းတို့မှာ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်အဂ္ဂသမာဓိ၊ ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်ထွေးနာသိမ်၊ ခံတောင်ငှရောက်ရှင်ထွေးညို၊ ရဝေရှင်ထွေးညို၊ မိဖြူ၊ မိညို တို့ပင်ဖြစ်ပါသည်ဟုဆိုသည်။

ယင်းအချိန်ကာလက ဗားမဲ့ဆရာတော် အရှင်နန္ဒသာရသည်လည်း အင်းအတတ်ဖြင့် ထွက်ရပ်မြန်းခဲ့လေသည်။ ဗားမဲ့ဆရာတော်ကြီးအပြင် ယင်းခေတ်အချိန်က အင်း၊ ဆေး၊ ဓာတ်တို့ဖြင့် ဗားထီး၊ ဗားတမော့၊ ဗားကရာ အစရှိသော ပုဂ္ဂိုလ်ထူးတို့သည်လည်း ထင်ရှားစွာ ပေါ်ပေါက်ခဲ့ကြသည်။

ဘိုးတော်မဟာမင်းခေါင် (ဘိုးမင်းခေါင်) ထွက်စခန်းသို့ မြန်းကြွသည့် အချိန်၌ ထူးခြားသော နိမိတ်များ ပေါ်ပေါက်ခဲ့သည်။ လျှော်များ (၇) ရက်တိုင်တိုင် လှုပ်ခဲ့၏။ ရုပ်ပွားတော်များ ချွေးတန်ခိုးပြကြသည်။ ရောင်ခြည်အသွယ်သွယ် ကွန့်မြူးပြခဲ့ကြ၏။ တော်လဲသည် စသည့် ထူးခြားသော နိမိတ်များပေါ်ပေါက်ခဲ့လေသည်။

ထိုအချိန်မှ စ၍ မနောမဟိဒ္ဓိ အရိယာဝိဇ္ဇာဓိုရ် မဟာဂန္ဓာရီသာသနာပြုအဖွဲ့ကြီးတွင် ဦးစီးနာယကအဖြစ် အမျိုးဘာသာ၊ သာသနာအရေးများအား ကြိုးပမ်းခဲ့သည်။ လောကီယဝိဇ္ဇာဓိုရ်အဖြစ်၊ နာမ် မနောအား လိုရာစေညွှန်နိုင်သည်။ ပုပ္ပါးတောင်မြတ် တောင်ကလပ်၌ နောက်ဆုံးပါရမီစခန်းအဖြစ် ရုပ်ပြောင်းလျက် သာသနာ့ဓာတ်စခန်းများ ဖွင့်လှစ်ကာ သာသနာပြုခဲ့ခြင်းဟုလည်း ဆိုနိုင်ပါသည်။

အဘဘိုးမင်းခေါင်သည် ယင်းသို့ ပုပ္ပါးတောင်ကလပ်မှ ထွက်

ရပ် မသွားခင်ကပင် "နောင် ရုပ်ကိုမသုံး နာမ်ကိုသာ သုံးမည်"ဟု အတိအလင်းမှာကြားခဲ့ပါသည်။ သိဒ္ဓိ မဟိဒ္ဓိအရာများ သမထ ဘာဝနာအောင်မြင်သူများသည် နာမ်မနောတို့အား ကမ္မဋ္ဌာန်းအဝှမ်း လိုရာသို့ စေလွှတ်၍ နာမ်ဓာတ်ကိန်းနိုင်ကြလေသည်။ အဘဘိုးမင်း ခေါင်သည် ပုပ္ပါးအောင်မင်းခေါင် အမည်ဖြင့် ပုပ္ပါးအောင်စခန်း မှ ထွက်ခွာပြီးနောက် ဘိုးတော်ဝါယမဆရာတော်၊ ဆရာတော် ဦးနန္ဒိယ (မာန်အောင်ဆရာတော်) တို့မှ ယင်း မနောမဟိဒ္ဓိ အရိယာ ဝိပဿနာလမ်းစဉ် သာသနာပြုအဖွဲ့အား ဆက်လက်ဦးဆောင်ခဲ့ကြ လေသည်။

ယခုလက်ရှိ နာယကချုပ်ဖြင့် ဥက္ကဋ္ဌအဖြစ် ပါရမီစခန်း လုပ်ငန်းစဉ်အပေါင်းအား ဆက်လက်ဦးဆောင် သာသနာပြုနေသူ မှာ ဂျိုးဖြူ အဘိုးဆရာတော် ဦးအာဒိစ္စဝံသ၏ တပည့်ဖြစ်သော အရှင်အဂ္ဂသာရ (အဖေကြီး ဦးအေးဖေ) ပင်ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့မှ ဆရာတော် ဦးဝါယမ ကိုယ်တိုင် ဘိုးတော် မဟာအောင်မင်းခေါင် လမ်းစဉ် ဆရာတော် ဦးမိုးထိ၊ နာယကဆရာတော်ကြီးများ အဖွဲ့ဝင်များရှေ့မှောက်၌ သာသနာပြု သတ္တဝါကယ် တာဝန်အား ဆက်လက်ဆောင်ရွက်ရခြင်းပင် ဖြစ်ပေ သည်။



## အဘဘိုးမင်းခေါင်နှင့် ဂူဍိသိဒ္ဓိလမ်းစဉ်

အဘဟာ နာမ်စုံတတ်ထားတဲ့ ဝိဇ္ဇာတစ်ဦးဆိုတော့ နာမ်အတတ်ကို တတ်တော့ နာမ်ကိုအသုံးပြုပြီး ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေကို ပါရမီအလိုက် စခန်း၊ အဆင့်ဆင့်တွေကို ပဋ္ဌာန်းဆက်ပြီး ဖြည့်ကျင့်ပေးသွားနေတာပဲ။ ဒါဟာ အဘသားသမီးတွေကို သာသနာ အစစ်ယူသွားနိုင်အောင်လို့ပါပဲ။ **သာသနာပြုတယ်ဆိုတာ သောတာပန်တည်မှုဖြစ်တယ်ကွဲ့။** အဘဆိုတာ လူအမည်က ဦးမြအောင်တဲ့၊ ပြာန်းဘွဲ့က ဦးအာစိဏ္ဏပါ၊ ပုပ္ပားနယ်ကပဲကွဲ့။ အဘလူလောကယ်မှာရှိစဉ် အခါက ဆွေမျိုးတွေက အဘကိုမေးကြတယ်။ သူတို့နဲ့ အမျိုးဆိုတာ ဟုတ်ပါသလားတဲ့။ ဒီတော့ အဘက ရုပ်ပိုင်းဆိုင်ရာကတော့ ဟုတ်ပါတယ်။ နာမ်ပိုင်းဆိုင်ရာက မဟုတ်ဘူး။ အဲဒီလို အဘကမဟုတ်ဘူး။ ဟုတ်တယ်လို့ပြောခဲ့ပါတယ်။ ရှင်းကြလားရိပ်မိကြရဲ့လားကွဲ့၊ အခု ရွှေကြေးစည်ရဲ့ နာမ်ကိုစီးပြီး ပြောနေတာ

ဟာ အဘပဲ။ အဘဆိုတာ အလင်းရောင်မာတ်ပေါင်း ဥသျှောင် အောင်မင်းခေါင်ဆိုတာပါပဲ။ အဲဒါ အဘပါပဲကွဲ့၊ အေး ဒီကနေ့အဘ တို့နာမ်လောကနေပြီး ကြည့်လိုက်တော့ ကမ္ဘာပေါ် ရှိသမျှလူသား တွေဟာ အကျင့်သီလနဲ့ ပြည့်စုံတဲ့လူတွေကနည်းပြီး အကျင့်သီလ ပျက်စီးပြီး ထူးကဲတဲ့ ဗီဇ၊ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ တောက်လောင်နေတဲ့ လူတွေက အင်မတန် ပေါ်များနေတာ တွေ့ရ တယ်ကွဲ့။ ဒါကြောင့် လူသားတွေကို သံဝေဂ သတိပေးတဲ့အနေနဲ့ အတိတ်နိမိတ်တွ ပြခဲ့ပါတယ်။ အဘတို့နဲ့ လက်တွဲပြီး သာသနာပြု နေတဲ့ တပည့်တို့ကို နာမ်စီးပြီး ငါးပါးသီလစောင့်ထိန်းဖို့ရာ သတိ ပေးနှိုးဆော်တဲ့ စာရွက်လေးများ ဝေငှပေးခဲ့ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ လူတွေဟာ အခုသာသနာအတွင်းမှာ လူဖြစ်နေရပေမဲ့ ရတနာသုံးပါးကို မေ့လျော့ပြီး၊ ကာမဂုဏ်ငါးပါးအာရုံတရားတွေနဲ့ အပျော်ကြူးပြီး နေကြတယ်။ အဲဒီတော့ ဒီအကုသိုလ်တွေက အပါယ် လေးပါး ဆွဲချမှာကို မကြောက်လန့်ကြဘူးကွဲ့။ သတိမရကြဘူး။ ဒါကြောင့်...

"သေဘေးမမြင်၊ နေရေးကြင်လျက်
အစဉ်မှောက်မှား၊ လူသားများတို့
စဉ်လာအခု ရောက်မျှော်ရှုက
ဖော်ပြုမယ်၊ သမီးသားများနဲ့

ပျော့မြဲ ပြုံးမြဲ၊ ဒွန်စုံဆွဲလို့
ငိုပွဲ ရယ်ပွဲ၊ ကခန်းနွဲကာ
လမ်းလွှဲတာရှည်ကြာလှပါပြီ။
ပလီပလာ၊ ဟီတ်ဟာ်တာကြောင့်
လိုခါချစ်တုံး၊ မလိုမုန်းကြ
ချိုပြုံးလှဲ့ရန်၊ တကယ့်ဟန်ကြောင့်
ဖော်လိုက်မပြေး၊ ဇာတ်သိမ်းဆည်လျက်
ထွက်လမ်း ရှာလေ့ သားတွေသေဘေးမျိုး
အနေဆိုးပြီး လမ်းရိုးလိုက်ကာ ပျက်နေရာကို
ပြေးကာကြည့်ရှု သိလိမ့်ရှာသည်
ပစ္စည်းဓာတ်မီးဟု ငါမီး ငါလောင် ငါ့မှာ လောင်၏။
ငါထောင် ငါချ၊ ငါသာကျခဲ့၊ သတိရကြ
ဆရာစစ်၊ ဆရာမှန်ကို ဆည်းကပ်ကြ။
ငါသူ့ကိုပင် အကောင်းထင်၍
အစဉ်စွဲရှိ၊ မှားအဝိဇ္ဇာကြောင့် ရိပ်မိကြလော့။
ခြသေ့်ဆီကို တည်ကြည်ပြတ်သွား ထိတိုင်းကြားလိမ့်
တရားထူး မြတ် ဓမ္မဓာတ်သည် ဝိပဿနာ ဘာဝနာ ငြိမ်း
ဇာတ်သိမ်းခန်း ထွက်လမ်းစဉ်ကို အထူးညွှန်ပြ နှီးဆော်
သည်။

ဗုဒ္ဓသာသနာ မြန်မာလူမျိုးမှန်ရင် ဘုရားကိုယုံကြည်ရတယ်။ ဘုရားကို ယုံကြည်ရင် ဘုရားဟောတဲ့ တရားကိုလည်း ယုံကြည်ရမယ်။ ဘုရားဟောတဲ့ တရားကို ကျင့်ကြံအားထုတ်နေကြတဲ့ သံဃာတော်တွေကို ဆည်းကပ်ရမယ်။ **အစစ်ကိုရှာပြီး ဆည်းကပ်မှလဲ အမှန်တရားကို သိတယ်ကွဲ့။ အဲဒါမှ သောတာပန်ဖြစ်တယ်။ သောတာပန် ဖြစ်မှ သာသနာပြုနိုင်မယ်။** ဒါကြောင့် သားတပည့်တွေကို အရိယာဝိပဿနာဖြစ်အောင် လမ်းညွှန်ပေး နေပါတယ်ကွဲ့၊ အဲ ပစ္စုပ္ပန်ဘဝမှာ သားတို့သမီးတို့ရဲ့ ခန္ဓာကိုယ်ရုပ်လုံးရုပ်ခဲရှိနေသမျှတော့ စားဝတ်နေရေးအတွက် ရှာကြရမှာပဲ။ ဒီစားဝတ်နေရေး အတွက် ရှာတဲ့နေရာမှာတော့ လောဘ၊ ဒေါသ၊ မောဟ တရားတွေနဲ့ ဝိသမ ဖြစ်နေရင်တော့ အပါယ်ကို သွားရမယ်။ ဝိသမလောဘ ဒေါသ မောဟတရားတွေကို မလွန်ကဲဘို့ရာ မဘကအထူးသတိပေးလိုက်ပါတယ်။ အေး ကောင်းတာလည်း အကျိုးပေးတာပဲကွဲ့၊ မကောင်းတာလည်း အကျိုးပေးတာပဲ။ ထူးသင့်သလောက် မထူးပါဘူး။ လူတွေဟာ ကောင်းတာကြတော့ မသိမမြင်ဘူးကွဲ့၊ မကောင်းတာကျတော့ သိမြင်နေကြတယ်။ မကောင်းဘူး ကောင်းတယ်ဆိုတဲ့ သီလ၊ သမထ၊ ဝိပဿနာ ဘာဝနာကိုတော့ မလုပ်ချင်ကြဘူး။ အေးမကောင်းတဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေကိုသာ လုပ်နေကြပါတယ်။ ဒီတော့ သူတို့ကန်းနေတာ ဝိပဿနာဖုံးနေလို့ပဲကွဲ့။

အဝိဇ္ဇာ ဖုံးနေရင် အမှန်ကိုမြင်နိုင်ပါ့မလားကွဲ့။ မမြင်နိုင်ဘူး။ မမြင်ရင် အဝိဇ္ဇာကြောင့် ဘာဖြစ်သလဲ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်။ အဲ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်တယ်။ ဝိညာဉ်ကြောင့် နာမ်ရုပ် ဖြစ်တယ်ဆိုတော့ အဝိဇ္ဇာရှိနေသမျှကာလပတ်လုံး လူဟွေ သတ္တဝါ တွေဖြစ်နေကြဦးမှာဘဲကွဲ့။ ဒီတော့ အဝိဇ္ဇာနယ်မှ ထွက်နိုင်အောင် အဝိဇ္ဇာဖြစ်ဖို့ လိုလာပြီ။ အေး ဝိဇ္ဇာဆိုတာ အမှန်သိတဲ့ ဉာဏ်ကို ခေါ်တယ်ကွဲ့။ ဒီတော့ သိတဲ့လူနဲ့ပေါင်းရင် သိမှာဘဲ။ **ဝိဇ္ဇာဆိုတာ အလင်းဓာတ်ကိုဆောင်တယ်။ အလင်းသိမှ အချင်းသိတယ်။ အချင်းသိမှလဲ အလင်းသိတယ်။** အေး သတင်းပြောင်မှလဲ အဘ မင်းခေါင်နဲ့ ပေါင်းရမှာဘဲကွဲ့။ ဒါကြောင့် **အင်းတထောင် မင်းခေါင် သတင်းပြောင် အလင်းဆောင် နဝင်းထောင်တော့ အဘမင်း ခေါင်လို့ မှတ်ထားကြ။**

ဒီတော့ ပြောတဲ့နေရာမှာ **စေ့စပ်မှသေချာတယ်**။ သေချာမှလဲ တိကျမယ် ပြတ်သားတယ် **ပြတ်သားမှရှင်းလင်းမှာ**။ ဒီတော့ ကိုယ့် ဟာကိုယ်ရှင်းကြမှာပဲကွဲ့။ ဒါမှ **အဘတို့နဲ့** လက်တွဲပြီး သာသနာပြု ရလိမ့်မယ်ကွဲ့။ အေး သာသနာပြုတယ်ဆိုတာ ဘယ်သာသနာကို ပြုကြမှာလဲ။ သာသနာသုံးရပ်ဖြစ်တဲ့ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာရယ်လို့ သာသနာ (၃) ခုပဲရှိတယ်။ ပရိယတ္တိမှန်မှ ပဋိပတ္တိ မှန်တယ်။ ပဋိပတ္တိမှန်မှ ပဋိဝေဓမှန်မယ်။

ဒီတော့ စခန်းဆိုတာ သိဖို့လိုလာတယ်။ အေး စခန်းရှိရင်လမ်းရှိမှာဘဲ၊ လမ်းရှိရင် လျှောက်ဘို့လိုတယ်။ လျှောက်ရင်ပေါက်ဖို့ အရေး ကြီးတယ်။ ပေါက်ရင်ရောက်ပြီလို့သာ မှတ်တော့ ရောက်ရင် ပန်းတိုင်ကိုဝင်ရပြီ။ ဒီကနေ့ အရေးကြီးဆုံးဟာက ထွက်ရာလမ်းနဲ့ ထွက်ရာစခန်းပဲ။ ဝိဇ္ဇာတွေ ထွက်ရပ်လမ်း ကျင့်နေတယ်ဆိုတာ ဘယ်ကနေထွက်ရအောင် ကျင့်သလဲ သံသရာဝဋ်ဒုက္ခ ဆင်းရဲခြင်းနဲ့ အပါယ်လေးဘုံသို့ မသွားရအောင် ကျင့်ကြံ အားထုတ်ပြီး သောတာပန်အဆင့်နဲ့နေပြီး ထွက်ရပ်လမ်းဆုံသို့ မသွားသေးဘဲ သာသနာတော်ကို ချီးမြှောက်နိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်ရပါလို၏လို့ ဆိုတာဟာ ဝိဇ္ဇာတွေရဲ့ အမိဋ္ဌာန်ပန္နက်ပါပဲကွဲ့။ သတ္တဝါတွေရော၊ လူတွေဟာ လာတော့လဲ. တစ်ယောက်တည်းပဲ၊ သွားတော့လဲ တစ်ယောက်ထဲပဲ။ ဘယ်က လာသလဲဆိုရင် ဘယ်ကလာလို့ လာမှန်းမသိ။ ဘယ်ကို သွားရမှန်းလဲ မသိဘူးဆိုတော့ ဒီကိစ္စဟာ ပြတ်ပါ့မလား။ မပြတ်ဘူးပေါ့။ ဒီတော့ မိမိလာတဲ့ လမ်းကိုလည်းသိပါစေ။ လာတဲ့လမ်းကို သိရင် သွားရမဲ့လမ်းဆုံးကို သိနိုင်တယ် မဟုတ်လားကွဲ့။ ဒီတော့ နိဗ္ဗာန်ကို ဘာနဲ့သွားကြမှာလဲ။ ကဲ ဒါနလုပ်တော့ အကျိုးကလူ့ပြည်ရောက်တယ်။ သီလထုတ်တော့ နတ်ပြည်ရောက်တယ်။ သမထလုပ်တော့ ဗြဟ္မာပြည်ကို ရောက်တယ်။ ဒီတော့ သံသရာမှ

လွှတ်မြောက် သေးရဲ့လား။ လောကုတ္တရာပါသေးလားကွဲ့ စဉ်းစားကြစမ်းပါ။ မပါဘူးမဟုတ်လားကွဲ့၊ မပါရင်နိဗ္ဗာန်ကို မရောက် နိုင်ဘူးဆိုတော့ ရှင်းပြီလား။ ကိုယ်လိုနေတဲ့ နိဗ္ဗာန် ကိုရောက်ချင်ရင် တော့ ဝိပဿနာအလုပ်မှ လောကုတ္တရာနယ်ကို ရောက်တယ်။ ဒီတော့ ဝိပဿနာကို အားထုတ်ကြမှ ဖြစ်မယ်မဟုတ် လားကွဲ့။ ကနေ့အဘို့မှာ အမှန်တရားကို သိဖို့လိုလာပြီကွဲ့။ သိဖို့ ဟာက ဘာလဲဆိုတော့ ဝိဇ္ဇာစရဏသမ္ပန္နောဆိုတဲ့ မျိုးစေ့ဟာ အရေး ကြီးလာပြီကွဲ့။ ဝိဇ္ဇာဖြစ်မှလဲ အမှန်တရားကို သိမယ်။ ဒီတော့မှ အဘတို့နဲ့ပေါင်းရမှာပဲကွဲ့။ အခုအဘဖွင့်ပေးလိုက်တဲ့ ဗုဒ္ဓသစ္စာ မဂ္ဂျိုင်သာသနာပြုဟာ အဘဗလသိဒ္ဓိရှင်ရဲ့ အလိုတော်ကြပါပဲကွဲ့။ ဒီတော့ ဗုဒ္ဓဘာသာဘာလဲ ဗုဒ္ဓဟာဘုရား၊ သစ္စာဆိုတာ မဖောက် မပြန်တဲ့လမ်းကြောင်း အဲဒီလိုသိပါ။ မဂ္ဂျိုင် ဆိုတာက မယိုင်မလဲလို့ သိပါ။ ဗုဒ္ဓရဲ့ အလိုတော်ကျအတိုင်း သစ္စာ လမ်းကနေပြီး မယိုင် မလဲဘဲ မိမိလိုရာ စခန်းကိုသွားနိုင်ဘို့ အရေးကြီးဆုံးလမ်း ဖြစ်ပါ တယ်။ ဒီတော့ အဆောင်လိုလာပြီ။ ဘာကို ဆောင်ကြမှာလဲ။ **အဆောင်ရှိမှ ထွက်လို့ရတယ်မှတ်။ အဆောင် မရှိရင်ထွက်လို့ မရဘူး။ ထွက်တယ်ဆိုတာ အသေထွက်နဲ့ အရှင်ထွက်ရှိ တယ်။ အသေထွက်ဆိုတာက တရားပေါက်ပြီး ဓာတ်မပေါက် လို့ပဲ။ အရှင်ထွက်ဆိုတာက တရားပေါက်ပြီး ဓာတ်ပေါက်လို့**

**ရတယ်။** အေး အဘတို့က အရှင်ဘဲ ထွက်ခဲ့တယ်။ အနေပျော်တဲ့လိုင်း၊ အနေတော်တဲ့လိုင်းပဲ၊ အဲ့ဒါအသေမခေါ်ဘူး။ မမှားကြဘို့လိုတယ်။ အရေးကြီးတာက သစ္စာ (၂) ပါးဖြစ်တဲ့ သုရာမေရိယကံနဲ့ ကာမေသုမိစ္ဆာ ကံကိုပါ အသက်ထွက်ဆုံးထိန်းသိမ်း ဖို့ပဲ ဖြစ်တယ်။ ဒါကိုမမှားရင် မသေနိုင်ဘူးလို့မှတ်။ ခုလို ပြောတာကို ရွှေနဘေးလေချော်ပြီး မနေကြနဲ့။ **ရွှေနဘေး လေချော်ပြီး နေရင်တော့ အဖေခေါ် ရလိမ့်မယ်။** အဖေခေါ်ကြရင် သေကြရလိမ့်ဦးမှာဘဲလို့ မှတ်။ ထွက်တဲ့နေရာမှာ အဆောင်ဆိုတာ သိဖို့လိုတယ်။ ဘာကို ဆောင်ကြမှာလဲ။ အဘတို့က အင်းတထောင်ကိုင်ပြီး တနင်္ဂနွေ ဒေါင့်က ထွက်ခဲ့တယ်။ အင်းနဲ့လဲထွက်လို့ရတယ်။ စမနဲ့လဲ ထွက်လို့ရတယ်။ ဒီတော့ ဘာကိုဆောင်ပြီး ထွက်ကြမှာလဲ။ ကိုယ်နဲ့တော်တဲ့ အဆောင်ကို ရွေးဘို့လိုလာပြီ။ လောကမှာ မတန်တာမရှိဘူး။ မတော်တာပဲ ရှိတယ်။ တန်လာရင် ဒဏ်ခံနိုင်ဘို့ အရေးကြီးတယ်ကွဲ့။ အဘိုးတန်မှ အမျိုးမှန်တယ်။ အမျိုးမှန်မှ အဘိုးတန်မှာဘဲ။ တန်ဖိုးမသိရင်တော့ တန်ဖိုးမရှိဘူး။ တန်ဖိုးရှိတာကို တန်ဖိုးထားတတ်ရမယ်။ တန်ဘိုးထားတတ်မှလဲ တန်ဘိုးရှိမှာပဲကွဲ့။ အဘတို့ဟာ မဟိဒ္ဓိ၊ သိဒ္ဓိလိုင်း၊ မဟိဒ္ဓိ သိဒ္ဓိဆိုတာ သိဖို့လိုလာပြီ။ မဟိဒ္ဓိဆိုတာ ကြံဆောင်တာ သိဒ္ဓိဆိုတာက ပြီးမြောက်တာ။ ကြံဆောင်လို့ ပြီးမြောက်ရင် မဟိဒ္ဓိ။ သိဒ္ဓိရတော့တာပဲ။ မဟိဒ္ဓိ သိဒ္ဓိဆိုတာ

ဘယ်မှာရှိသလဲ ဘုရားရှင်ရဲ့ဂုဏ် တော်ကိုးပါးဟာ မဟဂ္ဂိခတ်တွေ ပါပဲကွဲ့။ မှတ်ထားကြ မှတ်ထားကြ။ လောကအခေါ်နဲ့ဆိုရင် နဝင်းခတ်လို့ ခေါ်ကြတယ်။ ကိုနဝင်းမိုးလင်းမှ သိမယ်တဲ့။ ကိုင်း မိုးကလင်းပြီလား။ မိုးမလင်း သေးဘူးတဲ့။ မိုးမလင်းသေးရင် မိုးလင်းဖို့ စောင့်ကြရဦးမှာဘဲ။ ဒီတော့ တို့က ဂုဏ်တော်ကို မဟဂ္ဂိ ခတ်တွေ စုပြီး ပုတီးစိပ်ခိုင်းတယ်။ မဟဂ္ဂိမှန်းသိရင် မဟဂ္ဂိရမှာ ပဲ။ မဟဂ္ဂိ ရလာပြီးရင် ပြီးမြောက်တဲ့စခန်းဖြစ်တဲ့ သိဒ္ဓိကို ကူးကြရ မှာဘဲ။ မဟဂ္ဂိရဘို့က တော်မှမှော်ဖြစ်တယ်။ မှော်ဖြစ်မှ မဟဂ္ဂိရတယ်။ မဟဂ္ဂိကို ရမှ သိဒ္ဓိကို ရတယ်။ အေး မှော်နဲ့ မဟဂ္ဂိကြားမှာ ကာမ စိတ်ဆိုတာရှိတယ်။ ကမ္မဝိဇ္ဇိကိုလဲ မှန်းရမှာပဲကွဲ့။ အခု ပြောတာကို မှ မသိရင် သိဒ္ဓိကို ဘယ်လိုနည်းနဲ့ရအောင် ယူကြမှာလဲကွဲ့။ လောကမှာ လိုအပ်နေတာက ငွေ။ **လုပ်ရမှာက သမထ ဝိပဿ နာ။ သိရှိဘို့ရာက သစ္စာ။ ပြီးမြောက်မှာက မဟဂ္ဂိ သိဒ္ဓိ။** ကဲ ဒီအချက် လေးချက်ကို မမေ့ကြနဲ့။ **မဟဂ္ဂိ သိဒ္ဓိဆိုတာ ပေးလို့ မရဘူး။ ကိုယ်ကိုယ်တိုင် ကျင့်မှရတယ်။** အဘတို့က မဟဂ္ဂိ သိဒ္ဓိ ပေးတယ်ထားဦး အဘတို့ရဲ့ မဟဂ္ဂိ သိဒ္ဓိ ကရှိတယ်။ မင်းတို့ပိုင် တာ မဟုတ်သေးဘူး။ ဒီတော့ ထန်းပင်အောက်နေပြီး ထန်းသီးကြွေ ကျတာကို မျှော်မနေကြနဲ့။ ကိုယ်တိုင်တက်ပြီး ထန်းသီးကို ယူကြ။ မှော်ဆိုတာ (၂၇) ရက်ထဲ ကျင့်တာနဲ့ ရတယ်လို့မှတ်ပါ။ ရအော

ပေါသိဒ္ဓိ (၄၉) ရက်ကျင့်ရင် မဟိဒ္ဓိဓာတ်တွေရတယ်။ ပထဝီသိဒ္ဓိကျတော့ (၃) ရက်ထဲ ကျင့်ရင်ရတယ်လို့မှတ်။ ကျင့်တယ်ဆိုတာ ဘဝ ဆရာလိုတယ်။ ဘဝဆရာမပါရင် ရူးတဲ့အချိန်မှာ သွားကျင့်ရင် ရူးသွားမှာဘဲ။ ဒီတော့အဘတို့ဖွင့်ပေးလိုက်တဲ့ ဒီသစ္စာမဏ္ဍိုင်ဟာ သိဘို့ အရေးကြီးပြီ။ အေး ဂြိုဟ်ကြီးရှစ်ခွင်ရှိတယ်။ ဘယ်ဂြိုဟ်မှာ ဘာရှိတယ်ဆိုတာ မသိရင် ကိုယ်ကျင့်တာ ဘာရမယ်ဆိုတာ သိနိုင်ပါ့မလား။ မသိဘူးလို့ဆိုရင်၊ မှတ်သားထားဖို့ရာ အဘကပြောပြမယ်။

(၁) တနင်္ဂနွေဂြိုဟ်နတ်စက်ခေါ်တယ်

(၂) တနင်္လာဂြိုဟ် သာသနာစက်ခေါ်တယ်

(၃) အင်္ဂါဂြိုဟ်ဟာ ရုက္ခစိုးစက်ခေါ်တယ်

မှော်အဘတ်ကို လိုချင်ရင်ဖြင့် ဒီရုက္ခစိုးစက်မှာ ကျင့်မှရတယ်။ မှော်ဆိုတဲ့ အသံကြားရင် လူတွေ့က ရွံ့မုန်းကြတယ်ကွဲ့။ ဒီနေရာမှာ အောက်နဲ့အထက်ကို ခွဲခြားသိဖို့လိုတယ်။ အောက် (၉၉) မှော်ရှိတယ်။ အထက်မှာ (၆၄) မှော်ရှိတယ်။ အထက်မှော်ဆိုတာ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး စသည်တို့ကို အားကိုးကြတာဘဲ ဒီအတတ်စညာရလာရင် ပိုက်ဆံမပေးပဲ ပစ္စည်းကို မဝယ်ရဘူး။ ပိုက်ဆံမပေးဘဲ ပစ္စည်းကိုယူရင် သူခိုးဆိုတာမှတ်။ ဒီတော့ မှော်အတတ်ကို တတ်ရင် ထိုင်ရာမထလိုချင်တဲ့ ပစ္စည်းကိုယူနိုင်တယ်။

(၄) ဗုဒ္ဓဟူးဂြိုဟ်ဟာ ဘုမ္မိယသိုက်စက်ခေါ်တယ်။

ဘုမ္မိယဆိုတာ သိုက်ကိုခေါ်တာဘဲကွဲ့။ ဘုမ္မိယထဲ ရောက်ရင် သိုက်ပညာတတ်တယ်။ သိုက်ပညာတတ်တယ်ဆိုတာ သိုက်တူးဖို့ ပြောတာမဟုတ်ဘူး။ သိုက်ပညာစခန်းနဲ့ ပတ်သက်လာရင် မိန်းကလေး တွေ အထူးသတိထားရတယ်ကွဲ့။ ဘာကြောင့်လဲ၊ ဇာတ်ကြောင်း မအေးရတဲ့ အချက်ဘဲ။ သိုက်ကလာရင် သိုက်ဆက်ထဲ ရောက် တဲ့အခါ အနှောင့်အယှက် အမြဲဝင်တတ်တယ်။ သိုက်ကလာတာမှန် ရင်တော့ သိုက်ကပြန်ခေါ်ကြတာပဲ။ သိုက်ပြန်ခေါ်တာကိုသိတော့ အားကိုးရှာကြတာပဲ၊ ကိုယ်က သိုက်ပညာတတ်ထားတော့ ကူညီလို့ ရတယ်ကွဲ့။

(၅) ကြာသပတေးဂြိုဟ်ဆိုတာ အထွက်စက်လို့လဲခေါ်တယ်။

အတတ်စက်လို့လဲ ခေါ်တယ်။ အေး ထွက်ရာလမ်း၊ ထွက်ရာ စခန်းကို ကျင့်ရင်ဖြင့် အဲဒီကြာသာပတေးဂြိုဟ်ကနေပြီး ထွက်ရ တယ်ကွဲ့။

(၆) သောကြာဂြိုဟ်ဆိုတာကတော့ ပညာစခန်းနဲ့ ပတ်သက်လာရင် အပြိုင်အဆိုင် ပေါ်လာမယ်။ ဆရာတွေ အများဆုံးတွေ့ရတယ်။ ဆရာဆိုတာ ဂိုဏ်းဂဏဆရာကို ခေါ်တယ်ကွဲ့။ အဲဒီစက်မှာ အကြား အမြင်ဖွင့်ပေးလို့ရတယ် သင်ပေးလို့လဲရတယ်။ ကိုယ်ကဆရာ အလိုက်မမှားဘို့ လိုတယ်။ ဆရာအလိုက်မှားတော့ ဘာဖြစ်သလဲ။ တစ်သံသရာလုံး မှောက်တယ်။ ဒါကို မြဲမြဲမှတ်ထားပါ။

(၇) စနေဂြိုဟ်မှာတော့ ပညာစခန်းနဲ့ ပတ်သက်ရင် အင်းတိုက်၊ စုန်းတိုက်၊ နတ်တိုက်၊ မှော်တိုက်၊ ကဝေတိုက်၊ ဆရာတိုက်၊ ဇော်ဂနီ၊ ဇော်ဂနက်အစရှိသော ဇနပလဂန္ဓာရီ အတတ်ပညာကို သိရတယ်ကွဲ့။

(၈) ရာဟုဂြိုဟ်မှာတော့ အဝင်ခန်းရှိတယ်။

လူဟာ ပုဂ္ဂိုလ်ထိန်းမှရတယ်။ ပုဂ္ဂိုလ်မထိန်းရင် ရှုံးကြတာပဲ။ ဒါကြောင့် သမထလုပ်ရင် ဒီစက်ဟာ အရေးကြီးဆုံးဘဲကွဲ့။ ဒီနေရာမှာ ဘ၀ဆရာ အဆုံးအမသြဝါဒကို လက်မလွှတ်ဖို့ အင်မတန်အရေးကြီးတယ်လို့ မှတ်ပါ။ အဘတို့က မင်းတို့အတွက်ဆိုပြီး အဘမခလမ်းစဉ်ကို ဖွင့်ပေးထားတယ်။ ဒါဟာအဝင်အထွက်စခန်းဘဲ။ အဝင်ရှိမှ အထွက်ရှိတယ်ကွဲ့. ဝင်တာက "ခ" အက္ခရာ သာသနာစက်ခေါ်တယ်။ အထွက်က "ဘ" အက္ခရာဘဲ ဒါကိုသတိထားပါ။ အဝင်နဲ့အထွက်ကိုသိရင် အဝင်ကို သိအောင်ကြိုးစား၊ ဒါမှ အထွက်စက်ကို မိတယ်ကွဲ့၊ အတွင်းစက်မိမှလဲဘဲ အဘတို့က စောင့်ရှောက်လို့ရတယ်။ ဒါကြောင့် အတွင်းစက်ကိုဝင်ကြ။ ဝင်ပြီးရင် (၈) နှစ်ကြာမှ တခွင်မိတယ်။ အဲဒါတစ်ပတ် ပတ်တယ် လို့ခေါ်တယ်။ အဲဒီအခါကျမှ သာသနာ့အကြောင်း၊ ရက္ခစိုးအကြောင်း၊ ဘုမ္မိယအကြောင်း၊ နတ်အကြောင်း၊ ဆရာ့အကြောင်း၊ စုန်းအကြောင်း၊ ကဝေအကြောင်းကို သိလာရတယ်။ ဒီတော့ အဓိဋ္ဌာန်စခန်းကို

ကျင့်ရင် ခန္တီပါရမီဟာ အရေးကြီးဆုံးဘဲလို့ ပြောတာပဲ။ **ဂုဏ်တော် ကိုးပါးနဲ့ တစ်နေ့ကို အပါတ်ကြီး (၁၂) ပတ် (၁၀၈) ရက် တကကမ္မာ ပြီးရင် တစ်ခွင်ရတယ်လို့ ခေါ်တယ်ကွဲ့. (၃) ကမ္မာပြီး ရင် ပီယသိဒ္ဓိပြီးတယ်။ (၅) ကမ္မာပြီးရင် မနသိဒ္ဓိပြီးတယ် (၇) ကမ္မာပြီးရင် ကာယ သိဒ္ဓိပြီးတယ်။ (၉) ကမ္မာပြီးရင် သိဒ္ဓိ- မဟိဒ္ဓိလိုတာ အောင်ရပြီ။** ပိုင်အောင်လုပ်ကြ၊ အေး သစ္စာအရေး ကြီးတယ်မှတ်၊ သစ္စာမရှိရင်တော့ မှားတာကို လုပ်မိရင် အပါယ်ကို သွားမှာဘဲ။ အခုအဘပြောခဲ့တာတွေကို ဇနပဒ်ဂန္ဓာရီတွေနဲ့ စူဠ ဂန္ဓာရီအဆင့်ပဲရှိပါသေးတယ်။ မဇ္ဈိမဂန္ဓာရီအဆင့်ကို မရောက် သေးဘူးကွဲ့။ အကြောင်းရှိရင်ဆော်မယ်။ တီးမယ်ဆိုတဲ့ စိတ်ဓာတ် ဟာ မကင်းကြသေးဘူးပေါ့။ အဲဒီ အကျင့်မှာရပ်မနေနဲ့။ မဇ္ဈိမ ဂန္ဓာရီပြီးမှ မဟာဂန္ဓာရီကို ရောက်တယ်ကွဲ့။ မဟာဂန္ဓာရီမှာ အနု အရင့် ရှိတယ်။ အနုပြီးရင် ရင့်ကြမှာဘဲ ဆက်လာရင်တော့ မဟာဂန္ဓာရီ အရိယာဝိဇ္ဇာမိုရ်ကို ကူးရတယ်။ သိဒ္ဓိ မဟိဒ္ဓိကို ဆောင်ပြီး ကူးရင်တော့ နာမရူပရိဗ္ဗေဒဉာဏ် မရနိုင်ဘူး။ သတိထားပါ။ အဲဒါ ကြောင့် မြေလှိုးမိုးပျံ အတတ်စက်ကို တတ်ပြီး၊ အပါယ်ကို သွားနေ ကြတာ အများကြီးပဲ။ ဒါကြောင့် ကြပ်ကြပ်သတိထားရမယ်။ နောက် ဆုံးကြတော့ လောကုတ္တရာကို ကူးကြရမှာ ဖြစ်ပါတယ်။ အခုအဘ ပြောခဲ့တာတွေဟာ အဆောင်ကိုသိပြီး လောကုတ္တရာကို ကူးတဲ့

အခါမှာ ဒီသမထကို ဖြတ်နိုင်ဘို့ရာ အံလွန်အရေးကြီးတယ်ကွဲ့။ မဖြတ်နိုင်ရင် သမထ တရားနဲ့ သံသရာလည်ကြဦးမှာဘဲ။ ဒါကြောင့် အဘက လောကနဲ့မမွတ်ပြီးကိုင်တာပဲ။ သတိပြုပါ။ အဘသားတွေဟာ ဗဟုသုတရှာတဲ့ သူတွေဆိုတော့ သိစရာမှတ်စရာ နမူနာယူစရာတွေကိုတော့ ယူတတ်ဖို့ လိုတယ်ကွဲ့။ လိမ္မာမှ ပါးနပ်ဆိုတာကိုယ့်အတွက် အဆောင်ကောင်းပါရမယ် အဆောင်ဆိုတာ သိရင်ဆောင်နိုင်ဖို့ မမေ့နဲ့။ ဓာတ်ပိုင်းဆိုင်ရာပညာနဲ့ ဒူးဂဏန်းရဲ့သဘောကိုတော့ ရေငုံမိအောင် လေ့လာထားဘို့ လိုတယ်ကွဲ့။ မြူဂဏန်းနဲ့ မြဲဂဏန်း၊ ဒုံးဂဏန်းတဲ့ ဆိုတာရှိတယ်။ ဒူးဂဏန်းဆိုတာ ဗျည်းအက္ခရာစဉ်ဆက်ပြီး ဝိဇ္ဇာရဲ့ဉာဏ်စဉ်ကို လိုက်တဲ့သဘောပဲ။ ဒုံးဂဏန်းဆိုတာ အင်းကစားတဲ့ ဂဏန်းပဲကွဲ့။ လောကကြီးမှာ ဓာတ်ကြီးလေးပါးပဲရှိတယ်။ ဒီဓာတ်ကြီး လေးပါးကို ချုံးလိုက်တော့ အပူနဲ့အအေးဘဲရှိတယ်လို့ မှတ်ထားကြ။ အပူဆိုတာ ဒုံးဂဏန်းရ (တစ်) လို့ ရေးတယ်။ အအေးဆိုတာ ဒုံးဂဏန်းအရ (နှစ်) လို့ ရေးတယ်ကွဲ့ အဲဒါသိဘို့ လိုရင်းကတော့ "တစ်" က အပူ၊ "နှစ်"က အအေးလို့ မှတ်ထားကြ။ တစ်ဂဏန်းရဲ့ အမှတ်အသားက "နေ" အဖွဲ့နှစ်ဂဏန်းအမှတ်အသားက "လ" လို့ခေါ်တယ်လို့မှတ်။ ဒါကြောင့် အပူနဲ့အအေးဆိုတာ "တစ်" နဲ့ "နှစ်" လို့ မှတ်သားထားကြပါ။ တစ်နဲ့နှစ်ဆိုတာ နေနဲ့လ၊ နေနဲ့လဆိုတာက ဒေါင်းနဲ့ယုန်ပဲ။ ဒေါင်း

နဲ့ယုန်ဆိုတာက အကျင့်ပိုင်းမှာ အဝင် ခေါင်းရုပ်ကိုခေါ်ပြီး အထွက်မှာ ယုန်ရုပ်ကို အမြဲခံပြီး နေပေါ်ကို မာတ်တိုင်ခေါ်တဲ့ စေတီကိုတည် စိုက်ပြီး ပုသိမ်ထီးမာတ်နဲ့ ထွက်ရတာပဲကွဲ့ ဒါကအရှင်ထွက်ရဲ့သဘောပါဘဲ။ ဝိဇ္ဇာ ဉာဏ်စဉ်နဲ့ပတ်သက်လို့ ရွှေအကြောင်း ဖယောင်းမှ သိဆိုတဲ့ စကားလို အများဆုံး လိုက်နာကြပါ။ 'ဖားစည်ကိုခေါက်ပါလို့ သွေးသောက်ကိုနှော' တဲ့။ ဒါက အဘရဲ့သားတွေကို သတိပေးရတဲ့ သဘောဘဲ။ ဖားစည်ဆိုတာက ခေါက်ရင်လဲ ဖြစ်တယ်။ တီးလို့လဲ ဖြစ်တယ်။ မြည်တာချည်းပဲ၊ အေး သွေးသောက်ဆိုတာက သစ္စာခံတဲ့ လူတွေပဲကွဲ့ ဒီတော့ သူတို့က အဆွယ်ကောင်းလို့ ဂိုဏ်းဂဏထဲ ပါရင်တော့ သစ္စာခံဂိုဏ်းဂဏ စာရင်းထဲ ဝင်သွားမှာပဲ။ အဆတို့က ဇာကိုယ်တော်လမ်းစဉ်ဘဲလို့ မှတ်ပါ။ တဘောင် ဆိုတဲ့စကားက ဂိုဏ်းဂဏရှိတဲ့ ပုဂ္ဂိုလ်ဆရာတွေရဲ့ ပြောစကားဘဲ အခုဘသားတွေက ဝိဇ္ဇာဖြစ်ချင်ကြတယ် မဟုတ်လား။ ဝိဇ္ဇာဖြစ်ချင်ကြတယ်ဆိုရင် အဘခိုင်းတာကို လုပ်ရမှာဘဲ။ အပြောအဆိုလိမ္မာကြပါ။ ဝိဇ္ဇာအသိဉာဏ်ကို ရှာကြပါ။ အတိတ်ရယ်။ နိမိတ်ရယ်။ တဘောင်ရယ် ဆိုတာကိုတော့ မျက်ခြေမပြတ်ကြပါနဲ့။ မျက်စိလည်းရှင်ကြပါ။ နားလည်းရှင်ကြပါ။ မျက်စိလည်း မပယ်နဲ့။ နားလဲမလယ်နဲ့။ ချက်ဆို နားခွက်ကထတောက်ကြပါ။ ဝိဇ္ဇာနဲ့ပေါင်း ဝိဇ္ဇာပါးဝကြ။ လူနဲ့ပေါင်းရင် လူပါးဝကြ။ လူတွေဟာ တရားလက်လွှတ်ငှက်တောင်ကျွတ်ဆိုတာ ဖြစ်နေကြပြီ။ အကျင့်စာရိတ္တ စိတ်မာတ်

တွေက ဖျက်စီးဖောက်ပြန်နေကြပြီ။ အကျင့်ကလဲ ဖောက်ပြန် နက္ခတ်ဂြိုဟ်တွေကလဲ ဖောက်ပြန်နေကြတယ်။ ဝိဇ္ဇာတွေက လူတွေအတွက် ရတနာမိုး ရွာသွန်းဖြိုးချင်ပါတယ်။ ဒါပေမဲ့ ကနေ့လူတွေဟာ သီလနဲ့ သမာဓိမရှိဘူး။ အကျင့်စာရိတ္တနဲ့ သီလ၊ သမာဓိ၊ သစ္စာတွေမရှိတော့ ဂြိုဟ်သွား ဂြိုဟ်လာတွေကလည်း မမှန်တော့ဘူး။ ဖောက်ပြန်နေတယ်။ နက္ခတ်တွေ အသွား အလာမမှန်တော့ ဝိဇ္ဇာတွေဟာ လိုတဲ့နက္ခတ်ကို မရလို့ ရတနာမိုး ရွာမပေးနိုင်ဘူးကွဲ့။ ဒီကနေ့ ကမ္ဘာကြီးမှာ လူတွေဟာ အသိတရား ကြပ်ကြပ်ထားနေမှ တော်ကာကျမယ်။ ကနေ့ ကမ္ဘာကြီးဟာ မိစ္ဆာနိုင်ငံတွေ ဓာတ်ကြီးလေးပါးက ဖျက်ဆီးနေပြီ။ သတိပြုကြပါ။ **တို့ဗမာ လူမျိုးတွေလည်း ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ပြီး ငါးပါးသီလကို လူတိုင်း လူတိုင်း စောင့်ထိန်းကြပါစို့။** အဘက သတိပေးလိုက်ပါတယ်။ ဘုရားဟော ထားတာက သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးပါပဲ။ ပိဋကတ် သုံးပုံကို အကျဉ်းချုပ်တော့ သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါး ပါပဲ။ သီလဆိုတဲ့ စောင့်ထိန်းမှုလေးတွေကို ကြိုးစား ထိန်းသိမ်းကြ ထိန်းသိမ်းပြီးရင် သမာဓိ စခန်းကို လိုက်ရမှာဘဲ။ သမာဓိစခန်းကို လိုက်မယ်ဆိုရင် အဓိဋ္ဌာန်ဆိုတာ လိုလာပြီ။ အဓိဋ္ဌာန်ဆိုတာ ရည်မှန်းတဲ့ အတိုင်းပြီးမြောက်အောင် ဆုပ်ကိုင်ထားတာဘဲ။ အဓိဋ္ဌာန် စခန်းပေါင်းများစွာ ကျင့်ကြံအားထုတ်လာရင် သမာဓိ

ဆိုတာ ဖြစ်လာမှာပဲ။ သမာဓိရှိရင် အလင်းဓာတ်ရလာမယ်။ ရရှိလာတဲ့ အလင်းဓာတ်ကိုသုံးပြီး ကိုယ့်အတိုင်းအတာနဲ့ကိုယ် (၃၁) ဘုံအကြောင်းကို တတ်အားသမျှ လေ့လာကြည့်ရှုရမှာဘဲ။ မြတ်စွာဘုရား သက်တော်ရှိစဉ်အခါက ဘုရားကရှင်အာနန္ဒာကို မေး တယ်။ "ချစ်သားအာနန္ဒာ ငါဘုရားရဲ့ လက်ဝါးအပေါ်က မြေမှုန့်နဲ့ မဟာပထဝီမှာ ရှိတဲ့မြေမှုန့် ဘယ်ဟာကပိုများသလဲတဲ့။ ရှင်အာနန္ဒာက မဟာမြေကြီးပေါ်က မြေမှုန့်က ပိုမိုများပြားပါတယ် ဘုရား။ ဒီတော့ ဘုရားရှင်က ဆက်လက်ပြီး မိန့်တော်မူတယ်။ အေး ဒီကနေ့ သုဂတိဘုံကနေပြီး သာလွန်ပြီး ဒုဂ္ဂတိဘုံကို ပြန်ရောက်တာ ကမ္ဘာမြေကြီးပေါ်က မြေမှုန့်လောက်ဖြစ်ပြီး ငါဘုရား လက်ဝါးတော်ပေါ်မှ မြေမှုန့်လောက်က သုဂတိဘုံကို ပြန်ရောက်ရတယ်။" အဲဒီလို အာနန္ဒာကို ဟောပြောတော်မူတယ်။ ဒီတော့ သမာဓိတလုံးကို အသုံးပြုပြီး (၃၁) ဘုံကို လေ့လာလိုက်တော့ ဒုဂ္ဂတိမှန်း၊ သုဂတိမှန်း မသိဘဲ နစ်မွန်းနေတာတွေ တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ **လူတွေဟာ သားသမီးသံယောဇဉ်၊ ပစ္စည်းသံယောဇဉ် အစရှိတဲ့၊ သံယောဇဉ်အမှားတွေကြောင့် အပါယ်ဘုံမှာ နစ်မွန်းနေတာတွေကို တွေ့ရတယ်။** ယခုလို အပါယ်လေးဘုံမှာ နစ်မွန်းမျောပါ နေရတာက အကြောင်းရင်းကို စိစစ်လိုက်တော့ သက္ကာယဒိဋ္ဌိ ဦးစီးပြီး မကောင်းတဲ့ အကုသိုလ်ကံ ဒုစရိုက်တွေကို ပြုလုပ်နေ

ကြလို့ပါပဲ။ တနည်းအားဖြင့် ဝိဇ္ဇာမဖြစ်သေးလို့ပဲ။ အလင်းခေတ် မရသေးလို့ပဲမှတ်။ အေး ဝိဇ္ဇာဖြစ်လို့ အလင်းခေတ်ကို ရလာရင် ဒီ အပါယ်လေးဘုံကို မကျရောက်တော့ဘူးလို့မှတ်ပါ။ ဒါဟာ (၃၁) ဘုံက ထွက်လမ်းအစပဲကွဲ့။ ဒီတော့ မိမိတို့တစ်တွေဟာ အလင်းခေတ် ရတာဟာ ဆရာစစ်၊ ဆရာမှန်နဲ့ တွေ့ရမှ ရမှာပဲကွဲ့။ ဒီလိုအလင်း ခေတ်ရတဲ့ ပုဂ္ဂိုလ်တွေဟာ အဘတို့နဲ့ ပေါင်းမိပြီး သာသနာပြုရ တော့မှာပဲကွဲ့။ အဘတို့ကို ငှက်ပျောသီး၊ အုန်းသီးပွဲ၊ မပေးပဲ အမြဲတမ်း အဘတို့က စောင့်ရှောက်ပေးမှာပဲ။ မပူနဲ့ကွဲ့။ အလင်း ခေတ်ကိုရအောင်လို့ ကြိုးစားအားထုတ်ကြပါ။ သုဂတိ (၂၇) ဘုံ ရှိတယ်။ လူပြည် (၁) ဘုံ၊ နတ်ပြည် (၆) ထပ်၊ ဗြဟ္မာပြည် (၂၀) ပဲ၊ နတ်ဖြစ်ရင် ဘဝအစဉ်အဆက်ပြုလုပ်ခဲ့တဲ့ ကမ္မဝါစာက ကုသိုလ် တွေဟာ ပြန့်ပြီး ခံစားရတော့တာဘဲ။ လောကမှာ ပင်စင်ယူသလို ပေါ့ကွဲ့။ အဲဒီကမှ ကုသိုလ်အား ကုန်ရင်တော့ အောက်ကိုကျမှာဘဲ။ အပါယ်ဘုံဆီကို တိုက်ရိုက်ရောက်နိုင်တယ်လို့ မှတ်ပါ။

ဗြဟ္မာဘုံ (၂၀) မှာတော့ အရိယာဖြစ်နေတဲ့ ဗြဟ္မာကြီးမှတပါး အခြားသောပုထုဇဉ် ဗြဟ္မာကြီးများက ရူပ၊ အရူပဈာန်တွေ ခံစား ပြီးသေတော့ အပါယ်လေးပါးကိုကျရောက် နိုင်သေးတယ်ကွဲ့။ အဲ လူသားတွေကျတော့ ကုသိုလ်၊ အကုသိုလ်နှစ်ခုစလုံးကို လုပ်နိုင်တယ် ကုသိုလ်လုပ်ချင်ရင် ပါရမီအဆင့်ဆင့်ကိုလိုက်နိုင်တယ် လူသား

အချို့မှာသာ ပါရမီစခန်း အဆင့်ဆင့် ဆည်းပူးပြီး သဗ္ဗညုတဉ္ဉာဏ်တော်ကိုရနိုင်ပါတယ် အဲဒီတော့ သံသရာက မကျွတ်လွတ်မီဖြစ်လေရာဘဝတိုင်းမှာ လူသားဖြစ်တဲ့နည်းလမ်းကို ရှာရတော့မယ်။ လူဖြစ်ရင်လည်း ပါရမီကံကိုဖြစ်နိုင်တဲ့ နည်းလမ်းကိုရှာရမယ်၊ ဖြစ်လေရာဘဝဆက်တိုင်းမှာ လူဖြစ်ပြီး ပါရမီခန်း အဆင့်ဆင့် ဖြည့်ကျင့်နိုင်တဲ့နည်းလမ်းစဉ်ဟာ သာသနာတော်ကို စောင့်ရှောက်နေကြတဲ့ ဝိဇ္ဇာတွေရဲ့ ထံမှာပဲရှိတယ်။ ဒီကနေ့ အဘဟာ ဒီနည်းလမ်း တွေကိုလည်း ညွှန်ပြနေတာပါပဲ။ အေး၊ လိုရင်းကိုပြောရရင် အဘ ဟာ ဒီကိုးနဝင်း ဓာတ်တွေကို မပျောက် မပျက်ပါစေနဲ့လို့ အောက်မေ့ပြီး သာသနာပြုနေတယ်။ ကိုးနဝင်းဆိုတာက အဘသတ်မှတ်ပေးလိုက်တဲ့ ဘ-ခ-မ-ခ လမ်းစဉ်ဟာ အဝင်အထွက် စခန်းလို့ဖော်ပြ ထားတယ်။ ဒီကနေ့ လူသားတွေဟာ အဝင်အထွက် မတတ်ကြလို့ တလွဲတချော်ဖြစ်နေကြတယ်။ အကျင့်လိုင်း၊ အကျင့်သစ်နှင့် ပတ်သက်လို့ရှိရင် ခန္ဓာရှိနိုင်တဲ့ထုံမှာ အောင်တာနဲ့ အရှင်မထွက် နိုင်ဘူးလို့ အဘပြောတယ်။ ထုံနဲ့ ပတ်သက်လာရင်ထုံဟာ အမျိုးမျိုးရှိတယ်၊ မီးထုံတို့ ရေထုံတို့ လေထုံတို့ အမျိုးမျိုးရှိတယ်၊ ဘုရားအလောင်းဟာ ယုန်မင်းဘဝမှာ မီးထုံကို အောင်ခဲ့တယ်။ မီးထုံအောင်တယ်ဆိုတာ မီးထဲဆင်းရင် မီးငြိမ်းမှမီးထုံအောင်တယ် လို့ဆိုတာ။ ရေထုံကတော့ ရေထဲမှာ နစ်မသေမှ အောင်တာဘဲ။ ရေထုံကို ပြည်ရွှေဆံတော်က

ထွက်သွားတဲ့ ပထမဦးအောင်က အောင်ခဲ့တယ်ကွဲ့။ အထူးမှတ်သား ထားဘို့ကတော့ ထုံ (၄)နည်းကို အပြီးတိုင် အောင်မြင်ခဲ့တဲ့ သူတွေ ကတော့ အဘဗလသိဒ္ဓိရှင်နဲ့ အဘပဲရှိပါတယ်... ဒီကနေ့ ဝိဇ္ဇာ လောကမှာ ပေါက်ဆရာ (၆၉) ဦးရယ်လို့ရှိပါတယ်။ ဒီအထဲမှာ (၁၄) ဦးက အရှင်ထွက်ဖြစ်ပါတယ်။ (၁၄) ဦးက အုပ်ချုပ်သူတွေ ဖြစ်ပါတယ်။ ဒီထဲမှာက ဘိုးဘိုးအောင်က ဝိဇ္ဇာလောကမှာ ဘုရင် တစ်ဆူပါပဲကွဲ့။ ဘိုးဘိုးအောင်ဆိုတာ ပုဂ္ဂိုလ်နာမည် မဟုတ်ဘူး။ ဝိဇ္ဇာအစ သမထတဲ့။ သာသနာအစ သထုံကတဲ့။ ဗမာပြည်မှာ သာသနာ ဝိဇ္ဇာလောကမှာ အစပျိုးခဲ့တာ သထုံကဘွဲ့ကွဲ့။ ဆရာရင်း ကတော့ ရှင်အရဟံ ရဟန္တာမထေမြတ်ကြီး ဖြစ်ပါတယ်။ ဆရာ တော်ရဲ့ဩဝါဒအရ ထွက်ရာလမ်းကို ပေါက်မြောက်အောင်ထွက် ခဲ့တဲ့ တပည့် (၂) ဦးရဲ့ လမ်းညွှန်မှုနဲ့အတူ ဒီကနေ သာသနာ့ဝိဇ္ဇာ လောကမှာ ပေါက် ဆရာ (၁၆) ဦးနဲ့ ပေါက်ဆရာ (၆၉) ဦးရယ်လို့ ပေါ်ထွက်လာတာ ရှိပါတယ်။ ဝိဇ္ဇာအစ သမထ ဆိုတဲ့စကားရဲ့ အစဉ်ယှာ အဘပြော ပြပါဦးမယ်။ “သ-မ-ထ” ဆိုတဲ့ စကားကို စကောက်ရမည်ဆိုရင် “သ” ဆိုတာက “သိဒ္ဓိ”. “မ” ဆိုတာက “မဟိဒ္ဓိ” ကွဲ့။ “ထ” ဆိုတာက “အထမြောက် အောင်မြင်ခြင်း” ပါဘဲ။ ဒီတော့ သမထလုပ်တယ် ဆိုရင် ဝိဇ္ဇာစရဏ ဆိုတဲ့စကားမပါရင် မဖြစ်ဘူး။ ဝိဇ္ဇာဖြစ်ဖို့ စရဏကို လိုက်နာကျင့်သုံးမှဖြစ်မယ်။ စရဏ

ဆိုတာ သူသိပ်လောရာသစ္စာ မှ သဒ္ဓ အရှုပရှင်စတေက လို့ဆိုပါ တယ်။ ဒီစရဏ (၁၅) ပါးနဲ့ ပြည့်စုံရင် သမာဓိဆိုတဲ့ သမထဟာ ပြီးမြောက်တော့တာပဲကွဲ့။ ဒီကနေ့ လူ့လောကမှာ ပြောလေ့ပြောထ ရှိတဲ့စကားကိုပြောရရင် "ဝ" မရှိဘဲနဲ့ "ဝိ" မလုပ်နဲ့တဲ့။ လောကီထွက်ရပ် လမ်းရှာနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ အင်္ဂ္ဂါဆိုတဲ့ အချက်ကိုလိုက်နေကြတယ်။ တစ်ခါ တေဇောတလုံး ပေါက်ရင် နိဗ္ဗာန်အထိ ပြီးတယ်လို့ ဆိုကြပြန်တယ်။ အင်္ဂ္ဂါနဲ့ တေဇောဟာ အတူတူပါဘဲ။ အင်္ဂ္ဂါဆိုတာ တနင်္ဂနွေနဲ့ စနေပါဘဲ။ ဂဏန်းသင်္ချာ အားဖြင့် "တစ်" နဲ့ "ခုနှစ်" ပေါ့။ နှစ်ခု တွဲရင် (၁၇) ဘဲပေါ့။ ဒီတော့ဗျည်း (၃၃) လုံးမှာ တစ်ကစ ရေတွက် သွားတော့ (၁၇) လုံးမြောက် ဗျည်းဟာ "ထဆင်ထူး" အက္ခရာ ဖြစ်ပါတယ်။ "ထဆင်ထူး" ဆိုတာ "ဝ" နှစ်လုံးကို ပူးထားတာဘဲ ဒီ "ထဆင်ထူး" အက္ခရာ ထောင်လိုက်ရင် "ဝိ" ဖြစ်သွားတာပေါ့။ ဒီတော့ သမထပြီးမြောက်ရင် "ဝိ" ပညာရဲ့ အဓိပ္ပါယ်ကတော့ အထူးထူး အပြားပြားသော ဉာဏ်ပညာဖြင့် သစ္စာလေးပါးကို သိအောင် ကြိုးစားရင်း နိဗ္ဗာန်ကို မျက်မှောက်ပြုကြရမှာ အမှန်ပါပဲ။ ကိုင်း ဒီတော့ အဘပြောချင်သေးတာက 'ထွက်'ဆိုတာ (၃၁) ဘုံခေါ် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်တာလို့ ခေါ်တယ်။ ဒီတော့ (၃၁) ဘုံ သံသရာက ဘာလဲဆိုတော့ အောက်သံသရာဆိုတဲ့ အပါယ် (၄)

ဘုံ၊ အလယ်သံသရာဆိုတဲ့ လူဘုံနဲ့၊ နတ်ဘုံ (၆) ထပ်၊ အထက်သံသရာက ဗြဟ္မာ (၂၀) အဲဒီလိုပေါင်းလိုက်တော့ (၃၁) ဘုံပဲ။ ဒီ (၃၁)ဘုံမှာ ဘယ်ကစထွက်မယ်ဆိုရင်ဖြင့် အောက်သံသရာလို့ခေါ်တဲ့ အပါယ် (၄) ဘုံက လွတ်အောင် ပထမဦးဆုံး စထွက်ရမှာပဲ။ နောက် အလယ်သံသရာကထွက် ရမယ်။ နောက်အထက်သံသရာမှ လွတ်မြောက်အောင် ထွတ်နိုင်မှ ထွက်ရပ်လမ်းအမှန်ပြီးဆုံး ရပ်နားသွားတာပဲ။ အဲဒါကိုသိထားကြပါ။ မြတ်စွာဘုရားက "ချစ်သားအာနန္ဒာ ရုပ်နာမ် (၂) ပါးဆိုတဲ့ လောကကြီးမှာ အတ္တဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အသက်လိပ်ပြာမရှိဘူး။ အတ္တမရှိတဲ့အတွက် အတ္တဆိုတဲ့ ငါပိုင် ပစ္စည်းမဟုတ်။ ငါဟာလည်းမဟုတ်။ သူတစ်ပါးဟာလည်း မဟုတ်။ ဒါကြောင့် ရုပ်နာမ်ဆိုတဲ့ လောကကြီးကို သုညတ (ဝါ) သုညလို့" ငါဘုရားဟောတော်မူခဲ့တယ်။ အဘရဲ့ သားတို့ဟာ ပညတ်၊ ပရမတ်တရားတို့၏ သဘောတရားကို ကွက်ကွက် ကွင်း ကွင်း။ ရှင်းရှင်းလင်းလင်းနဲ့ ဉာဏ်အမြင်ပေါက်အောင် ကြိုးစားမှ သုညဆိုတဲ့ 'ဝ' တစ်လုံးကို ရမယ်ကွဲ့။ အဘကပညတ်နဲ့ ပရမတ် သဘောတရားကို အကျဉ်းချုံးပြီး ပြောပြဦးမယ်။ ပညတ် ဆိုတာ စိတ်ထင်တဲ့ပါးစပ်က ပြောဆိုသမျှ အားလုံးဟာ လုံးဝမရှိတဲ့တရားလို့ အကျဉ်းချုံးမှတ်ထားကြ။ သင်္ခတ နယ်မှ ပရမတ်ဆိုတာက အမှန်ရှိတဲ့စိတ်၊ စေတသိတ်ရုပ်

(သို့) ခန္ဓာငါးပါး အဟုတ်တကယ်ရှိတဲ့ တရားလို့ သိထားကြပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အမှန်ဖြစ်လို့ ဖြစ်ပျက်မှုသဘောရှိတယ်။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ အတ္တ ဇီဝ တကယ် မရှိဘူး။ ပုံသဏ္ဌာန်ဖြပ်လည်း မရှိဘူးကွဲ့။ အတ္တမရှိတဲ့အတွက် ငါပိုင်ပစ္စည်း လည်းမရှိဘူး။ ဒါကြောင့် သစ္စာနယ်မှာ ဘာဆိုဘာမှ မရှိလို့ သုညသက်သက်ဖြစ်တယ်လို့ ပေါ်လာတယ်ကွဲ့။ အသစ္စာနယ်မှာ ပရမတ်ဆိုတာက ရုပ်နာမ်မရှိ (သို့) ခန္ဓာငါးပါးမရှိ။ ခန္ဓာငါးပါး မရှိလို့ ဖြစ်မှုပျက်မှု မရှိဘူး။ ပြီးတော့ ခံစားမှုဆိုတဲ့ ဝေဒနာက သုခ မျိုးလည်း မရှိဘူး။ ဘာရှိလဲဆိုတော့ ဒါတွေကို အေးငြိမ်းနေတဲ့ သန္တိသုခ ရှိတယ်။ အဲဒါ နိစ္စဖြစ်တယ်။ နိစ္စဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုတာ မရှိဘူး။ ဒါကြောင့် အနတ္တပြီး အနတ္တဖြစ်လို့ သုညတ (သို့) သုည သက်သက်ဖြစ်ပါတယ်။ သုညဖြစ်တော့ အသစ္စာနယ်က ‘ဝ’ တစ်လုံး ပေါ်လာတာပဲ။ ဒါကြောင့် နိဗ္ဗာန်ကို သုညတလို့ ဆိုတာဘဲ။ ဒီတော့ သစ္စာပရမတ်နယ်က သုညတစ်လုံး၊ အသစ္စာနယ် ပရမတ်နယ်ကလဲ သုညတစ်လုံး ပေါ်လာတယ်။ ဒီသုည (၂) လုံးကို ပူးတွဲလိုက်တော့ “ထ” ဆင်ထူး အက္ခရာ ဖြစ်လာတယ်။ အဲဒီထဆင်ထူးကို ထောင်ကြည့်လိုက်တော့ ဝိဖြစ်လာတော့တာပါပဲ။ အဲဒီလို အသိဉာဏ်ပေါက်ရောက်ရင် မင်းတို့တတွေဟာ ဝိဇ္ဇာ ဖြစ်တော့ အဘတို့နဲ့ လက်တွဲပြီး သာသနာပြုနိုင်တာပေါ့။ ဒါကြောင့် အရဟတ်မသိ

ဝမ်ရှိ ဝိနည်းမဖြစ်နိုင်လို့ ဆိုတာပဲကွဲ့။ ကဲ ရှင်းကြ ပြီလား။ ရှင်းလို့ ရှိရင် ဝိဇ္ဇာလမ်းကို ဆက်ပြီးပြောကြဦးစို့ ခေါင်ဆိုတဲ့ ပုဂ္ဂိုလ် မှန်ရင် အဝင်အထွက်စခန်းအကြောင်းနဲ့ ဂြိုဟ် ဖြစ်စဉ် အကြောင်း တို့ကို ပိုင်ပိုင်နိုင်နိုင် ပြောနိုင်ရမယ်ကွဲ့။ ဘယ်ဂြိုဟ်မှာ ဘာရှိတယ် ဆိုတာ မှမသိရင်၊ ကိုယ်လုပ်တာ ဘာရမယ်ဆိုတာမသိဘူး။ ဒီကနေ့ လူအတော်များများ အဓိဋ္ဌာန်စခန်းတွေ ဝင်နေကြတယ်။ အဲဒီလိုဝင်ပြီး ကိုယ်မှာ ဘာပညာရတယ်ဆိုတာ မသိကြဘူး။ ဂြိုဟ် (၈) ခွင်ကို သိဖို့လိုတယ်။ (၈) ခွင်သိမှသာ အဲဒီပေါက်ဆရာကြီးများနဲ့ သာသနာဝိဇ္ဇာဓိုရ်ကြီးများရဲ့ စောင့်ရှောက်မှုကို ရတယ်။ ထိုပုဂ္ဂိုလ်ကြီးတို့ရဲက စောင့်ရှောက်မှုကို ရမှလဲ အလုပ်စခန်း အဆင့်ဆင့်တို့ဟာ အနှောင့်အယှက်မရှိဘဲနဲ့ အောင်မြင်နိုင်ကြတယ်။ ဒီကနေ့ ကမ္မဋ္ဌာန်း ဝင်ပြီး ရူးသွားတဲ့ လူတွေအများ ကြီးဘဲ။ တချို့ကြတော့လဲ အဓိဋ္ဌာန်စခန်းတွေကို တစ်ဆင့်ပြီး တစ်ဆင့် ဝင်နေကြတာဘဲ။ ဒါပေမဲ့ လည်း ဘာမှမထူးခြားဘူးကွဲ့။ ထူးအောင်လုပ်မှ ထူးပါတယ်။ အဝင်အထွက်တတ်မှလည်း ထူးထာပဲ။ ဗမာပြည်သား သာသနာပြုနာမည်ကျော်ပုဂ္ဂိုလ်ကြီး တစ်ဦးဟာ အဝင်အထွက် မှားခဲ့လို့ ထွက်ရပ်လမ်းမရောက်ဘဲ ဓာတ်ပိုင်းဆိုင်ရာကို ရောက်သွားတယ်။ ဗလသိဒ္ဓိနဲ့ အဘတို့သာ အဝင်အထွက်စခန်းကို ပြကြပါတယ်။ ထွက်ရပ်လမ်းနဲ့ ထွက်ရပ်စခန်းကို လမ်းညွှန်ပြပြီး လက်တွဲခေါ်ခဲ့

တာက အဘတစ်ယောက်ထဲဘဲ ရှိတယ်။ အဘနဲ့တွေ့ချင်ရင် ဝိဇ္ဇာ စရိုက် ဂန္ဓာမိဆိုပြီး ဝိဇ္ဇာတွေကို မကိုးကွယ်ကြပါနဲ့ မှာလိုက်မယ်။ ကိုးရင်ကွယ်ကြမှာဘဲ။ သတိထားကြ။ ပုဂ္ဂိုလ်ဝိဇ္ဇာကို ရှာရင် ပါရမီ စခန်းနဲ့ ကျွတ်တမ်းဝင်ဖို့လမ်းကို အခြေခံပြီး ရှာရင်တော့ ပုဂ္ဂိုလ် ထူးဟာ အိမ်တိုင် ရာရောက် ရောက်လာပါလိမ့်မယ်။ အဲသတင်း ကြွယ်တာနဲ့ လိုက်ရှာရင် ဝိဇ္ဇာအညာ အတုတွေနဲ့ တွေ့နေမယ်။ လူတွေက ပြောကြတယ်။ ကမ္မဋ္ဌာန်းဘာဝနာကို ပွားများ အားထုတ် ချင်ပါတယ်တဲ့။ ဒါပေမဲ့ ဝမ်းရေးက မဖူလုံသေးတော့ မလုပ်နိုင် သေးဘူးတဲ့။ အဲဒီလို လူတိုင်းကပြောကြတယ်။ စီးပွားရေး အဆင် ပြေရင် အဆင်ပြေအောင် လုပ်မပေးရင်တော့ဖြင့် ကမ္မဋ္ဌာန်း ဝင်ရင် ရမယ်ပေါ့။ ဒီလိုပြောတော့ ပုဂ္ဂိုလ် ထူးကို ဒီလိုအပေးအယူ လုပ်လို့ မရဘူး။ အဲဒါ သတိထားကြပါ။ ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်တွေ သာသနာ ပြု ကြတယ်။ သတ္တဝါတွေကို ကယ်ကြတယ်ဆိုတာ ဒီလိုမဟုတ် ပါဘူး။ ငါးပါးသီလမြဲတဲ့လူတွေနဲ့ ကမ္မဋ္ဌာန်းဘာဝနာ အကျင့်ကို မှန်မှန်ပွားများအားထုတ်နေတဲ့ သူကိုသာ ပုဂ္ဂိုလ်တွေကတော့ စောင့်ရှောက်ကြပါတယ်။ အဲဒီလို အားထုတ်နေတဲ့သူတွေမှာ ရှေး ရှေးက အတိတ်ရဲ့ စည်းစိမ်ဥစ္စာတို့ကို အချိန်စောပြီး ရအောင် အဘတို့ ကမဟိဒ္ဓိ ပညာနဲ့သုံးပြီး ရအောင်သွင်းပေး လိုက်တယ် အဲဒီတော့ အတိတ်ပဋ္ဌာန်းက ခံစားရန်ရှိတဲ့ စည်းစိမ်ဥစ္စာတို့ကို

ရတော့တာပဲ ဘုရားအလိုတော်နဲ့ ဆန့်ကျင်ပြီး ရွှေဖြစ်စေ၊ ငွေဖြစ်စေလို့ ဒီလိုလုပ်မပေးနိုင်ဘူး။ ဘယ်ပုဂ္ဂိုလ်မဆို မထွက်ခင်က တင်ခဲ့ဖူးတဲ့ ကျေးဇူးအတုန့်အပြန် ရှိခဲ့ဘူးရင်တော့ ပြန်ပေးပါတယ်။ အဲဒီပထမဦးအောင်ဟာ သူနဲ့ ကျေးဇူးအတုန့်အပြန်ရှိခဲ့ဘူးတဲ့ သူတစ်ဦးကို ထွက်ရပ်လမ်းကို သွားပြီးမှ ငွေတမတ်ကိုပေးတယ်ကွဲ့။ အဲဒါ (၇) နှစ်ကြာတော့မှ ပြန်သိမ်းလိုက်တာတဲ့။ တစ်ချိန်က ဗမာပြည်ပုဂ္ဂိုလ်တွေ တော်တော်များများ တန်ခိုးပြခဲ့တယ်။ တန်ခိုးပြတော့ ဘုရားအလိုတော်နဲ့ ဆန့်ကျင်တာပဲကွဲ့။ ဒါကြောင့် ဝိဇ္ဇာလောကကို (၇၇) နှစ် စခန်းကစပြီး ဘုရားသာသနာအတွင်းမှာ တန်ခိုးမပြရလို့ စည်းကမ်းထုတ်ခဲ့ပါတယ်။ ပုဂ္ဂိုလ်ကျွေးတာ စားချင်ရင်တော့ အလုပ်မလုပ်ရသေးဘဲနဲ့ လခအရင်တောင်းတဲ့ လူလိုဖြစ်နေပါတယ်ကွဲ့။ တချို့လူတွေက ပြောကြတယ်။ ဓာတ်စီးပုဂ္ဂိုလ်ထံမှ စီးပွားရေး ကောင်းအောင်၊ ချဲထီပေါက်အောင် ပေးပါတဲ့။ အောင်မြင်ရင် ဘယ်လောက်လှူမယ် ဘယ်လိုကောင်းမှုပြုမယ်။ ဒါမှမဟုတ်ရင် ကမ္ဘဋ္ဌာန်းထိုင်မယ်လို့ ပြောကြတယ်။ ပုဂ္ဂိုလ်ကို ချည်နှောင်ပြီးခိုင်းတာကို လုပ်ပေးတယ်ဆိုရင်ပုဂ္ဂိုလ်တု၊ ပုဂ္ဂိုလ်ယောင်တွေပဲလို့ မှတ်ပါ။ ပုဂ္ဂိုလ်မှန်တွေက ဒီလိုချည်နှောင်လို့ မရဘူးကွဲ့... ဓာတ်စီးပုဂ္ဂိုလ်ဟာ သစ္စာမတည်ရင် သီလပျက်ရင် ဓာတ်စစ်ဓာတ်မှန်မဟုတ်တော့ဘူး။ ဓာတ်တုတွေ ဖြစ်ကြတယ်...

နတ်မှောင့်တော့ အလယ်လမိုင်း၊ အောက်လမိုင်းတွေ ဝင်နှောက် တော့တာဘဲ… အဲဒီလမိုင်းတုတွေ (၁၀၀) ပြည့်အောင်စီး ပြီးရင် ဒီဓာတ်စီးပုဂ္ဂိုလ် မကြာခင်ရှုံးသွားတော့တာဘဲ။ အေး… ဓာတ်နှင့် ပတ်သက်လာရင် ဓာတ်နှောင့်၊ ဓာတ်ဖြောက်တဲ့၊ ဓာတ် ကြောက်တဲ့၊ ဓာတ်မြူး၊ ဓာတ်ရူး၊ ဓာတ်ပူး၊ ဓာတ်စစ်၊ ဓာတ်မှန်ဆို ပြီး (၈) မျိုး ရှိတယ်။ အဲဒါမှတ်ထားကြ… ဓာတ်စီးတာနဲ့ ပတ်သက် လို့လဲဘဲ မနောစီး၊ ရုပ်နာမ်စီး၊ နာမ်ကိန်းစီး၊ အသားစီး၊ အသွေးစီး၊ အကြော စီးရယ်လို့ ဓာတ်စီး (၆) မျိုးရှိတယ်လို့ မှတ်ထားကြ။ အသား အသွေး အကြောစီးလာရင် ရုပ်ဝတ္ထုပစ္စည်းတို့ကို ထိုင်ရာမထရနိုင် တယ်လို့ ဓာတ်စီးပုဂ္ဂိုလ်ဟာ ကံလုံမှသစ္စာတည်မှ ဓာတ်စီး ပေးတဲ့ ဆရာ ကောင်းမှ၊ ဓာတ်စစ်ဓာတ်မှန်နဲ့ အသားစီး အသွေးစီးရယ်လို့ ရတယ်။ အဲဒီလိုဓာတ်မျိုးစီးတဲ့ လူဟာ ကနေ့ အများတွေ့နေရတဲ့ ဓာတ်စီးပုဂ္ဂိုလ်တွေလို စီးပွားရေးအတွက်၊ ကြီးပွား ရေးအတွက်၊ ဗေဒင်ယတြာစသည့်တို့ ပြုလုပ်ပေးခြင်း မရှိပါဘူးကွဲ့။ ဝိဇ္ဇာစရဏ အကျင့်မှန်အောင် လမ်းညွှန်ပေးမှုကိုပဲ အများဆုံး တွေ့ရပါတယ်။ ဒါကြောင့် လူတွေဟာ ပုဂ္ဂိုလ်စစ် ပုဂ္ဂိုလ်မှန်ရဲ့ ဓာတ်စစ် ဓာတ်မှန်ကို သိရအောင် အဘကပြောခဲ့တယ်။ ကိုင်းမှတ်ထားကြ။ လူကို မကြည့်နဲ့ မူကိုကြည့်ကြကွဲ့၊ ဒါမှ ပုဂ္ဂိုလ်နဲ့ပတ်သက်လာရင် အစစ်အမှန်ကို မင်းတို့သိရမှာပဲ။ ကဲကဲ တော်ကြဦးစို့…

ပုထုဇဉ် လူနတ်သတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ...၊ အမှောင်မာတ်ပျောက်၍ အလင်းဓာတ်များ ရကြပါစေ...၊ အမှားတရားပျောက်၍ အမှန်တရားများရကြပါစေ...၊ လောဘ၊ ဒေါသ၊ မောဟတရားများ နည်းပါးအောင် ကျင့်သုံးနိုင်ကြပါစေ...၊ လူတိုင်းလူတိုင်း မေတ္တာတရားများ ထားရှိနိုင်ကြပြီး သာသနာပြုနိုင်အောင် သော့တာပန် တည်ကြပါစေလို့ အဘကမေတ္တာပို့လိုက်ပါတယ်။


ဘိုးမင်းခေါင်

(လွန်ခဲ့သော နှစ်ပေါင်းများစွာကဒေးစွန်ပါ အဓိဋ္ဌာန်စခန်း၌ ဂန္ဓာရီအရှင်သူမြတ်တစ်ပါးမှချီးမြှင့်ခဲ့သော ဓမ္မဒါန(လက်ကမ်း)မှ အဘ၏ ဩဝါဒလမ်းညွှန်မှု)


ဘောင် နမော ဗုဒ္ဓါယ သိဒ္ဓံ


ဘုန်းတောဇ


၂၇ရက်၊ ဧပြီလ၊ ၂၀၁၃။











# ဘိုးတော်အောင်မင်းခေါင်

နှင့်

# ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်း

ဘုန်းတေဇ